www.burmeseclassic.com

# ဆုမြတ်မွန်မွန်


## အဆင့်မြင့်ရည်းစားစကား




www.burmeseclassic.com

www.burmeseclassic.com







# သုမြတ်မွန်မွန်

## အဆင့်မြင့်
## ရည်းစားစကား



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

# ၁

ကျိုင်းသည် ကောင်တာမှာ လက်ရေချိုကို ရွေးပြီးတာ [illegible] လက်ကိုင်ကိုင်းကို ဆွဲကာ ပေါ့ပါးသော ခြေလှမ်းများနှင့် [illegible]မ်းလာခဲ့သည်။ တခြားလူတွေက လာကြိုသူကို ရှာသူကရှာ။ [illegible]ကြိုသူတွေက လှမ်းအော်လိုအော်၊ အချင်းချင်း တွေ့ဆုံသွား[illegible]ပြီး အော်ဟစ်ပွေ့ဖက်ကာ နှုတ်ဆက်သူက နှုတ်ဆက်။ အသံ[illegible] ဝေစည်ကာ ပျားပန်းခတ် လှုပ်ရှားနေကြသည်ကို ကျိုင်းက [illegible]ာတကျနှင့် ပြုံးကာကြည့်ရင်း ဖြည်းဖြည်းချင်းပဲ လျှောက်[illegible]သည်

---

www.burmeseclassic.com



လူတွေ ... လူတွေ ဆုံတွေ့မှုမှာ ပျော်ရွှင်တက်ကြွ နေသလောက် ခွဲခွာမှုမှာကျတော့ ဘာကြောင့် တိတ်ဆိတ်ကြေကွဲ တတ်ကြတာလဲ။ ကျိုင်းကတော့ ခံစားမှုတွေနှင့် ဆောင်နည်းနည်း လွှတ်သူဟု ပြောဍ်ရမည်ထင်သည်။ ကျိုင်းသည် ကိုယ့်အတွေး နှင့်ကိုယ် လျှောက်လာတုန်းမှာပဲ လူတစ်ယောက်ရဲ့ အလောတကြီး ဝင်တိုက်မှုကို ခံလိုက်ရသည်။

"အား"

ပခုံးတစ်ဖက်ကို နာအောင် တိုက်ချလိုက်သည်မို့ ကျိုင်းသည် အသံထွက်အောင်ပင် ညည်းညူသွားမိသည်။ အဲဒီလူ က ကျိုင်းကို ကပျာကယာ ပြန်လှည့်ကြည့်ကာ ...

"ဟာ ... ဆောရီး ညီမလေး ... တော်တော် နာသွား လား"

ကျိုင်းက အရေးတယူ လှည့်မေးနေသော အဲဒီလူကို အေးဆေးစွာပဲ မျက်လုံးတစ်ချက်လှန်ကြည့်ရင်း အသာခေါင်းယမ်း လိုက်လေသည်။ ပြီးတော့ ကိုယ့်လမ်းကိုယ် ဆက်သွားဖို့ပြင်သည်။



BURMESE CLASSIC .com



အဲဒီအချိန်မှာပဲ ထိုလူက ကျိုင်းရဲ့ လက်ထဲမှ လတ်ဖက်ချိုကို မြင် သွားကာ ...

"ဒီ ... ဒီမှာ ... ခဏလေး ညီမလေး၊ စင်ကာပူကလာတဲ့ လေယာဉ်က အခုမှ ဆိုက်တာလား"

"ဟုတ်တယ်"

ထိုလူက ကျိုင်းရဲ့စကားကို ကြားတော့ ရင်ဘတ်ကို လက်နဲ့ဖိလျက် သက်ပြင်းမောကြီးကို ဝူးခနဲချပြန်ဖြင့် ...

"ဟား ... တော်သေးတာပေါ့ကွာ၊ နာရီလွဲပြီဆိုပြီး ပြေး လာလိုက်ရတာ၊ ကျေးဇူးပဲကွာ"

ကျိုင်းက ကိုယ့်ထက် အနည်းဆုံး ငါးနှစ်လောက် ကြီးမည့် လူတစ်ယောက်ကို ရင့်ကျက်သော အပြုံးတစ်ခုဖြင့် ခေါင်းညိတ်ပြုံးပြကာ လှည့်ထွက်လာခဲ့သည်။

အရပ်ရှည်ရှည်မှာ အခုမှ ခေတ်စားသော ဗစ်တိုးရီး ယားဘက်ခမ်းရဲ့ နားရွက်အောက်သာသာရှိသော ဆံပင်တိုဖောင်း ဖောင်းပုံစံကို ညှပ်ထားသော ကျိုင်းကို အော့ကစ်က မှတ်မိပါ



www.burmeseclassic.com

www.burmeseclassic.com



မလားမသိ။ ကျိုင်းက အရပ်ရှည်ရှည်ကို ထပ်မြင့်ကာ အော့ကစ် ဝေ့ဝဲရှာလိုက်သည်။ ဟော ... တွေ့ပါပြီ။ အော့ကစ်ကလည် ကျိုင်းကို ချက်ချင်း မြင်သွားဟန်တူသည်။ လက်လှမ်းပြ အသာလျှောက်လာသည်။

ကျိုင်းသည် မတွေ့ရတာ ခြောက်လလောက်ပဲရှိ သော်လည်း အရင်တစ်ခေါက်လာခဲ့စဉ်ကထက် ပို၍ပိန်သွားသေ အော့ကစ်ရဲ့ ခန္ဓာကိုယ်အချိုးအစားကို သတိပြုမိသည်။ အန်တီသ ရဲ့ဘော်ဒီဟာ ဝိတ်လျှော့လို့ ပိန်နေတဲ့ပုံမျိုးလည်း မဟုတ်၊

"ဟိုင်း ... မိုင်ဒီယား အန်တီ၊ နေကောင်းတယ်နော်

ကျိုင်းရဲ့ ရွှတ်နောက်နောက် နှုတ်ဆက်ပုံကို အော့ က စိတ်မသက်မသာသော ပုံစံမျိုးနှင့် ရယ်သည်။ ကျိုင်းသ ကိုယ့်ဆီကို အော့ကစ် ဖုန်းဆက်ခေါ်စဉ်တည်းက ...

"ကျိုင်း အမြန်ပြန်လာခဲ့ပါ၊ ကျိုင်း ပြန်လာ ကေကေ မသိပါစေနဲ့၊ အကြောင်းရင်းကို ဒီရောက်မှ ပြောမ ဟူသော အော့ကစ်ရဲ့စကားကို ကြားပြီးနောက် အရေးတကြီ



BURMESE CLASSIC .com



ကြောင့်သာ ဒီလိုခေါ်ရတယ်ဆိုတာ နားလည်နေ၍ ဘာမှ ထွေ ထူးထူး မမေးတော့ပေ။ ကျိုင်းနှင့်အတူတူနေသော ဖေဖေ့ဘိုး တစ်သက်လုံးက ပြုစုစောင့်ရှောက်လာသော အ ခဲ့ရသည်။ ဆင့်ခေါ်ခြင်းဖြစ်ရာ ကျိုင်းကို အသာတကြည့်ပဲ သွား၍ ကမ္ဘာ သာမက "သမီး အန်တီသစ်ခွမှာ အရမ်းအရေးကြီးတဲ့ကိစ္စ ရှိ သာ နေမှာပေါ့၊ သမီး သွားပြီး ကူညီလိုက်ပါ"ဟုတောင် ဝ တွန်းလိုက်သဖြင့် ကျိုင်းသည် လာဖို့ ဆုံးဖြတ်ချက်ကိုသာ လျက် အန်တီသစ်ခွကို ဘာမှ အထွေအထူး ထပ်မမေးခဲ့။

"သမီး ဖေဖေရော နေကောင်းလား ကျိုင်း"

"ဟုတ် ... ကောင်းတယ် အော့ကစ်"

"အင်း ... ဒါဆို သွားကြတာပေါ့၊ အိတ်က ဒီတစ်လုံး တည်းပဲလား"

"ဟုတ်"

အော့်ကစ်က ဘာမှ ဆက်မမေးတော့ချေ။ ကျိုင်း သည် ကားပါကင်သို့ ရောက်လာလျှင် နောက်ခန်းထဲမှာ လက်ဆွဲချ



www.burmeseclassic.com

www.burmeseclassic.com



တင်လိုက်သည်။ ကျိုင်းက ရှေ့ခန်းမှာ ဝင်ထိုင်ပြီးလျှင် ဇွေ့ကစ်က ကားကို မောင်းထွက်လိုက်သည်။ ကျိုင်းသည် ကျိုင်းက ျင်လည်စွာမောင်းနေသော အော့ကစ်ရဲ့ ဘေးတိုက် အဘ င်းကာ ကိုယ့်ဘဝရဲ့ မိသားစုပုံစံအကြောင်းကို ပြန်တွေး ည်။

ကျိုင်း လူမှန်းသိတတ်စအရွယ်တည်းက အခုချိန် ိုင်ငံယာနာဆံပင် ကေတစ်မျိုးတည်းကိုသာ စွဲစွဲမြဲမြဲထားတတ် သော၊ ယခုအချိန်မှာ အသက်လေးဆယ်အရွယ်မှာ ရှိနေသော အန်တီဖြူသစ်ခွသည် ကျိုင်းရဲ့အဒေါ်အလတ်၊ တင်ပါးဖုံးသော ဆံနွယ်တထွေးကြီးများနှင့် တက္ကသိုလ်တက်ခဲ့စဉ်က မယ်ဘွဲ့များ စွာဆွတ်ခူးခဲ့ဖူးသော အန်တီကျော်နှင်းဆီ (ကေကေ)သည် ကျိုင်း ရဲ့အဒေါ် အငယ်ဆုံး။

ကျိုင်းရဲ့ မေမေမှာ ညီအစ်မသုံးယောက်တည်းတွင် ကြီးဆုံးဖြစ်လျက် ကျိုင်း တစ်နှစ်သမီးအရွယ်မှာပဲ အစာအိမ် သွေးကြောပေါက်ကာ ဆုံးပါးသွားခဲ့ရသူဖြစ်သည်။





အဲဒီအချိန်တည်းက အော့ကစ်နှင့် ကေကေသည် ကျိုင်းကို ဂရုစိုက်ကြင်နာခဲ့သူများဖြစ်သည်။ ကျိုင်းသည် အဘိုး အဘွားတွေ၊ အဒေါ်တွေ လက်ထဲမှာသာ ကြီးပြင်းခဲ့ရသည်။ ဖေဖေက မေမေ ဆုံးသွားသောအခါ လူပျိုပြန်ဖြစ်လျက် ကမ္ဘာ တ်ကာ သင်္ဘောသားဘဝဖြင့် ကျင်လည်ခဲ့လျှင် ကျိုင်းသည် အော့ကစ်တို့လက်ထဲမှာပဲ လူလားမြောက်ခဲ့ရသူဖြစ်သည်။

ကျိုင်း ဆယ်တန်းအောင်ပြီးအချိန်မှသာ စင်ကာပူ ွင် အခြေကျလျက်ရှိသော ဖေဖေ့ထံမှာ ကျောင်းသွားတက်လိုက်၊ ကျောင်းပိတ်လျှင် ရန်ကုန်ပြန်လိုက် လုပ်နေခဲ့ရာ နောက်ဆုံး ကျိုင်းသည် ဘွဲ့တစ်ခုရခဲ့လျှင် ဖေဖေ့ရဲ့ကုမ္ပဏီမှာပဲ အလုပ်ပြန်ဝင် လုပ်နေခဲ့ရာမှ မြန်မာပြည်သို့ ပြန်ရောက်ခဲ့သည်မှာ ဘယ်လောက် မကြာသေး။

အခု အော့ကစ်က အရေးတကြီးဆင့်ခေါ်၍ ကျိုင်း ပြန်ရောက်ခဲ့ရတာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အော့ကစ်တို့ စားရင်းသောက်ရင်းနဲ့ အေးအေးဆေးဆေး စကားပြောကြတာပေါ့ ကျိုင်း"

ကျိုင်းသည် ဆောင်းဘီရှုခင်းတွေကို ငေးရင်းမှ ဘယ်လောက်မျောပါလာသလဲတောမသိ။ မီလျှံကျိုင်ရှေ့မှာ အော့ကစ်က ကားရပ်ပြီး ပြောလိုက်တော့မှပင် အောက်ဆင်းဖို့ သတိရသည်။ ဆိုင်ထဲသို့ရောက်လျှင် အော့ကစ်က ကျိုင်းပဲမှာလိုက်ပါဟု ပြောရင်း တစ်နေရာသို့ ငေးကာနေလျှင် ကျိုင်းသည် ခေါင်းကို ခါယမ်းမိလေသည်။

အမြဲတစေ ပျော်ရွှင်စွာနေတတ်သူ၊ ကျိုင်းတို့နှင့် လယ်ဗယ်လိုက်ကာ ခေတ်နှင့်အညီ ဟော့ရှော့နေတတ်သူ၊ မသိလျှင် ကေကေနှင့်ရွယ်တူ။ အသက်သုံးဆယ့်ငါးနှစ်လောက်သာ ထင်ရလေ့ရှိသူ။ အော်ကစ်ရဲ့ ဒီလို မှုန်တေတေပုံစံကို ကျိုင်း တစ်ခါမှ မမြင်ဖူးချေ။

ကျိုင်းကို အရေးတကြီးဆင့်ခေါ်ခြင်း၊ ကျိုင်းလာမှာကို ကေကေ ကြိုမသိစေခြင်းအပြင် အိမ်မှာတောင် စကားမပြောနိုင်





သောက်အောင် Serious ဖြစ်နေသော အော့ကစ်ကို ကြည့်ကာ ကျိုင်းသည် ကေကေနှင့် တစ်ခုခုတော့ ပတ်သက်နေပြီ ဆိုတာကို မိတော့ ရိပ်မိနေပြီဖြစ်သည်။

"ကဲ ... အော့ကစ်။ ကျိုင်းကို ပြောစရာရှိတာ ပြောပါ၊ ဘာဖြစ်နေတာလဲ"

အော့ကစ်က လက်နှစ်ဖက်ကို စားပွဲပေါ်တွင် ယှက်ထားရင်းမှ ...

"တကယ် စိတ်တိုတယ်"

"ဟင် ... ဘယ်သူ့ကိုလဲ၊ ကျိုင်းကိုလား"

"ကျွတ် ... မဟုတ်ပါဘူးဟာ၊ မိကေမကို"

"ကေကေ့ကို !...။ ကေကေ ဘာဖြစ်နေလို့လဲ အော့ကစ်"

အော့ကစ်က စိတ်ရှုပ်နေသည့်ကြားမှာ စိတ်တိုသလို ဖြင့် ကျိုင်းကို တစ်ချက်ကြည့်သည်။ ကျိုင်းက အော့ကစ်ကို ည်သည်းခံကာ နားလည်သောမျက်နှာဖြင့် ပြန်ငေးနေသည်မို့ ကစ်က သက်ပြင်းကိုအသာချကာ စိတ်လျှော့လိုက်ဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျိုင်း"

"ဟုတ် … ပြော အော့ကစ်"

"သမီးကို အော့်ကစ်ရော ကေရော ဘယ်လောက်ချစ်တယ် ဆိုတာ သမီး သိတယ်နော်၊ ငယ်ငယ်ကတည်းက မိတဆို လေးမို့ သနားလို့ အချစ်ပိုခဲ့တဲ့အပြင် သူများနော မကျန်ခဲ့ရလေအောင် စိတ်ဓာတ်ရေးရာကအစ ဂရုတစိုက် စောင့်ရှောက်မွေးမြူခဲ့တယ် …

အရွယ်ရောက်လာတဲ့အခါမှာလည်း လွတ်လပ်ခွ ပေးပြီး သမီး စိတ်ချမ်းသာသလို နေစေခဲ့တယ်၊ သမီးရဲ့ အကြံဉာဏ်ကအစ အလေးထားခဲ့တယ်"

ကျိုင်းက အော့ကစ်ရဲ့ စကားကို ထောက်ခံသ ခေါင်းတစ်ချက်ညိတ်ပေးလိုက်သည်။ အော့ကစ်ရော၊ ကေကေ ဟာ ကျိုင်းကို သူတို့တူမ ဆိုတာထက် ညီမတစ်ယောက်လို ချ ခင်ယုံကြည်ခဲ့ကြတာဖြစ်သည်။ ကျိုင်းဟာ သူတို့ ဖျော်လင့်သ သွက်သွက်လက်လက် ထက်ထက်မြက်မြက်လေး ဖြစ်ခဲ့သည်





အော်ကစ်ကဆိုလျှင် ဘာမဆို ကျိုင်းကိုမှ တိုင်ပင်နေကြ။ ကျိုင်းရဲ့ အကြံဉာဏ်ကို ယူနေကြ။

အခုရော ဘာအကြံဉာဏ်များ ယူဦးမလို့ပါလိမ့်။

"ကျိုင်း … သမီးမှာ ရည်းစားရှိပြီလား"

ကျိုင်းသည် ဘာများပြောလိမ့်မလဲဟု အမျှော်လင့် ကြီး မျှော်လင့်ထားကာမှ ကောက်ကာငင်ကာ မေးလိုက်သော အော့ကစ်ရဲ့စကားကြောင့် ရှုံ့မဲ့လို့သွားရလေသည်။

"အော့ကစ်ကလည်းကွာ အဲဒါကို မေးဖို့ ဒီကိုပြန်ခေါ်တာ လား"

"ကဲ … ငါ မေးတာသာ ဖြေစမ်းပါ"

"မရှိပါဘူး အော့ကစ်ရာ"

"ဟုတ်ပြီ၊ တကယ်လို့ ချစ်သူရည်းစားထားမယ်၊ ဘဝ အတွက် အိမ်ထောင်ဖက်ရွေးမယ်ဆိုရင် ကိုယ့်ထက် ဆယ် နှစ်ငယ်တဲ့ ယောကျ်ားတစ်ယောက်ကို ရွေးချယ်မှာလား ကျိုင်း"



www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းသည် စိတ်ပျက်လက်ပျက်ဖြင့် စိတ်ပျက်လျှင် လုပ်နေကြဖြစ်သည့်အတိုင်း မျက်လုံးပြူး၊ မျက်နှာက အကြောများကို နှာခေါင်းမှာ လာစုကာ နှုတ်ခမ်းကို ချွန်ထော်ပစ်လျက်၊ မျက်နှာတစ်ခုလုံး ရှုံ့ပြုပစ်ချင်စိတ်ကို အတော်ပဲ ထိန်းချုပ်ထားရလေသည်။ အဲဒီပုံစံလုပ်ပြလျှင် အော့ကစ်ကား လုံးဝမကြိုက်။ နှင်မို့ ရှာရှာဖွေဖွေ။ နှင့် မျက်နှာမြန်မြန်အိုမယ်ဟု အမြဲပြောတတ်သည်။

ကျိုင်းဟာ မျက်နှာကို ကြည့်လိုက်တော့လည်း အတည်အတံ့မေးနေသော အော့ကစ်မှာ အကြောင်းရင်းတစ်ခုခုတော့ ရှိမှာပါလေဟူသော အတွေးဖြင့် ခေါင်းကို ယမ်းပြကာ ...

“မရွေးပါဘူး အန်တီသစ်ခွရယ်၊ ဆယ်နှစ်မပြောနဲ့ ငါးနှစ်ကွာတာတောင် ကျိုင်း မရွေးဘူး”

အော့ကစ်ရဲ့ မျက်လုံးတွေက အရောင်တဖျပ်ဖျပ်လက်ကာ တောက်ပသွားကြလေသည်။

“သေချာသလား ကျိုင်း။ လူတွေအားလုံးကို မျက်ကန်းဖြစ်ပါစေတယ်ဆိုတဲ့ အချစ်ဆိုတာကြီး ပါလာရင်ရော”





ကျိုင်းက မျက်နှာကို နောက်သို့ လှန်ပစ်ရင်းမှ ...

“အိုး ... ကျိုင်းနဲ့ ဆယ်နှစ်ကွာတဲ့ ယောကျ်ားဟာ ကျိုင်းအတွက်တော့ ကလေးပီစိပဲ၊ နှပ်ချေးပဲ အော့ကစ်။ မျက်လုံးထဲမှာ ကလေးလိုမြင်နေတဲ့ ငမျောက်ငချောက်လေးကို ကျိုင်းက ဘယ်မှာလာပြီး အချစ်စိတ် ဖြစ်ထွန်းလိမ့်မလဲ”

ကျိုင်းရဲ့ အဖြေစကားတွေကြောင့် အော့ကစ်ရဲ့ မျက်နှာမှာ တဖြည်းဖြည်း ပြုံးလာသည်မှာ ရောက်စကနှင့်တော့ အော့ချေ။ ဘယ်လိုဖြစ်တာပါလိမ့်။

“အေးပေါ့ ... ကျိုင်းက အခုမှ နှစ်ဆယ့်သုံးနှစ် ဆိုတော့ ကျိုင်းနဲ့ ဆယ်နှစ်ကွာတဲ့ ကောင်လေးဟာ ဆယ့်သုံးနှစ် ငမျောက်ငချောက်လေးပေါ့၊ ကလေးသာသာပဲရှိဦးမှာပေါ့ ...

ဒါပေမဲ့ ကျိုင်းက အသက်သုံးဆယ်အရွယ် ကောင်လေးက ကောင်းကောင်းလှလှလားမြောက်တဲ့ အသက်နှစ်ဆယ်အရွယ်မှာဆိုရင်ရော သူ့ကို ကျိုင်း စဉ်းစားမှာလား”-



www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းရဲ့ မျက်နှာက အောင့်ကစ်ကို ရယ်ချင်လာစိ

ဖြင့် စပ်ဖြဲဖြဲ ဖြစ်လို့လာသည်။

"မစဉ်းစားဘူး အောင့်ကစ်ရယ်၊ အောင့်ကစ် ကျိုင်းကို ဘ

ဖြစ်လို့ ဒီလိုမေးခွန်းတွေ မေးနေလဲဆိုတာတော့ ကျိုင်

နားမလည်ဘူး ...

ဒါပေမဲ့ သေချာတာတစ်ခုကတော့ ကျိုင်းဘဝ

ကိုယ့်ထက်ငယ်တဲ့ ယောကျ်ားတစ်ယောက်ကို အိမ်ထော

ဖက်အဖြစ် ဘယ်တော့မှ ရွေးချယ်မှာ မဟုတ်ဘူးဆိုတာ

အောင့်ကစ်ရဲ့ နှုတ်ခမ်းတွေက ထူးခြားစွာ ပြုံးသ

ကြသည်။ တလက်စတည်းမှာပဲ ကျိုင်းရဲ့ လက်ဖဝါးတစ်ဖက်

လာရောက်ဆုပ်ကိုင်လျက် ...

"ဘာကြောင့် ကိုယ့်ထက်ငယ်တဲ့ ယောကျ်ားတစ်ယောက်

ကျိုင်းက မရွေးချယ်ချင်ရတာလဲ"

"ဘာကြောင့် ... အင်း ... ဒီလိုရှိတယ်လေ၊ ဒီခေတ်ထဲ

တစ်နှစ် နှစ်နှစ်ကွာတာကတော့ မြင်ရုံနဲ့ မသိသာကြ





ဘူးလေ၊ အဲဒီလောက် ဆိုရင်တောင် ကျိုင်းက တစ်မျိုးစဉ်း

စားဦးမှာ၊ လုံးဝပစ်ရက်စရာမရှိဘူးဆိုမှ ...

လေးငါးနှစ်ငယ်တာကျတော့ သိသာသွားပြီ။ လက်

မခံနိုင်တော့ဘူး၊ အရည်အချင်းအားဖြင့်တော့ တော်ရင်လည်း

တော်နေမှာပါ၊ ဒါပေမဲ့ ကျိုင်းက ငယ်တာကို မကြိုက်တာ"

"ကိုယ့်ထက်လည်း ဆယ်နှစ်ငယ်မယ်၊ ကိုယ့်လောက်လည်း

မတော်ဘူး၊ ကိုယ့်လောက်လည်း မချမ်းသာဘူး၊ ဒါတင်

မကဘဲ ကိုယ့်ကို မှီခိုချင်လို့ သိုက်တူးချင်လို့ အပိုင်ကြံတဲ့

ယောကျ်ားမျိုးဆိုရင်ရော ကျိုင်း လက်ခံနိုင်မှာလား"

"ဩော် ... အောင့်ကစ်ရယ်၊ မေးမှမေးရက်တယ်၊ ဒီလိုလူမျိုး

ကိုတော့ လှည့်ကြည့်နေစရာတောင် မလိုတော့ဘူးပေါ့"

"ဒါပေမဲ့ ကေကေက ဒီလိုလူကို အိမ်ထောင်ဖက်အဖြစ်

ရည်ရွယ်ထားသတဲ့ ကျိုင်း"

ကျိုင်းသည် ရေသောက်မလို့ ရေဖန်ခွက်ကို လှမ်း

ပါးစပ်နားအရောက်မှာပဲ ရေကို ဆက်မသောက်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အော့ကစ်ကို အံ့အားတကြီး စိုက်ကြည့်နေမိသည်။ အော့ကစ်က လည်း ကျိုင်းကို တန်ပြန်စိုက်ကြည့်နေကာ မျက်လုံးတွေကတော့ တစ်ခုခုကို အခဲမကျေရိပ်ဖြင့် တလက်လက် စူးရှနေလေသည်။

ကျိုင်းရဲ့ မျက်ဝန်းထဲက အမေးတွေဖြစ်သော တကယ်လား၊ ဟုတ်လို့လား၊ မယုံနိုင်စရာပဲ စသော အတွေးတွေ ကို အော့ကစ်က အလိုလိုသိနေဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။

"ဒါဆို အော့ကစ် ကျိုင်းကို လှမ်းခေါ်တာ"

"ဟုတ်တယ် ကျိုင်း၊ အဲဒီကိစ္စကြောင့်ပဲ ကျိုင်းကို အော့က လှမ်းခေါ်တာ၊ အခု အန်တီ့အနားမှာ တိုင်ပင်ဖော်တိုင်ပ ဖက် ဘယ်သူမှ မရှိဘူး၊ ကျိုင်းကလွဲပြီး အော့ကစ် နားလည်ပေးမယ့်လူ ကူညီပေးမယ့်လူ မရှိဘူး၊ အော့က တကယ်ကို ရူးချင်နေပါပြီ ကျိုင်းရယ်"

အော့ကစ်က တကယ်ပဲ စိတ်ထိခိုက်လာဟန်ဖြ နဖူးကို လက်နှင့်ထောက်ကာပြောလိုက်လျှင် ကျိုင်းသည် အော့က





ကို အတော်ပဲ သနားကရုဏာသက်လို့ သွားရလေသည်။ က်လုံးထဲတွင် အရည်တဖျပ်ဖျပ် လဲ့ဖြာနေသော ကေကေရဲ့ င်းအိ နက်စိုနေသည့် မျက်ဝန်းကြီးများကို မြင်ယောင်လာမိ သည်။

တစ်သက်လုံး ချစ်သူရည်းစား မထားခဲ့ဖူးတဲ့ ကေ၊ ယောကျ်ားတွေကို သိပ်စိတ်ဝင်စားလေ့မရှိသော ကေ၊ အဲဒီကေဟာ တကယ်ပဲ သူ့ထက် ဆယ်နှစ်ငယ်ရွယ်တဲ့ကောင်လေးနဲ့ ချစ်ကြိုက် နေပြီတဲ့လား။

ဒီအတွေးကြောင့် ကျိုင်းပင်လျှင် စိတ်ရှုပ်ထွေးနောက် ကျိသွားရလေသည်။

"ကျိုင်းကို သေချာပြောပြပေးပါဦး အော့ကစ်ရယ်၊ တကယ် ပဲလား၊ ဘယ်သူလဲ ... ဘယ်ကလဲ, ... ဘယ်အချိန်က စဖြစ်တာလဲ ...

ကေ့ထက် ဆယ်နှစ်ငယ်တယ်ဆိုတော့ ကျိုင်းထက် နှစ်နှစ်ပဲကြီးတဲ့ လူတစ်ယောက်ပေါ့၊ အမယ်လေး ... ကျိုင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းလောက်ပဲ ရှိပါလား၊ ဘုရား ... လား
လား"

ကျိုင်းရဲ့ တအံ့တဩနှင့် လက်ဖျားတခါခါရေရွ
ပုံကို အော့ကစ်က သူ့လိုပဲ မခံမရပ်နိုင်သူတစ်ဦး ရှိနေပါလား
ဟူသော စိတ်မျိုးဖြင့် မျက်လုံးတွေက တလက်လက် စူးရှ
လူကပါ တောင့်မတ်၍လာသည်။ စတွေ့တုန်းက ပုံစံနဲ့ကို မ
တော့ပေ။

အော့ကစ်ရဲ့ ပုံစံသည် အခုမှ အားရပါးရ ပြောဖေ
မည့်ပုံစံမျိုးဖြင့် ...

"အော့ကစ် သိတာတော့ သုံးလလောက်ပဲ ရှိသေးတ
သူတို့ချင်းတွေ့တာတော့ တစ်နှစ်လောက်ရှိပြီလို့ ကြားတ
ကောင်လေးနာမည်က နယုန်မိုးတဲ့"

"နယုန်မိုး !...။ နာမည့်နှယ်"

ကျိုင်းရဲ့ မျက်ခုံးကြွတ်ကြွတ်အပြောကို အော
က နှုတ်ခမ်းတစ်ချက်မဲ့ပြရင်းမှ ...





"နာမည်ကလည်းဆန်းသလို လူကလည်း ခပ်ဆန်းဆန်းပဲ၊
တကုယ်ကို ကြော့လို့ မော့လို့၊ မော်ဒယ်လုပ်လို့ရတယ်"

"မော်ဒယ်လ်ဘွိုင်းလား"

"မဟုတ်ပါဘူးအေ၊ ဂရပ်ဖစ်ဒီဇိုင်နာဆိုလား ဘာဆိုလား၊
ချောက်တီးချောက်ချက်ပါ"

"အင်း ... ဆက်ပြောပါဦး၊ ကေနဲ့ အဲဒီ နယုန်မိုးနဲ့ ဘယ်
မှာတွေ့ကြတာတဲ့လဲ"

"တွေ့တာတော့ ကေ့ရဲ့ ကုမ္ပဏီကိစ္စကြောင့်ပဲပေါ့၊ မဂ္ဂဇင်း
တွေမှာ ကြော်ငြာထည့်ဖို့ ဘာကိစ္စ ညာကိစ္စတွေ လုပ်ရင်း
ကနေ ပြောရင်းဆိုရင်း တွေ့သွားကြတာပေါ့၊ ဒါက
မဆန်းပါဘူး ကျိုင်းရယ်၊ နေ့စဉ်နဲ့အမျှ အပြင်ထွက်ပြီး
အလုပ်လုပ်နေတဲ့ မိန်းမတစ်ယောက်အဖို့ ယောကျ်ားကြီး
ကြီးငယ်ငယ်နဲ့ ကြုံနေရမှာပဲ ...

အဲဒါကိုမှ ဘယ်မိန်းမက အရှာအဖွေကောင်းလဲ၊
အညွှတ်အနူးလွယ်မလဲ၊ ဒါကိုပဲ လိုက်ကြည့် အမိအရဖမ်း



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ယောက်ျားတွေ တစ်ပုံတစ်ခေါင်း၊ အဲဒီ နယုန်မိုးဟ

အဲဒီလို ယောက်ျားမျိုး”

“ဩော် ... သေချာလား၊ အဲဒီလို သိုက်သမားတဲ့လား

“ကျိုင်းရယ် နင်ပဲ စဉ်းစားကြည့်စမ်းပါ၊ ဒီခေတ်ကြီးထဲ

အချောအလှ အနုအရွ မိန်းကလေးတွေပုံလို့၊ သူ့ရုပ်သူ့ရ

သူ့စတိုင်လ်နဲ့ ဘယ်လို အနုအရွ ရွေးကြိုက်မလဲ ...

ဒါကိုမှ နင့်အဒေါ် အူအရိုင်း အပျိုကြီးကို ကြိ

တာ၊ သူ့ထက် ဆယ်နှစ်ကြီးတဲ့ မိန်းမတစ်ယောက်

ကြိုက်တာ၊ ဒါ ရီးသားတဲ့ဖြစ်ရပ်တစ်ခုလို့ နင် ထင်လ

ကျိုင်း ...

နင့်ရဲ့ စင်ကာပူမှာ သုံးနေတဲ့ ဦးနှောက်နဲ့ပဲ စဉ်း

စမ်းပါဦးဟဲ့”

အော့ကစ်ရဲ့ နောက်ဆုံးစကားက ကျိုင်းကို

နက်လိုက်တာဖြစ်လေသည်။ ကျိုင်းသည် ကိုယ့်စကားနဲ့ကိ

ပြန်ခံရတာမို့ အောင့်သက်သက်နဲ့ ပြုံးနေရတာဖြစ်သည်။ တ





ဆိုလျှင် ကျိုင်းက ကိုယ်နားထင်ကို လက်ညှိုးနှင့်ထောက်ကာ ...

“ဒါ စင်ကာပူမှာ သုံးနေတဲ့ဦးနှောက်နော်”ဟု အော့ကစ်နဲ့ ကေ့ကို စကားနိုင်ထိုးခဲ့သမျှ အော့ကစ်က ကျိုင်းကို ချက်ကောင်းကိုင်လိုက်ခြင်းဖြစ်လေသည်။

“အင်း ... ဒါပေမဲ့လည်း ကေက အဲဒီလောက်တော့ မညံ့ဘူးထင်တယ် အော့ကစ်”

အော့ကစ်က ကျိုင်းကို ပြုံးမဲ့မဲ့ဖြင့် စိုက်ကြည့်လေသည်။ နဖူးရှေ့မှာ အထပ်ထပ်ဝဲကျနေသော မဟော်ဂနီရောင်ပြေးဆံပင်လှလှနှင့် အော့ကစ်သည် ကေ့ကိုလည်း အသေအလဲချစ်ရှာသူဖြစ်သည်။

ငယ်စဉ်က ဘိုးဘိုးခေါ်သည့်အတိုင်း ဖြူသစ်ခွကို အော့ကစ်၊ ကျော်နှင်းဆီဆိုသော ကေ့ကို ကျော်ဟူသော စာလုံးဆါင်းမှ ကေကို အဖျားဆွတ်ယူကာ ကေ၊ စသဖြင့် ဘိုးဘိုးခေါ်သည့်အတိုင်း လိုက်ခေါ်ခဲ့သော ကျိုင်းဟာ ကြီးတဲ့အထိလည်း ဘ်ကျိုးကာ အဒေါ်တွေကို အော့ကစ်၊ ကေဟု ခေါ်တုန်း။



www.burmeseclassic.com

www.burmeseclassic.com



မသိလျှင် ကျိုင်းကို ကေတို့ရဲ့ ညီမအငယ်ဆုံးအဖြစ် အားလုံးက ထင်ကြသည်အထိ။ ကျိုင်းတို့သုံးယောက်က မခွဲဘဲ တပူးတွဲတွဲ ရှိခဲ့ဖူးသည်။ အော့ကစ်မှာ ကျိုင်းကိုတော့ တူမမို့လို့ ထားပေဦး။ ကေ့ကိုတော့ ခုချိန်ထိ အပျိုကြီးတွေအဖြစ် တပူးတွဲတွဲ နေလာခဲ့သူတွေပီပီ အော့ကစ် နမြော့ရှာပေမည်။

"ဒီမှာ ကျိုင်း။ ငါကလေ ငါ့ကိုယ်ငါလည်း မတော်တောင် မအ,အောင်နေတယ်၊ ငါ့ညီမ ငါ့တူမတွေလည်း မအ,စေ ချင်ဘူး၊ ဒါကြောင့် လွတ်လပ်ခွင့်အပြည့်ပေးပြီး ပညာရှိ နည်းနဲ့ ဆုံးမခဲ့တာ ...

ကေဟာ တစ်ချိန်လုံးလည်း တော်ခဲ့တယ်၊ လိမ္မာခဲ့ တယ်၊ ဒီအချိန်ကျမှ ဒီလိုထ,ဖောက်လေခြင်းဆိုပြီး ငါ ရင်နာတာ၊ နင် စဉ်းစားကြည့်စမ်း ကျိုင်း၊ ပတ်ဝန်းကျင် က ဘာပြောကြမလဲ၊ ဒီအပျိုကြီးတွေ ဟုတ်ပြီ ဟုတ်ရဲ့နဲ့ ယူမယ့်ယူတော့ ကိုယ့်ထက်ဆယ်နှစ်ငယ်တဲ့ ကောင်လေး ကိုမှဆိုပြီး ကဲ့ရဲ့ကြမှာ ...





အဲဒါကို ဘေးဖယ်ထားလိုက်ဦး၊ ဟိုအကောင်က ကေ့ကို တကယ်ချစ်တာဖြစ်နိုင်လား ကျိုင်း။ ဟင် ... ရှင်း နေတာပဲ။ ေ ၂ ချမ်းသာတာကို မက်လို့ပေါ့။ တို့တွေက အပျိုတွေဆိုပေမယ့် မိဘတွေက အမွေခွဲပေးပြီးသွားတဲ့ အပြင် ကိုယ့်အလုပ်နဲ့ကိုယ် ကိုယ့်ဝင်ငွေနဲ့ကိုယ်၊ အဲဒါ တွေကို ပတ်ဝန်းကျင်က ယောကျ်ားတွေက မသိဘဲနေမ လား ...

ဒါတွေကို မက်တာ ရှင်းနေတာပဲ မဟုတ်လား ကျိုင်း"

ကျိုင်းက ခံစားချက် အပြည့်ဖြင့် ပြောနေသော အော့ကစ်ရဲ့မျက်နှာကို ငေးကာ သက်ပြင်းတစ်ချက်ကို ကျိတ်ရှိုက်မိ လေသည်။ အော့ကစ် ပြောတာတွေဟာ ဖြစ်လည်းဖြစ်နိုင်သည်။ တစ်ချိန်ထဲမှာလည်း ဖြစ်လည်းမဖြစ်နိုင်။ ကျိုင်းဟာ လက်တွေ့ သမားဖြစ်၍ မျက်စိနှင့် မမြင်မရချင်း ဘာကိုမှ ဝေဖန်ချက်မပေး နိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်လည်း စိတ်ကြီးမနေပါနဲ့ အော့ကစ်ရယ် အခု အော့ကစ်က ဘာဖြစ်စေချင်တာလဲ"

"ငါ ဖြစ်စေချင်တာက သူနဲ့ အဲဒီကောင်လေးနဲ့ လုံး ပြတ်ဖို့ပဲ ကျိုင်း"

"အော့ကစ်က ကေနဲ့ ဆွေးနွေးပြီးပြီလား"

"အမယ်လေး ... ပြီးပါပကော၊ မယ်မင်းကြီးမက ဘာပြ ပြောတယ်မှတ်လဲ၊ သူက ဆယ့်ရှစ်နှစ်သမီး မဟုတ်တော့ ဘူးတဲ့ ...

သူ ဆယ့်ရှစ်နှစ်သမီးမှာ အိမ်ထောင်ကျ ကလေးမွေး ပြီးခဲ့ရင် ဒီအချိန်မှာ ဆယ့်ရှစ်နှစ်သမီးရဲ့အမေအရွယ်တော ဖြစ်နေခဲ့ပြီတဲ့ ...

သူ့မှာ ဦးနှောက် ရှိတယ်တဲ့၊ သူ့ဘဝအတွက် အသင့်တော်ဆုံး လက်တွဲဖော်ကို သူ ရွေးချယ်တာ လေ ...





နင် ကြားဖူးလား ကျိုင်း၊ မိန်းမတစ်ယောက်အတွက် ဆယ်နှစ်ငယ်တဲ့ ယောကျ်ားက အသင့်တော်ဆုံး လက်တွဲ ဖော်ဆိုတာကိုလေ ...

မိန်းကလေးထုကြီး မှတ်သားစရာကောင်းလိုက်တာ"

"ဟင်း ... ကေက သိပ်တော့ မလွယ်ဘူးပဲ"

"မလွယ်တာမှ တော်တော့်ကို မလွယ်တာအေ့၊ တယ် ... ငါလေ ပြောလိုက်ရ မကောင်းပဲရှိတော့မယ်၊ မွန်နေတာ လေ ...

ငါ့ညီမလေး တော်လှ တော်လှနဲ့ ကြိုက်မယ့်ကြိုက် တော့လည်း ဆယ်နှစ်ငယ်တဲ့ ယောကျ်ားနဲ့မှတဲ့၊ ပြီးတော့ ဟုတ်ဟုတ်ကြားကြားထဲကလည်း မဟုတ်ဘူး၊ ကိုယ့်ကို ဘာကြောင့်ကပ်တယ် ဘာမက်လို့ယူချင်တယ်ဆိုတာ အသိ သာကြီးကို သူက မမြင်နိုင်ဘူးလေ ...

ဘယ်သူမဆို တွေးမိကြမှာပဲ မဟုတ်လား ကျိုင်း၊ ငါတော့ သိပ်ရှက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းသည် ခံစားချက်တို့နှင့် ဆို့နင့်ကာ မျက်ရည်လည်လာသည့် အော့ကစ်ကို ကြည့်လျက် ရင်ထဲမှာ တကယ်ပဲ စိတ်မကောင်းမိချေ။

အော့ကစ် ပြောခဲ့သလို နယုန်မိုး ဆိုတဲ့လူဟာ ငွေမက်တဲ့ ယောက်ျားတစ်ယောက် ဖြစ်ခဲ့ပါလျှင် ကျိုင်းဟာလည်း အော့ကစ်နဲ့ တသဘောတည်းပဲ ရှိမှာဖြစ်သည်။

အဲဒီလိုယောက်ျားမျိုးကို ကျိုင်းက အထင်လည်းမကြီး တတ်သလို အထင်သေးစွာပဲ ရှုတ်ချသေးသည်။ ကေ စိတ်ဆင်းရဲရမယ့်အလုပ်မျိုး၊ ကေ ဒုက္ခရောက်ရမည့် အဖြစ်မျိုးကို တားမြစ်ဖို့ရာ ကျိုင်းမှာလည်း တာဝန်ရှိသေးလေသည်။ ကျိုင်းသည် အော့ကစ်ရဲ့ လက်ဖဝါးတွေကို လှမ်းဆုပ်ကိုင်ဖေးမရင်း ...

"ခုချိန်ကစပြီး စိတ်အေးအေး ထားပါတော့ အော့ကစ် ကော့ကိစ္စဟာ ကျိုင်းရဲ့တာဝန်ပါပဲ၊ ကေ ဒုက္ခရောက်ရမယ့် အဖြစ်မျိုးကို ကျိုင်းလည်း မလိုလားပါဘူး ...





နယုန်မိုးက ကေ့အနားမှာ ရှိမနေသင့်တဲ့ လူစားမျိုးဆိုရင် သူ လုံးဝလွင့်သွားအောင်လည်း ကျိုင်း လုပ်ပေးနိုင်ပါတယ်"

ကျိုင်းရဲ့ စကားသံအဆုံးတွင် အော့ကစ်ရဲ့ မျက်နှာအစ်ခုလုံးက အားတက်ပျော်ရွှင်သွားပုံဖြင့် လင်းချင်းတောက်ပလို့သွားလေသည်။ ကျိုင်းတို့ ကြည့်လာသော မျက်လုံးများထဲတွင် အားကိုးသော၊ ယုံကြည်သော၊ ကျေးဇူးတင်သော စသဖြင့် မျှော်လင့်ချက် အရိပ်ယောင်တွေဖြင့် တောက်ပစူးလက်ကာနေသည်။

ကျိုင်းကတော့ မစားဖြစ်သေးသည့် ဟင်းပန်းကန်ထဲကေးကာ ရှေ့အစီအစဉ်တွေကို တိတ်တဆိတ် ရေးဆွဲလို့နေခဲ့သည်။

❦ ❧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၂

ကျိုင်း အိမ်ရောက်လာသောခါ ကေက ကုမ္ပဏီကို ထွက်သွားပြီမို့ မတွေ့ရတော့ချေ။ ကျိုင်းက ဒီကိစ္စကို မသိဟန်ဆောင်ကာ ဘာမှမသိသလိုနေဖို့ အော့ကာစ်ကို ပြောထားပြီးပြီမို့ အော့ကာစ်ကလည်း သူ့ဟာသူ ဘာသိဘာသာပဲ နေတော့မည်။ ညနေရောက်လျှင်တော့ ကေ ပြန်ရောက်လာသောအခါ ကျိုင်းကို မြင်တော့ အံ့သြသွားဟန်ရှိလေသည်။ ကျိုင်းက ဆိုဖာပေါ်မှာ စာထိုင်ဖတ်နေရာမှ ထ,ကာ "ဟိုင်း ... ကေ ... နေကောင်းတယ်နော်"ဟု စတင်နှုတ်ဆက်လိုက်သည်။





"အေး ... ဟဲ့ ... နင်က ဘယ်လိုဖြစ်တာလဲ၊ အကြောင်းမကြား ဘာမကြားနဲ့"

ကျိုင်းက ကေ့ကို ရွှန်းရွှန်းစားစားပြုံးစိုက်ကြည့်ရင်း
်စိတစ်ဖက် မှိတ်ပြလိုက်လျှင် ကေက ဒေါသမပါသော
်စောင်းတစ်ချက်ထိုးသည်။ ခါးအထိဝဲဖြာနေသော ဆံနွယ်နက်
ကို လွတ်လွတ်လပ်လပ် ဝဲဖြာချထားကာ ပက်ပ်ဆီရောင်
ယ်ဝမ်းဆက်ကို ခေတ်မီလှပစွာ ချုပ်ဝတ်ထားသော ကေ့သည်
ဘယ့်ငါးနှစ်ဆိုရာထက် သုံးဆယ်ကျော်တင်ရှိမည်မထင်ရသော
ဖြင့် ရှင်သန်နေသူဖြစ်သည်။

ဟုတ်တယ် အော့ကာစ်ရေ၊ ကျိုင်းလည်း ကေ့ကို
်မရလူနဲ့ လက်တွဲသွားမယ်ဆိုရင် နှမြောပါတယ်။

ကျိုင်းက ကေ့ရဲ့ခါးလေးကို အနောက်ဘက်မှ
က်လိုက်ရင်းမှ ပုခုံးပေါ်ကို မေးစေ့တင်ထားကာ တိုး
လေးကပ်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျိုင်း အလုပ်ကိစ္စ လာတာပါ"

အရင်ကလည်း ကျိုင်းဟာ စင်ကာပူနဲ့ ရန်ကုန်
ဖေဖေ့ရဲ့ကုမ္ပဏီကိစ္စအတွက်နဲ့ ကူးချည်သန်းချည် လုပ်ပေးနေခဲ့
မို့ ကေက ဘာမှ ထွေထွေထူးထူးမမေးပေ။ ဖေဖေ့ရဲ့ ကုမ္ပဏီရုံး
တစ်ခုဟာ ဒီမှာလည်းရှိသေးတာမို့ ကျိုင်းဟာ ကိုယ့်ကိစ္စနဲ့ကို
လာတာဟုပဲ ထင်ရာမည်။

"ငါ့ဖို့ ဘာပါလဲ၊ နင်ကလည်းဟယ် ဖုန်းတော့ဆက်မ
ဘူး၊ BONIA အိတ်ဒီဇိုင်းသစ် ထွက်နေတဲ့ဟာ၊ ငါ မှာ
လို့ကို"

ကျိုင်းသည် ကေ့ရဲ့အပြောကြောင့် ကေ မမြင်
ပါဘဲနဲ့ နှုတ်ခမ်းတစ်ချက်မဲ့ပြုမိသည်။ ကေ သုံးစွဲသော တန်
ကြီးအသုံးအဆောင်များနှင့် ကေ ကိုင်ချင်သော BONIA တံဆိ
လက်ကိုင်အိတ်တစ်လုံးရဲ့ တန်ဖိုးဟာ သုံးသိန်းခွဲကျော်ဘက်မှာ
ရှိသည်။ ဒါမျိုးကို ကေ့ရဲ့ကောင်လေးက ဝယ်ပေးနိုင်မှာတဲ့လား





ကျိုင်းကတော့ ကိုယ့်ထက်နိမ့်ပါးတဲ့ ယောကျ်ားတစ်
က်ကို အိမ်ထောင်ဖက်အဖြစ် မရွေးချယ်လိုပါ။ ကျိုင်းသည်
င့်အတူတူ အချစ်နှင့် အိမ်ထောင်ရေးဒဿနတို့ကို ဆွေးနွေး
ာလေသည်။

ကေ့ရဲ့ခါးကိုဖက်ကာ ဆိုဖာတွေထံသို့ ဆွဲခေါ်လာ
ကေနှင့်အတူတူ ယှဉ်ထိုင်မိသည်။ ကေက ကျိုင်းရဲ့ ဟဲလ်
င်အသစ်ကို ရှေ့နောက်စောင်းငဲ့ကြည့်ကာ ...

"နင့်ဆံပင်ပုံက လှသားပဲ၊ နင် ပိုနုသွားတယ်"

"ဒါ ဟိုမှာ ခေတ်စားနေတဲ့ ဆံပင်ပုံလေ၊ နောက်ဆို ဒီမှာ
လည်း ခေတ်စားလာတော့မှာပါ၊ ဘက်ခမ်းမိန်းမ ပို့ရှ်
စပိုက်စ်ရဲ့ဆံပင်ပုံအသစ်ပေါ့"

"အေး ... ဟုတ်လား လှတယ်နော်"

"ကေရော ဒီပုံကြီးပဲ အမြဲတမ်းထားမှာလား၊ ကျောလယ်
လောက်ညှပ်ပြီး ဝေ့ဗ်နဲ့ခွေထားလိုက်ပါလား၊ အညိုရောင်
ရင့်ရင့်လေးဆိုးလိုက်လေ။ အရမ်းမိုက်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီဟယ်၊ ငါ့ဆံပင်ကြီးကို နှမြောပါတယ်"

ကေက သူ့ဆံပင်ကြီးကို တစ်ဖက်သို့ စုသိမ်းက ရှေ့သို့ဆွဲယူလျက် ရင်ဘတ်ပေါ်တွင် ချထားရင်းမှ ဆံပင်တွေ မြတ်နိုးသော နူးညံ့မျက်ဝန်းတွေဖြင့် ငုံ့ကြည့်ကာ ပြုံးနေလေသည် ဟင်း ... မျက်လုံးတွေကိုက အချစ်နဲ့တွေ့ပြီး အိစက်ရွှန်းလဲ့ တဲ့ မျက်ဝန်းတွေ။

ကျိုင်းသည် မေးပစ်ချင်စိတ်တွေ ရင်ထဲမှ တဖွား ဖြစ်ပေါ်နေသော်လည်း ကိုယ့်စကားလုံးတွေကို ကိုယ် အသာ မျိုချနေရလေသည်။ နေဦး ကျိုင်း ဆန္ဒစောလို့မဖြစ်ဘူး။ အလ လိုလို့မဖြစ်ဘူး။

"နင်က ဒီမှာ ဘယ်လောက်ကြာမှာလဲ ကျိုင်း"

"အင်း ... မပြောတတ်သေးဘူး ကေ၊ ကျိုင်း ဟ စာမေးပွဲတစ်ခု ဝင်ဖြေမလို့လေ၊ အဲဒါ စာဖတ်ရဦးမယ် တော့ အေးဆေးပါပဲ ...

ဖေဖေကလည်း အေးဆေးပဲ"





"ဟင်း ... အေးပေါ့။ နင်က နင့်အဖေ ကုမ္ပဏီမှာဆိုတော့ နင် မှောက်ချင်မှောက် သွန်ချင်သွန် နေမှာပေါ့"

"ဒီမှာလည်း ကျိုင်း မှောက်ချင်မှောက် သွန်ချင်သွန်မှာပါ ပဲနော် ကေ၊ ကျိုင်းတို့ ခရီးတစ်ခုလောက် ထွက်ရရင် မကောင်းဘူးလား ...

Some where ပေါ့၊ ဒီဇင်ဘာက ရှေ့လဆိုတော့ ကျိုက်ထီးရိုးဖြစ်ဖြစ်ပေါ့၊ ဒါမှမဟုတ် ပုဂံ ...

သွားရအောင်လေ၊ ကျိုင်းကတော့ ကျိုက်ထီးရိုး ပို သွားချင်တာ"

အော့ကစ် ပြောထားသောစကားကို ကျိုင်းက ကေ့ အား နားသွင်းလိုက်ခြင်းဖြစ်သည်။ အော့ကစ် ပြောထားသလိုပဲ က အားတက်သရော မရှိပေ။

သို့သော် ကျိုင်း ဖြစ်နေ၍ ယတိပြတ်ကြီးလည်း ငြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ခုလောလောဆယ်တော့ ကော အလုပ်နည်းနည်း
ရှုပ်နေတယ် ကျိုင်းရယ်၊ ဆောင်းဝင်တော့မှာ ဆိုတော
အသစ်ဝင်တဲ့ အလှဆီတွေ၊ ဘော်ဒီလိုးရှင်းတွေ၊ ဈေးကွ
ထဲမှာ ပရိုမိုးရှင်းလုပ်ဖို့ အလုပ်ရှုပ်နေတယ်"

"ဟုတ်လား၊ ဒါဆိုလည်း ကော့ရဲ့ရုံးကို ကျိုင်း တစ်ေ
လောက် လိုက်ပြီးကြည့်ဦးမှပါ"

ကျိုင်းရဲ့အပြောကို ကောက အားတက်သရော
ပေ။ ဟင်း ဟင်း ဟဲ ဟဲ နှင့်သာ ရယ်လျက် အသာလျှောချသ
သည်။

ဒီလောက်ဆိုလျှင် ကော့ရဲ့အခြေအနေဟာ အော
ပြောပြခဲ့သလို စိုးရိမ်ရေမှတ် ရောက်နေပြီဆိုတာ ကျိုင်းက သဘေ
ပေါက်လိုက် လေသည်။

မဖြစ်တော့။

ကျိုင်း အချိန်ဆွဲနေ၍တောင် သိပ်မဖြစ်တော့





ကျိုင်းသည် အဓိကပစ်မှတ်ဖြစ်လာမည့် နယုန်မိုးဆို
သောလူတစ်ယောက်ကို အမြန်ဆုံး ကြည့်ရှုအကဲခတ်ဖို့၊ လေ့လာဖို့၊
ဆုံးဖြတ်ဖို့ တရစပ် လိုလာပြီဖြစ်ကြောင်း သိလိုက်ရသည်။

❣ ❧ ❣



www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းသည် ကားကို တစ်နေရာတွင် ထိုးရပ်ခဲ့ပြီးနောက် သော့ပိတ်ကာ ပလက်ဖောင်းတစ်လျှောက် ဖြည်းဖြည်းချင်း လျှောက်လာရင်း တစ်နေရာအရောက်မှာတော့ အင်္ဂလိပ်စာလုံးပေါင်းဖြင့် ဆိုင်းဘုတ်တင်ထားသည့် နယုန် ဂရပ်ဖစ်ဒီဇိုင်း ဆိုသည့် ဆိုင်းဘုတ်လေးကို လှမ်းမြင်လျှင် ဒါ ကေ့ရဲ့ တစ်ယောက်သောသူ ဖွင့်ထားသောဆိုင် ဆိုတာကို သိလိုက်ရသည်။

ဆိုင်ခန်းလေးက သိပ်မကြီးကျယ်ပါ။ အော့ကစ်ရဲ့ ပြောပြချက်အရတော့ သူငယ်ချင်းတွေ စုငှားကာ ဖွင့်ထားသောဆိုင်ဟု သိရသည်။ ကျိုင်းသည် ဒီဆိုင်လေးထဲက လူတစ်ယောက်နှင့် ကုမ္ပဏီပိုင်ရှင် ကေတို့ ဘယ်လိုများ ဖူးစာဆုံသွားသလဲ။ နယုန်မိုး





သူဟာ ကေ့လို မိန်းမတစ်ယောက်ကို ညွှတ်ကျသွားအောင် ဘယ်လိုများ လုပ်သွားနိုင်လဲဆိုတာကို တော်တော်လိုက်၍မမီဖြစ်နေလေသည်။

မက်လောက်စရာ ပညာအရည်အချင်း၊ ငွေကြေး၊ ဂုဏ်ပကာသန၊ ဒါတွေ တစ်ခုမှ မရှိပါဘဲနှင့် ကေ့ကို ကျအောင် လုပ်သွားနိုင်သည်မှာ သူလည်း မခေသူတစ်ယောက် ဆိုတာကို အသိအမှတ်ပြုပေးရသည်။ ကျိုင်းဟာ ဆိုင်ရှေ့ကို တစ်ခေါက်လောက် ဖြတ်လျှောက်ပြီးသွားသောအခါ အဲဒီဆိုင်ရဲ့ တစ်ဖက်ပလက်ဖောင်းမှာ ကော်ဖီဆိုင်လေးတစ်ဆိုင် ရှိတာကို သတိပြုမိသည်။ အိုကေ ... အဲဒီဆိုင်လေးကနေ ကျိုင်း စောင့်ကြည့်ရမယ်။

ကျိုင်းက နှစ်ခြိုက်စွာပင် လေတစ်ချက် ချွန်ပြီးနောက် (ကျိုင်းဖြင့် လေချွန်လျှင် ဘယ်တော့မှ အသံမထွက်ပါ) ...

ကော်ဖီဆိုင်ရဲ့ တံခါးလေးကို တွန်းဖွင့်ကာ ဆိုင်ထဲဝင်လာခဲ့သည်။ ဆိုင်ထဲမှာ လူများများစားစား မရှိချေ။ ဂျာနယ်ဖတ်ရင်း ကော်ဖီသောက်နေသော လူတစ်ယောက်ရယ်၊ သမီးရည်းစားစုံတွဲနှစ်တွဲရယ်၊ ကောင်မလေးအုပ်စုတစ်စုရယ်နှင့် ဒါပဲ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းက ဆောင့်နေရာတစ်ခုကို ရွေးလိုက်တော ဂျာနယ်ဖတ်နေသောလူနှင့် စားပွဲချင်းနီးကပ်သွားသည်။ ဂျာနယ် သမားက အားကစားဂျာနယ်ကို သဲကြီးမဲကြီးဖတ်နေကာ ကျိုင်း ကို မော့တောင် မကြည့်ချေ။ ကျိုင်းက စားပွဲမှာ ထိုင်လိုက်လျှ ဝိတ်တာလေးတစ်ယောက်က အနားသို့ လှစ်ခနဲ ရောက်လာကာ

"ဘာသုံးဆောင်ပါမလဲခင်ဗျာ"

ကျိုင်းသည် မျက်လုံးက လမ်းရဲ့တစ်ဖက်သို့ လှ ကြည့်နေရတာမို့ မေးတာကို ရုတ်တရက်မကြားဘဲ ပြီးတော ဩော် ... အေး ဖြစ်ကာ ကော်ဖီတစ်ခွက်ဟု မှာလိုက်သည် ဒါကိုပင် ကိုတီကျက ...

"ဘာကော်ဖီအမျိုးအစား သုံးဆောင်မလဲခင်ဗျာ၊ ကျွန်တော တို့ဆိုင်က ကော်ဖီအမျိုးအစား အစုံရပါတယ်"

"နက်စ်တစ်ခွက်ပဲ ဖျော်ခဲ့ဟာ၊ မခါးစေနဲ့ ချိုလည်း မ စေနဲ့"





"ဟုတ်ကဲ့၊ တခြားရော ဘာသုံးဆောင်မလဲခင်ဗျာ"

ကျိုင်းသည် အရစ်တက် အရစ်ရှည်နေသော ဝိတ်တာကို စိတ်မရှည်သလို တစ်ချက်မော့ကြည့်လိုက်လျှင် သူက ခပ်ပြုံးပြုံးနှင့် ခေါင်းညိတ်ပြသည်။

အင်း ... စိတ်ထိန်းထားဦးမှ။ သူဟာလည်း နောင်တစ်ချိန်ကျ အသုံးဝင်ကောင်း ဝင်လာနိုင်တယ်။

"အဲဒီ ကော်ဖီကိုပဲ မြန်မြန်ဖျော်လာခဲ့ဖို့ ပိုလိုအပ်ပါတယ်"

ဝိတ်တာလေးက သဘောပေါက်စွာဖြင့် ပြုံးကာ ဦးညွှတ်၍ ထွက်ခွာသွားသည်။ ဒီတော့မှပဲ ကျိုင်းသည် တစ်ဖက်လမ်းက ဆိုင်လေးကို ကောင်းကောင်းရှုစားခွင့်ရတော့တာဖြစ်လေသည်။ ကော်ဖီတစ်ခွက် ရောက်လာချိန်အထိ ထိုဆိုင်လေးမှာ ထူးခြားမှု တစ်စုံတစ်ရာ မရှိသေးချေ။ ကျိုင်းသည် သင်းပျံ့ပျံ့မွှေးလှသော နက်စ်တစ်ခွက်ကို အရသာခံကာ လျှာဖျားပေါ်မှာ အားရင်းမှ မဆိုးဖူးပဲဟု မှတ်ချက်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းဟာ ကော်ဖီအသစ်တစ်မျိုးပေါ်တိုင်း လျှာပေါ်တင်၍ စမ်းသပ်သောက်ခဲ့ဖူးသော်လည်း ဘယ်ကော်ဖီကိုမှ စွဲလမ်းနှစ်ခြိုက်သည်ဟူ၍ မရှိခဲ့ပါ။ ကပ်ပချီနို၊ ကဖီးလတ်တေး၊ ကော်ဖီအမေရိကန်နို၊ စင်ကာပူကော်ဖီ၊ ဘလူးမောင်တိန် စသဖြင့် စသဖြင့် ဘာကိုမှ မကြိုက်၊ မစွဲလမ်း။ ကျိုင်း နှစ်သက်သည်မှာ ရိုးရိုးကော်ဖီမစ်နှင့် နက်စ်ကော်ဖီတို့ပဲရှိလေသည်။

"ဟင်"

ကော်ဖီပူပူကို အရသာခံကာ သောက်သုံးနေသော ကျိုင်းရဲ့မြင်ကွင်းထဲသို့ တစ်စုံတစ်ယောက်က ဖျတ်ခနဲဝင်ရောက်လို့လာလျှင် ကျိုင်းသည် မျက်ခုံးပင့်ကာ အသေအချာကြည့်မိသည်။ ကေ ... ကေ..ပါလား။ ကျိုင်းရဲ့ ချစ်လှစွာသော အဒေါ်ဖြစ်သူ ကေသည် ကားပေါ်မှဆင်းလာကာ ဂရပ်ဖစ်ဒီဇိုင်းဆိုင်ခန်းထဲသို့ ဝင်သွားသည်ကို ကျိုင်းက အသေအချာပဲ တွေ့မြင်လိုက်သည်။

အမယ်လေး ... ဒီလူရှိတဲ့နေရာကို ကေကရောက်လာရတာပေါ့။ ကျိုင်းသည် ကေ့ဘက်က မခံချင်စိတ်ဖြင့် စိတ်ထဲမှာ





တနုံ့နုံ့ဖြင့် ခံပြင်းလို့လာလေသည်။ စိတ်တိုလာသဖြင့် ကော်ဖီကိုတောင် အရသာခံ၍ မသောက်နိုင်တော့ဘဲ တစ်ခါတည်းကုန်အောင် တစ်ရှိန်ထိုးမော့ပစ်လိုက်သည်။ ကော်ဖီခွက်ကို ပြန်အချမှာပဲ ကျိုင်းအတွက် မျက်လုံးပြူးရတော့တာဖြစ်သည်။

ကေနှင့် နယုန်မိုးဆိုသောတစ်ယောက်မှာ ဆိုင်ထဲက ပြုံးရွှင်ရွှင်နှင့် အတူတွဲထွက်လာကြကာ ကားလမ်းရဲ့တစ်ဖက်သို့ ကူးလာကြဖို့ ဟန်ပြင်နေကြလေသည်။ ကေသည် နယုန်မိုးကို မြင်ဖူးသဖြင့် ရုတ်တရက် အသေအချာပဲ ငေးနေမိသည်။ နယုန်မိုးသည် မြင်လိုက်တာနဲ့ကို ကေ ဘာကြောင့် တံဖြုတ်ဖြုတ် ကြွေကျသွားရသလဲဆိုသော အဖြေကို တကူးကတ ရှာဖွေစရာ မလိုတော့သည့် ရုပ်ဆင်းအင်္ဂါတို့ကို ပိုင်ဆိုင်လို့ထားလေသည်။

အခုခေတ်ပေါ် ကောင်လေးတွေ ထားလေ့ရှိသော ဂျယ်လ်တွေနှင့် ပြောင်လက်တောက်ပနေသည့် ဆံပင်ပုံစံကို ထားထားကာ ဝတ်စားပုံကတော့ လူငယ်ပုံစံ သိပ်မပေါက်ချေ။ ဒါကလည်း ကေနဲ့ တွဲနေရ၍ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သူ့ပုံစံက အဝေးကမြင်လိုက်တာနဲ့ ကို ထင်းထွက်သပ်ရပ်နေသော ရုပ်ရည်ရူပကာကို ပိုင်ဆိုင်လို့ထား လေသည်။ အပြာရောင်စပို့ရှပ်လက်တိုကို ရိုးရိုးဂျင်းဘောင်းဘီရှည် တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားသည်မှာ ကြည့်လို့တော့ ကောင်း သည်။ သို့သော် တီရှပ်လွင်လွင်လေးတစ်တည်သာ ဝတ်လိုက်ပါ က ပို၍ လူငယ်ဆန်သွားမှာဖြစ်သည်။

ကျိုင်းသည် နယုန်မိုးကို လျှပ်တစ်ပြက်အတွင်းမှာ လေ့လာအကဲခတ်လိုက်ရသဖြင့် အခုချိန်မှာ ဆိုင်ထဲကနေ၍ အပြင် ထွက်ရှောင်ဖို့ကို လုံးဝမဖြစ်နိုင်တော့ချေ။ ဒီအချိန်ကျမှ ဆိုင်အပြင် ကို ထွက်သွားလျှင် ပျော်မဆုံး တပြုံးပြုံး ဖြစ်လာသော ကောတို့ အတွဲနဲ့ ပက်ပင်းတိုးတော့မည်။ အထုံအ,အ မဟုတ်သော ကောသည် ကျိုင်းကို မြင်တာနှင့် ဘာအတွက် ဒီနားကို ရောက်နေတယ်ဆိုတာ ချက်ချင်းသိမှာမလွဲချေ။ ပထမဦးဆုံးလေး လာချောင်းသောအခေါက် မှာတင် တပ်ခေါက်ရလျှင် အောကစ်က ကျိုင်းကို ညံ့လှချည်လားဟ ဟု တဖွဖွပြော၍ ဆုံးမှာမဟုတ်တော့။





ကျိုင်းသည် ရုတ်တရက် ကြံရာမရဖြစ်ကာ သေားစား ◌င်းကလူ့ရဲ့လက်ထဲမှ ဂျာနယ်ကို ဖျတ်ခနဲ လှမ်းဆွဲယူလိုက် ◌ မျက်နှာရှေ့မှာ ကွယ်ချလိုက်သည်။ ထိုလူက ရုတ်တရက် ◌ောင်းလဲသွားသော အခြေအနေကို အံ့အားသင့်စွာဖြင့် ကျိုင်းကို ◌က်လုံးပြူးကြည့်ကာ ...

ကျိုင်းက ဂျာနယ်ကို မျက်နှာရှေ့မှာ အမြန်ကာရင်း ◌ခဲဒီလူကို တိုးကျိုတ်ကျိတ်ဖြင့် အသာပြောရသည်။

“ခဏ ... ခဏလေးပါ၊ ကျွန်မကို ဒီဂျာနယ် ခဏလောက် ငှားပါ၊ အရေးကြီးနေလို့ပါ ... နော်”

ကျိုင်းက ပြောလည်းပြောရင်း မျက်လုံးကလည်း ◌တို့စုံတွဲကို ချောင်းကြည့်လိုက်လျှင် နှစ်ဦးသား ဆိုင်ထဲဝင် ◌ခဲ့ကြပြီဖြစ်သည်။ တစ်ခုကံကောင်းသည်မှာ ကောက ကျိုင်း ◌ာနေရာကို ကျောပေး၍ ထိုင်နေခြင်းဖြစ်သည်။ ဒါကြောင့် ◌ျိုင်းသည် နယုန်မိုးရဲ့ မျက်နှာကိုသာ လှမ်းမြင်နေရသည်။ ◌ုန်မိုးကလည်း ကျိုင်းကို ဂရုပြုမိပုံ မပေါ်ပါ။ ကောရဲ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ တစိမ့်စိမ့်ကြည့်လျက် တစ်ခါတစ်ရံမှာ စားပွဲပေါ်တင်ထား
သော ကော့ရဲ့လက်ဖမိုးလေးကိုတောင် သွား၍ဆုပ်ကိုင်လှုပ်ယမ်
စကားပြောလိုက်လေသည်။

ဟင်း ... လူရှေ့သူရှေ့မှာတောင် ကဲနေလိုက်တာ
လူမြင်ကွယ်ရာများဆိုရင်တော့လား။ ကျိုင်းသည် အံတကြိတ်ကြိတ်
နှင့် ကြည့်ရင်းနဲ့မှ နယုန်မိုးက ဘာရယ်မဟုတ် သေးအီဝဲယာက်
ဖျတ်ခနဲကြည့်လိုက်လျှင် ဂျာနယ်နှင့် ဖျတ်ခနဲ ကွယ်လိုက်ရပြန်
သည်။ အဲဒီနောက် ကျိုင်းရဲ့ သေးနားမကျတကျကလူကို စောင်
ငဲ့ကြည့်လိုက်လျှင် သူက ကျိုင်း လုပ်နေပုံတွေကို မျက်မှောင်အကြတ်
သားဖြင့် စူးစမ်းလို့နေသဖြင့် ကျိုင်းမှာ သွားဖြဲလေးနှင့် စပ်ဖြီးဖြ
လုပ်ပြလိုက်ရသေးသည်။

"အဟဲ ... ခဏ ... ခဏလေးပါနော်"

ဒေါ်ကြာ ကိုယ့်လက်ထဲက ဂျာနယ်ကို ဆွဲလုသွား
မှာစိုးသဖြင့် ကျိုင်းက ထပ်၍ ခွင့်တောင်းလိုက်လျှင် ထိုလူက
ကျိုင်းကို တစ်လှည့်၊ ကျိုင်းချောင်းနေသော နေရာကိုတစ်လှည့်





ကြည့်ကာ တစ်ခုခုကို အတွေးပေါက်သွားဟန်တူသည်။ ခေါင်းကို
တစ်ချက်ညိတ်ကာ ...

"ရတယ် ... အေးဆေး"ဟု ပြန်ပြောလေသည်။

ဂျာနယ်ပိုင်ရှင်ကို ဒီတစ်ခါကျမှ သေချာကြည့်လိုက်
လျှင် သူ့ကို တစ်နေရာမှာ ကျိုင်း တွေ့ဖူးသည်ဟု ထင်သည်။
သူ့ပုံစံက အသက်တော့ သိပ်မငယ်တော့ချေ။ လူလတ်ပိုင်းအရွယ်
လောက်ရှိသော်လည်း အပြင်အဆင်က ခေတ်လူငယ်တွေနဲ့ အပြိုင်
ဖြစ်သည်။ သေးနှစ်ဖက်နှင့် နောက်ပိုင်းအဖျားမှာ ပါးထားပြီး
အရှေ့မှာ ရှည်လျက် ဂျယ်လ်နှင့် ခပ်စင်းစင်းကျနေသော ဆံပင်
ပုံစံက ဒီလူ့ကို စတိုင်လ်အတော်မိုက်စေသည်။

အဖြူရောင်နှင့် ပန်းရောင်စပ်ကြား ကန့်လန့်စင်း
ပိုလိုရှပ်လက်တိုကို ကော်လာထောင်ကာ ဝတ်ထားလျက် ဂျင်း
အနက်ရောင်ဖြင့် ပုဂ္ဂိုလ်သည် ကျိုင်းထက် အနည်းဆုံး လေးငါး
နှစ်လောက် ကြီးမည်ပုံပေါ်သဖြင့် ကျိုင်းကို အလွယ်တကူပဲ ခွင့်
လွှတ်လိုက်လျှော့ပေးလိုက်ဟန်ရှိသည်။ ကျိုင်းက သူ့ဂျာနယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခွဲလုထားသဖြင့် အလုပ်လက်မဲ့ဖြစ်သွားသော သူက ဖုန်းကိုထု
ကာ ဂိမ်းဆော့၍နေလေသည်။ ဟင် ... မကြီးမငယ်နဲ့ လက်
က အငြိမ်မနေတတ်ဘူးနဲ့တူပါရဲ့။

ကျိုင်းက ရှေ့ကစုံတွဲကို ခိုးကြည့်လိုက်ပြန်လျှ
သူတို့ကတော့ စကားတွေကိုသာ ဆိုလျှက်ရှိနေသည်။ တစ်နာ
လောက်သာ စကားထိုင်ပြောနေလို့ကတော့ ကျိုင်းတော့ သက်သာ
မည်မထင်ချေ။ ကျိုင်းသည် စိတ်ထဲကနေ၍ မြန်မြန်သွားကြပါတော
ဟု ဆုတောင်းနေသော်လည်း ဆုတောင်းကမပြည့်ပေ။ ဒီဆိုင်က
ကော်ဖီနှင့်မုန့်အပြင် တခြားအစားအစာတွေပါ ရသည်ထင်သည်
ကေနှင့် သူ့ကောင်လေးဟာ နေ့ခင်းစာကို အတူတကွ လက်ဆ
စားကြသေးသည်။ သစ်သီးဖျော်ရည် သောက်ကြသေးသည်။

ကျိုင်းသည် အခုမှပဲ ဝင်ဆိုက်ရတာ ဖြစ်တော့လေ
သည်။ ခါးတွေညောင်းလာသည်ကိုတောင် အကြောမဆန့်ရဲ
မလှုပ်ရဲချေ။ စားပွဲပေါ်မှ ကော်ဖီကလည်း ကုန်တာကြာနေချိန်
ပိုက်ဆံလည်း မရှင်းသေးသော၊ ဂျာနယ်ကလည်း ဒီစာမျက်နှာက





တက်သေးသော ကျိုင်းကို ဝိတ်တာကလည်း ကွက်ကြည့်
ကွက်ကြည့်။ နောက်နားကလူကလည်း ဂိမ်းဆော့ရင်းမှ ပြုံးစိစိ
ဖြင့် လှောင်ချင်သလို ကြည့်နေသောဒဏ်ကိုလည်း တောင့်ခံထား
သေးသည်။

ဤသို့ဖြင့် ချစ်သူနှစ်ဦးမှာ လေးဆယ့်ငါးမိနစ်တိတိ
အချိန်ဖြုန်းပြီးမှပဲ ထပြန်တော်မူကြလျှင် အခုမှပဲ ကျိုင်းက
ဂျာနယ်ကို ပစ်ချကာ ခါးတွေကို တဂျွတ်ဂျွတ် ထချိုးပစ်လေသည်။
ဝိတ်တာက ပိုက်ဆံရှင်းတော့မည် အထင်ဖြင့် ကျိုင်းရဲ့အနားသို့
ရောက်လာလျှင် ...

"ဆင်းဒဝစ်တစ်ပွဲနဲ့ ကော်ဖီတစ်ခွက် ထပ်လုပ်ခဲ့ပါဦး"

"ဩော် ... ဟုတ်ကဲ့"

ဝိတ်တာပြန်ထွက်သွားလျှင် ကျိုင်းက ဘေးစားပွဲက
လူကို အားနာပြုံးလေးနှင့် ခေါင်းညွှတ်ပြကာ ဂျာနယ်ကို ပြန်ကမ်း
ပေးလိုက်သည်။

"ကျေးဇူးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ဂျာနယ်ကို လှမ်းမယူသေးဘဲ ကျိုင်း မျက်ခုံးပင့်ကြည့်ကာ ...

"တန်ဖိုးရှိလွန်းတဲ့ ကိုယ့်ရဲ့အချိန်တွေကို မင်း ဖြုန်း ပစ်လိုက်တာ၊ အဲဒီကျေးဇူးပါပဲဆိုတဲ့ စကားလုံးလေး ခွန်းနဲ့တော့ ကျေနပ်စရာ မကောင်းဘူးနဲ့ တူတယ်"

"ဘယ်လို !..."

ကျိုင်းက အဲဒီလူရဲ့စကားကို နားမလည်၍ ပြန် ဖြစ်သည်။ သူက တစ်ချက်ပြုံးကာ သူ့ခုံမှ ထလာရင်း ကျိုင်း စားပွဲတွင် ခပ်တည်တည်နှင့် ဝင်ထိုင်သည်။ သူ ဝင်ထိုင်လိုက်သေ အခါ သူနှင့် ကျိုင်းမှာ မျက်နှာချင်းဆိုင်ဖြစ်လို့သွားသည်။

"မင်းက ကိုယ့်ဂျာနယ်ကို ဘာမပြော ညာမပြောနဲ့ ဆွဲ သွားတယ်လေ၊ ကိုယ်က စောင့်နေရင် သွားတော့ ဒါကို မင်းက ကိုယ့်ဂျာနယ်ကို ယူသွားတော့ ကိုယ့် စောင့်နေရတာပေါ့၊ မင်း ကိုယ့်ဂျာနယ်ကို ယူသုံးချိန် လေးဆယ့်ငါးမိနစ်ကြာတယ်"





ကျိုင်းက အဲဒီလူရဲ့ အပြောကြောင့် မျက်ခုံးပင့်မိ သလို ဖြစ်သွားသည်။ အဲဒီလူကို မချင့်မရဲပြန်ကြည့်လိုက်လျှင် သူက ကျိုင်းကို အဓိပ္ပာယ်ပါပါပြုံးကြည့်နေကာ ...

"ကဲ ... အဲဒီ အလဟဿဖြစ်သွားတဲ့ အချိန်လေးဆယ့်ငါးမိနစ်ကို မင်း ဘယ်လိုအလျော်ပေးမှာလဲ"

"အို ... ရှင်ကလည်း ဒါလေး ကူညီရတဲ့ဟာကို"

ကျိုင်းရဲ့ မကျေမနပ်ဖြင့် စူပွပွအပြောကို သူက တက်ခနဲ တစ်ချက်ရယ်ကာ ...

"ဒါမျိုး အကူအညီကို စင်ကာပူမှာဆိုရင်ရော မင်း ရမလား"

သူ့အပြောကြောင့် ကျိုင်းတစ်ယောက် ချက်ချင်းပဲ မျက်လုံးပြူးသွားကာ ဆံပင်မွေးတွေတောင် ထောင်သွားသလို ရှိလေသည်။ ဘုရား ... ဘုရား ... ဒီလူဟာ စပိုင်များလား။ ကျိုင်း ကို ဘယ်လိုများ သိနေပါလိမ့်။ ကေကတစ်ဆင့် တန်ပြန်လွှတ် လိုက်သော နောက်လိုက်သမားများလား။ ကျိုင်းက မျိုးစုံလျှောက် တွေးကာ ရင်ပူ၍လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းရဲ့ ထိတ်ထိတ်ပျာပျာပုံစံကို သူက ရိပ်မိသည်
အလား ကျိုင်းကို နှစ်သိမ့်သလို ပြုံးပြလေသည်။ ပြီးတော့မှ ...

"တစ်ခါမြင်ဖူးပြီးရင် ဘယ်တော့မှ မမေ့နိုင်တဲ့ မျက်နှာမျိုး
လို့ တော်တော်များများက ပြောကြတဲ့စကားကို အခုတော့
ကိုယ်က သေချာပြန်စဉ်းစားရတော့မှာပေါ့နော်"

သူ့အပြောကြောင့် ကျိုင်းက မျက်စောင်းမထိုး
သော်လည်း မျက်နှာကို ရှုံ့မဲ့လိုက်မိလေသည်။ သူက အဲဒီပုံစံကို
သဘောတကျဖြင့် တဟားဟား ရယ်လို့သာနေသည်။

"မင်းက ကိုယ့်ကို မမှတ်မိဘူးနဲ့တူတယ်၊ လွန်ခဲ့တဲ့ လေ
ရက် စနေနေ့က မင်းကို ကိုယ် လေဆိပ်မှာ ဝင်တိုက်
ဖူးတယ်လေ"

"အိုး ..."

ဒီတော့မှပဲ ကျိုင်းဟာ နဖူးကို လက်နှင့်ဖိလျက်
သူ့ကို မှတ်မိသွားလေသည်။ လေယာဉ်ပေါ်ကဆင်းလာပြီးနောက်
ကိုယ့်အိတ်ကိုယ်ရွေး၊ ခန်းမကျယ်ထဲမှာ အေးအေးဆေးဆေး





...န်းလျှောက်လာခဲ့သော ကျိုင်းကို သူက ပခုံးတစ်ဖက် ဝင်တိုက်
...တာဖြစ်သည်။ ပြီးတော့ "စင်ကာပူကလာတဲ့လေယာဉ်က အခုမှ
...က်တာလား"တဲ့။ အင်း ... ဒါကြောင့် သူ့ကို ကျိုင်း မြင်ဖူး
...တယ်လို့ စဉ်းစားနေခဲ့တာဖြစ်သည်။

"မှတ်မိပြီပေါ့"

"အင်း ... မှတ်မိပြီ၊ ဟုတ်သားပဲ ရှင့်ကို လေဆိပ်ခန်းမ
ထဲမှာ တွေ့ခဲ့ဖူးတယ်"

ကျိုင်းက လာချပေးသော နောက်ထပ်ကော်ဖီတစ်
...ကို မော့ကာ ဆင်းဒဝစ်တစ်ခုကို ယူစားရင်း သူ့ကို ပြော
...တာဖြစ်သည်။ သူက ကျိုင်း စားနေသောက်နေပုံကို ပြုံးကြည့်
... ...

"အသည်းကွဲတာလည်း တော်တော်စားဝင်တယ်နော်"

သူ့စကားကြောင့် ကျိုင်းက မုန့်ဝါးနေရင်းမှ နင်
...သဖြင့် ကော်ဖီကိုမော့ကာ မုန့်ကို အမြန်မျိုချရသည်။ သူက
...ပြောသေးသည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



“အခုခေတ်ကောင်မလေးတွေရဲ့ အသည်းကွဲဖြေဖျော
နည်းကလည်း တစ်မျိုးပဲနော်၊ စာအုပ်တစ်အုပ်ထဲမှာ ဖ
ဖူးတာက အသည်းကွဲရင် အစားများများ စားတယ်
ဒါမှ အားရှိပြီး ကောင်လေးတွေကို လိုက်ချောင်းရိုက်န
အောင်လို့နဲ့တူတယ်”

ကျိုင်းသည် အဲဒီပုဂ္ဂိုလ်ပြောသော စကားတွေ
ပထမပိုင်းတော့ နားမလည်ပေမယ့် နောက်ပိုင်းမှာတော့ သူ အ
ကိုဆိုလိုချင်တယ်ဆိုတာ သဘောပေါက်သွားလျှင် တဟားဟ
ရယ်ချင်စိတ်ပေါက်လို့သွားသည်။ သူက ကျိုင်းကို နယုန်မိုး
တစ်မျိုးအဓိပ္ပာယ်ကောက်လွဲသွားတာပဲဖြစ်သည်။ အေးပေါ့
အပေါ်ယံလေးမြင်ပြီး အပေါ်ယံလေး ရုပ်တွေးတဲ့ကိစ္စမျိုးကို ဒီလ
မြင်ကြမှာပေါ့။

ကျိုင်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးနေရ
မှ အဲဒီလူကို ဖြေရှင်းချက် တစ်စုံတစ်ရာ မပေးမိချေ။ ဒါပေ





ကျိုင်းသည် ခေတ်မီပွင့်လင်းကာ ဖော်ရွေသဘောကောင်းပုံရသော ဒီပုဂ္ဂိုလ်ကို ခင်မင်စိတ်ဖြင့် ...

“ကော်ဖီထပ်သောက်ပါလား”ဟု လောကွတ်လုပ်လိုက်လေသည်။ သူကလည်း မငြင်းချေ။ အနားရောက်လာသော ဒိတ်တာကို ကျိုင်း သောက်သည့်ပုံစံအတိုင်း မချိုလွန်း မခါးလွန်းသော နက်စ်ကော်ဖီတစ်ခွက်ကိုသာ မှာတာကို သတိပြုမိသည်။

သူက ကျိုင်းကို တစ်ချက်ကြည့်ကာ ခပ်တည်တည်နှင့်ပင် ...

“စင်ကာပူကို ဘယ်တော့ပြန်မှာလဲ”

“ဘာလုပ်မလို့လဲ”

“ဪ ... ကွယ်ရာမှာ ကျိတ်ပုန်းခုတ်နေတဲ့ ရည်းစားကို စင်ကာပူကနေများ လာချောင်းရသလားလို့ပါ၊ တကယ်လို့ ချောင်းဖို့ လူငှားချင်တယ်ဆိုရင် ကိုယ် လုပ်ပေးနိုင်တယ်လို့ အဲဒါ ပြောမလို့”



www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းသည် သူ့အပြောကြောင့် ပခုံးကို တစ်ချက် တွန့်ကာ ရယ်မိလေသည်။ အဲဒီနောက် ကျိုင်းရဲ့ ခေါင်းထဲတွင် ချက်ချင်းပဲ မီးသီးတွေ လင်းထိန်သွားရသည်။ အင်မတန်ထူးဆန်းသော အကြံတစ်ခုသည် သူ့စကားတို့ကို နားထောင်ပြီးတဲ့နောက် ကျိုင်းရဲ့ ခေါင်းထဲတွင် အစီအရီ ပေါ်လို့လာလေသည်။

ကျိုင်းက ထိုအကြံအစည်တို့ကို အကောင်အထည် ဖော်ဖို့ ချက်ချင်းပဲ ဆုံးဖြတ်ခဲ့သည်မှာ အခုလောလောဆယ်မှာတော့ ဒီထက်ကောင်းသည့်အကြံလည်း ထွက်စရာမရှိတော့၍ဖြစ်သည်။ ကျိုင်းသည် စာအုပ်တစ်အုပ်ထဲမှ ဇာတ်ကောင်တစ်ကောင် ပြောခဲ့သော စကားဖြစ်သည့် "ဖျတ်ခနဲပေါ် ဆတ်ခနဲလုပ်"ဟုသော စကားကို အလွန်နှစ်သက်သဘောကျသည် ဖြစ်ရလေရာ အခုလောလောဆယ်မှာတော့ အဲဒီအတိုင်းပဲ ကျင့်သုံးဖို့ စိတ်ကူး[illegible] နေသည်။

ကျိုင်းသည် ဝင်းလက်သွားသော မျက်လုံးများဖြင့် အနားကပုဂ္ဂိုလ်ကြီးကို ခပ်ပြုံးပြုံးကြည့်ကာ ...





"ရှင် ဘာကယ်ပြောနေတာလား"

"အင်း ... ကိုယ်က အလုပ်တော့ရှိပါတယ်၊ ဒါပေမဲ့ မင်းပုံစံက သနားစရာကောင်းနေလို့ ဘယ်လိုပြောရမလဲ၊ ဆောရီး သနားစရာကောင်းတယ်ဆိုတာထက် စိတ်ဝင်စားစရာ ကောင်းလားလို့ပဲ"

ဒီလူကတော့ မဆိုးချေ။ ပွင့်ပွင့်လင်းလင်းပြောကာ [illegible]ာကောင်းမည့်ပုံပေါ်သဖြင့် ကျိုင်းသည် စိတ်ထဲကနေ၍ [illegible]က်မင်းတော့ မ,ပြီဟာ ဟု လက်ခမောင်းခတ်လိုက်လေသည်။ [illegible]ကစ်ကိုသာ ပြောပြလိုက်လို့ကတော့ ဘယ်လောက်များ [illegible]သာလိမ့်မလဲ မပြောတတ်ချေ။

"ရှင် အခု အဖြစ်အပျက်ကို ဘယ်လိုမြင်လဲ"

သူက ကျိုင်းရဲ့အမေးကို မျက်ခုံးတစ်ချက်ပင့်ကာ [illegible]ကြာပြုံးနေပြီးမှ ...

"အပေါ်ယံမြင်တာကိုပဲ ပြောမယ်လေ၊ မင်း အခုနက ထွက်သွားတဲ့စုံတွဲကို လာချောင်းတာမဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တယ်"

ကျိုင်းရဲ့ ပွင့်လင်းသောအပြောကို သူက သဘောကျ သလို ပြုံးကြည့်နေသည်။

"ဘယ်လိုလဲ ဆေးမီသေးလား"

သူ ဘာကိုဆိုလိုပြီး မေးတယ်ဆိုတာ ကျိုင်းက ရိပ် မိသဖြင့် တဟက်ဟက် ရယ်မောမိသည်။ ဒါကို သူက ထူးဆန်းဟ ဖြင့် မျက်မှောင်ကြုတ်ရင်း ပြုံးကြည့်လာသည်။ ဟိုက် ... ဆေ တော့မှာပဲ။ ကိုယ့်ရည်းစားကောင်လေးက နောက်တစ်ယောက် ကြည့်နေတဲ့ကိစ္စကို ဒီလောက် ပြုံးဖြဲဖြဲရပ် လုပ်နေတာ သိပ်တေ သဘာဝမကျဘူးဟု ထင်သည်။ အင်း ... အိုက်တင်လုပ်ဦးမှပါ

ကျိုင်းက မျက်နှာကို ချက်ချင်းပဲ ပြင်ယူလိုက် နည်းနည်းမအီမလည်ပုံစံ ဖမ်းထားလိုက်သည်။ အိုက်တင်အပြေ အလဲကို ချက်ချင်းကြီးလည်း ချိန်းလို့မဖြစ်သေးချေ။ တစ်ခ အလေးအနက်တွေးသောပုံစံမျိုးဖြင့် ခေါင်းကို တဆတ်ဆတ်ည ကာ ...





"အင်း ... ဆေးမီလား မမီသေးဘူးလား ဆိုတာတော့ ကျွန်မလည်း မသိသေးဘူး၊ ဘာလို့လဲဆိုတော့ သူတို့နှစ် ယောက်ကို အခုမှ ကျွန်မ စ,မြင်ဖူးတာ၊ ဒီလိုပဲ အခုမှ လိုက်ပြီး အကဲခတ်တုန်းပဲ"

"ကိုယ်ကတော့ သူတို့ကို တွေ့နေတာ သုံးလလောက်ရှိ ပြီ"

ကျိုင်းသည် ဒီလူ့အပြောကြောင့် မျက်လုံးတွေပြူး ကျ်ပဲ ဝမ်းသာစိတ်က ရင်ထဲဆောင့်ခုန်သွားသည်။ ချက်ချင်းပဲ ခဲ့နဲ့ ရယ်ချတော့မည့် သွားများကို မနည်းစေ့ပိတ်ထားရသော က အတော်ပဲဆိုးပါသည်။ မျက်တောင်ကို ပုတ်ခတ် ပုတ် လုပ်ကာ အံ့ဩဆို့နင့်သောအသံဖြင့် ...

"ဟယ် ... သုံးလတောင်ရှိပြီ၊ အင်း ... ဒါဆိုရင်တော့ ..."

ကျိုင်းက စကားကို ဆက်မပြောတော့ဘဲ မျက်လွှာ သာချလိုက်လျှင် ပုဂ္ဂိုလ်က ကရုဏာသက်ဟန်ဖြင့် ငေးလို့ကြည့် ဘာကို မျက်ဝန်းထောင့်မှာ လှမ်းမြင်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လည်း စိတ်ဓာတ်ကျမသွားပါနဲ့လေ၊ မင်းတို့က
အဆက်အသွယ် ရှိနေတုန်းပဲ မဟုတ်လား"

ကျိုင်းသည် ပုဂ္ဂိုလ်ရဲ့မျက်လုံးတွေထဲသို့ တည့်တည့် စိုက်ကြည့်ကာ အကဲခတ်လိုက်လျှင် သူ့မျက်လုံးတွေထဲမှာ ကျိုင်းကို တကယ်ယုံကြည်သက်ဝင်နေသော အရိပ်အယောင်တွေ တွေ့မြင်လိုက်ရလျှင် အားတက်လို့သွားသည်။ ဒီလူဟာ ကျိုင်းနယုန်မိုးရဲ့ သစ္စာဖောက်ခြင်းခံရသော ရည်းစားဟု အဟုတ်ကို ထင်မှတ်နေရှာတာဖြစ်တော့သည်။

"အဆက်အသွယ်ကတော့ ရှိပါတယ်၊ ဒါပေမဲ့ သူ
ကျွန်မကို စင်ကာပူမှာပဲလို့ သိထားတာပါ"

"ဒီတော့ မင်းက သူ ခြေလှမ်းပျက်နေတဲ့ သတင်းကို ကြ
လို့ လာချောင်းတယ်ပေါ့"

"အင်း ... ဒါနဲ့ ရှင် သူတို့ကို တွေ့တာကြာပြီပေါ့
ခဏခဏ တွေ့လား"





"အင်း ... အစင်အထွက် အမြဲဆုံတယ်၊ အမျိုးသမီးက
အသက်ပိုကြီးပုံရတယ်"

ကျိုင်းသည် ဒီပုဂ္ဂိုလ်ရဲ့ မှတ်ချက်စကားကို ကြားလျှင် မျက်လုံးတွေ လက်ဖြာသွားကာ ခန္ဓာကိုယ်တောင် ရှေ့သို့ ကိုင်းသွားရသည်။

"ဟုတ်တယ် ... ဟုတ်တယ်၊ သူ့ထက်လည်း ပိုက်ဆံရှိ
တယ်၊ အို ... သူနဲ့ လုံးဝမတန်တဲ့ မိန်းမပါရှင်၊ ဒီလူက
ပိုက်ဆံမက်လို့ အဲဒီမိန်းမကို ကပ်တာပါ"

"ဟာ ... မင်းကလည်း ကိုယ့်ရည်းစားကို ..."

"အို ... ကျွန်မက အမှန်ကို ပြောတာပဲဟာ၊ ဟိုက ကိုယ်
တိုင်ငွေရှာနေတဲ့မိန်းမ၊ ကျွန်မက မိဘဆီ လက်ဖြန့်တောင်း
နေရတဲ့ ကျောင်းသူ။ အခုခေတ် ယောကျ်ားလေးတွေက
အရမ်းလည်တာရှင့်၊ သူတို့က ရေရှည်ကို ကြည့်တတ်နေကြ
ပြီ ...



www.burmeseclassic.com

www.burmeseclassic.com



သူဌေးသမီးနဲ့ သူဌေးမ ဘယ်သူက ချွေတွင်းဆို…
သူတို့ သိတယ်"

ကျိုင်းရဲ့အပြောကြောင့် သူက ရှုံ့မဲ့လို့သွားလေသ…

"ဒါဆိုလည်း ဒီလိုလူကို မင်း မေ့ပစ်လိုက်တော့ပေါ့…

"ဟင် ... ဒါပေမဲ့လေ သူနဲ့ ကျွန်မက ဆယ်တန်းတည်း… ချစ်လာခဲ့တဲ့သူတွေရှင့်၊ အခုထိလည်း သူ ကျွန်မကို … ဆဲပါ။ ဒါပေမဲ့ သူက ငွေမက်တယ်လေ၊ အဲဒီမိန်းမကို … မချစ်ဘူး။ အဲဒါကို ကျွန်မ သိတယ် ...

ဒါကြောင့် သူ့ကို ကျွန်မဘက် ပြန်ရောက်လာ… နည်းအမျိုးမျိုးသုံးရမယ်၊ ဒါပေမဲ့ ဘယ်လိုနည်းလမ်း… သုံးရမယ်ဆိုတာ မစဉ်းစားရသေးဘူး ...

ရှင် ကျွန်မကို ကူညီမယ်ဆိုတာ တကယ်လား…

သူက ကျိုင်းရဲ့ အားတက်သရောအမေးကို … ကျပ်နံကျပ်ဖြစ်သွားပုံမျိုးနှင့် မသက်မသာရယ်လေသည်။ ဒီ… ပဲ ကျိုင်းဟာ အခုမှတွေ့သော လူတစ်ယောက်ကို ဖွင့်ပြ…





…သွားမှန်းသတိထားမိလျက် ကိုယ့်ရှိန်ပြန်သတ်ရသည်။ ကျိုင်းရဲ့ …ထဲတွင် ကော့ကို လိုတာထက်ပို၍ ညှကာ အချွဲပိုနေသော …နှင့် ဘယ်လိုမှ သဘောမတူနိုင်ဆိုတာကို ထင်ရှားလာပြီး …ကော် စိတ်မြန်ကိုယ်မြန်ပဲ နှောင့်ယှက်ချင်နေတော့တာဖြစ်သည်။

"ဆောရီး ... ရှင့်ကို pressure ပေးသလို ဖြစ်သွားရင် တောင်းပန်ပါတယ်၊ ကျွန်မလည်း ဟို ... စိတ်တိုပြီး ပြောမိပြောရာတွေ လျှောက်ပြောမိတယ် ...

အခုလောက်ထိ နားထောင်ပေးတာပဲ ကျေးဇူးတင်လှပါပြီ ...

ဂျာနယ်ငှားတဲ့အတွက်ရောပေါ့၊ ရှင့်ရဲ့တန်ဖိုးရှိတဲ့ အချိန်တွေကို ဖြုန်းတီးသလိုဖြစ်သွားရင် တောင်းပန်ပါတယ် နော် ...

ကျွန်မကို ခွင့်ပြုပါဦး"

ကျိုင်းက မလှမ်းမကမ်းမှာ ရပ်နေသော ဝိတ်တာ…ကို လှမ်းခေါ်ကာ ကျသင့်ငွေထက်ပို၍ ဘောက်ဆူးထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီးနောက် ကော်ဖီဆိုင်လေးထဲမှ ခပ်သွက်သွက်ထွက်လာခဲ့
သည်။ ထိုပုဂ္ဂိုလ်ကတော့ ဘာမပြောညာမပြောနဲ့ ထ,ပြန်သွားသ
ကျိုင်းကိုကြည့်ကာ ယောင်နေန ကျန်ခဲ့မည်ဟု ထင်သည်။

အခုလောလောဆယ်မှာတော့ တခြား ဘယ်သူ့အ
အညီမှ မပါလည်းပဲ နယုန်မိုးကို ဘယ်လိုနှောင့်ယှက်ရမလဲ
သော အကြံကို ကျိုင်းရဲ့ ခေါင်းထဲ၌ ရေးတေးတေးသိမြင်လို့
ပြီဖြစ်သည်။ ကြီးရင်မှီ ငယ်ရင်ချီတဲ့။ နယုန်မိုးကို တစ်သက်
ချီနိုင်မှာမို့လား ကေရယ်။





## ၂

အဲဒီနေ့က ကောင်မလေးနှင့် မထင်မှတ်ဘဲ စကား
အကြာကြီးပြောခဲ့ပြီးနောက် သူ့ဆိုင်သို့ ပြန်ရောက်သောအခါ
ထင်သည့်အတိုင်း သူ့သူငယ်ချင်း နန်းကြီးက အပြစ်တင်သော
ားလုံးများနှင့် စောင့်ကြိုနေတာကို တွေ့ရသည်။

“ယော့ကောင် သော်မင်း ... မင်းကွာ ကော်ဖီဆိုင်လေးသွား
တာကို တစ်နာရီကျော်ကြာတယ်၊ ဘာလုပ်နေတာလဲ၊ ငါ
လိုက်တောင်လာတော့မလို့”



www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံးရုံသာပြုံးလျက် မေးခွန်းချက်တစ်စုံတစ်ရာ ပြန်မပေးမိချေ။ နန်းကြီးက သူ့ကို မျက်မှောင်တုတ်ကြည့်ကာ...

"မင်း ဘယ်သူနဲ့ တွေ့နေတာလဲ"

"ကောင်မလေးတစ်ယောက်နဲ့"

နန်းကြီးက သူ့စကားကြောင့် ပြုံးစိစိဖြစ်လို့သွားသည်။ သူ မိန်းကလေးတွေကို စိတ်မဝင်စားတတ်တာ၊ ဂရုတစိုက် သိပ်မရှိတာကို ဒီကောင်က အသိဆုံးဖြစ်သဖြင့် သူ့စကားဟာ နန်းကြီးအတွက်တော့ ပြုံးချင်စရာ ဖြစ်လို့သွားလေသည်။ သူနဲ့ နန်းကြီးဟာ တက္ကသိုလ်ပထမနှစ် စတက်စဉ်တည်းက တွဲလာခဲ့သော သူငယ်ချင်းများဖြစ်ပြီး ကျောင်းပြီးသွားချိန်ထိလည်း အိမ်ချင်းက မနီးမဝေးမှာမို့ ဆက်တွဲနေဖြစ်ခဲ့ကြရာမှ နောက်ဆုံး အလုပ်ပါ အတူတူတွဲလုပ်ဖို့အထိ ဖြစ်လာခဲ့ကြသည်။ တခြားသူငယ်ချင်းတွေကတော့ အိမ်ထောင်ကျသူတွေကျ၊ ကိုယ့်အလုပ်နဲ့ကိုယ် မအားမလပ်ကာ မတွေ့ဖြစ်ကြတော့ချေ။ သူနဲ့ နန်းကြီးကတော့ လက်ကိုင်ဖုန်းတွေ စတင်ခေတ်စားစဉ်တည်းက ဟန်းဒ်ဆက်ရောင်း





ယ်ပြုပြင်ရေး ဝန်ဆောင်မှုပေးသော ဆိုင်တစ်ဆိုင်ကို ဖွင့်လှစ်ခဲ့ ာမှ အခုဆိုလျှင် သူတို့ရဲ့ LIBRA GSM handset အရောင်းဆိုင်မှာ န်ကုန်မြို့တွင် အတော်ကြီးနာမည်ရ အခြေခိုင်နေခဲ့ပြီဖြစ်သည်။

သိပ်မကြာခင် အသစ်ထပ်ဖွင့်သော ရှော့ပင်းမောလ် ကြီးတစ်ခုမှာလည်း ဆိုင်ခွဲတစ်ခု ထပ်ဖွင့်ဦးမှာဖြစ်လေရာ သူတို့ စ်ဦးစလုံး အလုပ်ရှုပ်လျက်ရှိနေကြသည်။ နှစ်ဦးစလုံးဟာ ကိုယ့် အလုပ် အောင်မြင်ရေးအတွက်ပဲ ခေါင်းထဲမှာ ထည့်ထားကာ အေးအေးဆေးဆေးနေတတ်ကြသူတွေမို့ အချစ်ဆိုသော ခေါင်းစဉ် ာ သူတို့ဘဝတွေရဲ့ ကဏ္ဍတွေထဲမှာ ခေါင်းစဉ်ပျောက်လျက် ရှိနေသည်။

"မင်း တကယ်ပြောနေတာလား"

သူက အဲဒီလို နောက်ပြောင်ခဲ့သည်မို့ နန်းကြီးက သူ့စကားကို အပီထည့်ကာ ထပ်၍မေးနေလျှင် သူသည် မျက်လုံး ထဲမှာ ချစ်စဖွယ်ကောင်မလေးရဲ့ပုံစံကို ပြန်မြင်ယောင်လို့လာ သည်။ အရပ်မြင့်မြင့်နှင့် ပခုံးကျယ်ကျယ်ရှိသော ကောင်မလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆစ်အပေါက်သည့် လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်တုန်းက မျက်လုံးအမြင်နဲ့ဆိုရင်တော့ အချိုးမကျတဲ့ ကာလနံကလား၊ နွဲ့နွဲ့နှောင်းနှောင်းမရှိဟု အမှတ်လျှော့ခံရမှာ ဖြစ်မေယ့် နှစ်ဆယ့်တစ်ရာ ရဲ့ မိန်းမပျိုလေးတစ်ယောက်အနေနဲ့ ဆိုရင်တော့ တကယ့်ကို စတားဖြစ်သော ဆိုက်ဂိုက်မျိုးပဲဖြစ်သည်။ သူက ဒီကောင်မလေးကို လေယာဉ်ကွင်းမှာ မြင်ခဲ့ကတည်းက သဘောကျ နှစ်ခြိုက်ခဲ့ရတာ ဖြစ်သည်။ အဲဒီနေ့က သူက နန်းကြီးကို လေယာဉ်ကွင်းသွားကြို ခဲ့ရတာဖြစ်သည်။

သူ ဝင်တိုက်ခဲ့မိသော ကောင်မလေးက အခု နိုင်ငံခြားတိုင်းပြည်က ပြန်ရောက်လာသူပီပီ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးပုံစံနှင့် သူ့ကို ဖြေပေးသွားတာကို သူက သဘောကျခဲ့ရသည်။ အရပ်မြင့်မြင့်မှာ ဆံပင်တိုတိုအုပ်အုပ်ပုံစံက ထား,ထားခြင်းက တခြားတစ်ပေယာက် ဆိုရင်တော့ လိုက်ချင်မှ လိုက်ဖက်မှာဖြစ်ပေမယ့် သူမလေးကတော့ ငယ်ရွယ်သေးသော သူလေးမို့ နုနယ်ချစ်စဖွယ် ကောင်းသွားသည်။





အခုတော့ အဲဒီကောင်မလေးကို မထင်မှတ်သော နှင့် ပြန်ဆုံတွေ့ခဲ့ရပြီ။ တွေ့မယ်တွေ့တော့လည်း ကောင်မ သေးခမျာမှာတော့ ... ...။ သူက မအီမလည်ကြီးပဲ ခံစားရလေ သည်။

"တကယ်ပြောနေတာကွ၊ မင်းကိုတောင် လေဆိပ်ထဲမှာ ငါ လှမ်းပြခဲ့တဲ့ ကောင်မလေးလေ"

အဲဒီအချိန်တုန်းက သူနဲ့ နန်းကြီးကလည်း ဆုံတွေ့ ပြီးပြီမို့ သူက မလှမ်းမကမ်းမှာ အမျိုးသမီးတစ်ယောက်နဲ့ ား ရပ်ပြောနေသော သူမကို လှမ်းပြခဲ့သေးသည်။ နန်းကြီးက သည်း သူမကို စင်ကာပူလေဆိပ်မှာတည်းက ဆုံခဲ့ဖူးသူအဖြစ် တ်မိနေခဲ့သည်။

အရပ်မြင့်မြင့်ဖြစ်သော်လည်း ပိန်သွယ်ပါးလျသော ချိုးအဆစ် မဟုတ်သည့် သူမရဲ့ ဆိုက်ဂိုက်နှင့် ချစ်စဖွယ် က်နှာပေးသည့် တစ်ခါတွေ့ဖူးထားလျှင် နောက်တစ်ခါ ထပ်မှတ် နိုင်သော ရုပ်သွင်ပိုင်ရှင်ပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အဲဒီကောင်မလေးလား၊ မင်းနဲ့ ကော်ဖီဆိုင်ထဲ မှာ ဆုံပြီး ကြည်လာတာပေါ့၊ ဟား ... ရန်ကုန်မြို့ကြီးထဲမှာ ဒီလောက်ကော်ဖီဆိုင်တွေ ပွထနေတဲ့အထဲမှာမှ သူနဲ့ သွား ဆုံတာ မင်းအတွက် ဖူးစာရေးနတ်က လှုပ်ရှားပေးပြီနဲ့တူ တယ် ...

လူပျိုကြီး (၂၀၀၈)ထဲမှာတော့ စွံပြီပေါ့"

သူရော နန်းကြီးရောဟာ နှစ်ဆယ့်ကိုးပြည့်ပြီး သုံး ဆယ်ထဲမှာ ရောက်နေကြသူတွေမို့ အကြောင်းသိသူတွေက လူပျို ကြီးတွေဟု စနောက်ခံနေရသော အချိန်တွေလည်း ဖြ

"မင်းကလည်းကွာ ထင်ရာမြင်ရာတွေ စွတ်ပြောနေပြန်ပြီ" ဟိုက သူ့ရည်းစားကို လာချောင်းတာ"

"ဘယ်လို ..."

နားမလည်သလို မျက်လုံးဝိုင်းသွားသော နန်းကြီးကို သူက ကောင်မလေးနဲ့ တွေ့ဆုံခဲ့ပုံအကြောင်းကို အတိုချုံ့က





ပြောပြလိုက်ရသည်။ နန်းကြီးက သူ့စကားတွေကို နားထောင်ပြီး သွားသောအခါ ...

"အင်း ... သူ ပြောသလိုဆိုတော့လည်း သနားတော့သနား စရာလေးပဲ၊ ဒီခေတ်ထဲမှာ ဒီလိုကောင်တွေလည်း ရှိတာပဲ လား"

"သြော် ... ဒီခေတ်ထဲမှာတော့ မဟုတ်ဘူးပေါ့ကွာ၊ အရင် ခေတ်ထဲကလည်း ရှိခဲ့တာပဲ၊ ယောကျ်ားတွေမှာလည်း ရှိတာပဲ၊ မိန်းမတွေထဲမှာလည်း ရှိတာပဲ"

"စိတ်တော့ဝင်စားစရာပဲကွ၊ အမြဲတမ်း ကိုယ့်အလုပ်ထဲ မှာပဲ နှစ်မြုပ်နေရတော့ ဒီလို သုံးပွင့်ဆိုင် ဇာတ်လမ်းလေး တွေ ကြားတော့လည်း ရင်ခုန်မိသား ... ဟား ... ဟား ... ဟား ...

ဘာလဲ ... ဟိုကောင်လေးက အဲဒီသူ့ထက်ကြီးတဲ့ မမကို မြူဆွယ်ခြူစားနေတဲ့သဘောပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နန်းကြီးရဲ့ အပြောကြောင့် သူက တဟားဟား အော်ရယ်မိလေသည်။

"အဲဒါတော့ ငါလည်း မသိဘူးကွာ၊ ပထမတော့ ကိုယ်နဲ့ မဆိုင်လို့ အမှုမဲ့အမှတ်မဲ့ပဲပေါ့"

"အခုတော့ ဆိုင်သွားပြီပေါ့လေ၊ ညီမလေးကို ကူညီပေးချင်ပြီပေါ့"

"ကူညီပေးမယ်လို့တော့ မပြောလိုက်ပါဘူးကွာ၊ သူ့ခမျာလည်း ပြောမိပြောရာ ပြောထွက်သွားတဲ့ပုံစံမျိုးပါ၊ ပြီးတော့ ချက်ချင်းပဲ ကောက်ကာငင်ကာ ထပြန်သွားတော့တာပဲ"

"ဟင် ... ဒါဆို မင်းက သူ့နာမည်လေးတောင် မသိဘူးပေါ့"

သူက နန်းကြီးကို ခေါင်းယမ်းပြလိုက်သည်။ နန်းကြီးက သူ့ကို ရှုတ်ချဟန်ဖြင့် ...

"အံ့ပါရဲ့ကွာ၊ သူနဲ့တော့ ကော်ဖီဆိုင်ထဲမှာ တစ်နာရီလောက် အချိန်ဖြုန်းနေခဲ့ပြီး နာမည်လေးတောင် မသိခဲ့ရဘူးဆိုတော့





ဒီဇာတ်လမ်းမှာ မင်းက ဇာတ်လိုက် မဖြစ်နိုင်တော့တာ သေချာပြီ ...

ဇာတ်ပို့ပဲ လုပ်တော့"

သူက နန်းကြီးရဲ့စကားကို သဘောတကျနှင့် တဟားဟားပဲ ရယ်မောမိလေသည်။ ဇာတ်ပို့ဆိုသော ဝေါဟာရကို သူကလည်း သဘောကျပါသည်။ တစ်ခါတလေ ရုပ်ရှင်ကားတစ်ကားမှာ ဇာတ်ပို့တွေကလည်း ဇာတ်လိုက်ထက်ကောင်းနေတာမျိုး၊ ပရိသတ်က ပိုသဘောကျရတာမျိုးတွေလည်း ရှိတတ်တာပဲ မဟုတ်လား။

ဥပမာပြောရလျှင် ကမ္ဘာကျော် ဂျိမ်းစ်ဘွန်းဇာတ်ကားတွေဟာ အင်မတန်ထူးချွန်တဲ့ ဒုစရိုက်သမားဇာတ်ပို့တွေကြောင့် ရင်သပ်ရှုမော ကြည့်ကောင်းရတာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်မှာတော့ သူဟာ ကောင်မလေးနဲ့ တွေ့ဆုံခဲ့တဲ့ ကော်ဖီဆိုင်လေးသို့ တစ်နေ့က အချိန်အတိုင်းပဲ ရောက်သွားခဲ့သေးကာ သူမလေးများ ရောက်လာလေမလားဟု စောင့်ကြည့်မိခဲ့သေးသော်လည်း သူမလေးက ရောက်မလာခဲ့ချေ။ သူမ လာချောင်းသောစုံတွဲကတော့ ရောက်လာကာ စကားစမြည် ပြောဆိုလျက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကြည်နူးလျက်ရှိနေကြလျှင် သူသည် ငွေငန်းဖြူလေးနှင့်တူသော ကောင်မလေးရဲ့မျက်နှာကို မြင်ယောင်လာကာ ပင့်သက်ကို အသာရှိုက်မိလေသည်။





ဟုတ်သားပဲ၊ သူမကို တစ်ယောက်ယောက်နဲ့ တူပါယ်လို့ အောက်မေ့နေခဲ့တာ လက်စသတ်တော့ သူမဟာ လည်ပင်းရှည်ရှည်လေးနှင့် ခေါင်းအမြဲမော့ထားတတ်သောကြောင့် ငွေငန်းဖြူမလေးနှင့် တကယ်ကိုတူပါသည်။ အဲဒီငွေငန်းဖြူမလေးက ဒီနေ့တော့ မလာတော့ဘူးဟု ထင်သည်။ တကယ်ကိုပဲ တစ်နာရီလောက် စောင့်ကြည့်နေခဲ့သော်လည်း သူမလေးက ရောက်မလာခဲ့ပါ။

အဲဒီနေ့တင်သာမကပဲ တစ်ပတ်ကျော်ကြာတဲ့အထိ ပင်လည်း သူမကို မတွေ့ရတော့ချ။ သူသည် ဟိုမညီမညာစုံတွဲတကောင်မလေးကို သွားမေးဖို့တောင် စိတ်ကူးထဲပေါ်လာသေးလေရာ အဲဒီစိတ်ကူးကို အလန့်တကြားပဲ ပယ်ချလိုက်ရလေသည်။ သူ့စိတ်ထဲတွင် ဒီကောင်မလေးကို ဘာကြောင့်များ ဒီလောက်ထိ ရှာပေးမိနေသလဲဆိုတာ သူ့ကိုယ်သူတောင် ဝေခွဲမရတော့ချေ။

သေချာတာကတော့ သူမကို လေယာဉ်ကွင်းမှာ တွေ့ကတည်းက နှစ်လိုဖွယ်ကောင်းသောပုံစံလေးကို သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ နောက်ထပ် ထပ်တွေ့တော့လည်း စိတ်ဝင်စားစရာ ကောင်းသော သူမရဲ့ပုံစံ (ဂျာနယ်ကို ဆွဲလုတာ၊ သစ္စာဖောက်သော ရည်းစားကို လာချောင်းတာ)ကြောင့် အဲဒီဇာတ်လမ်းလေးကို စိတ် ဝင်စားခဲ့ရသည်။ တကယ်တမ်းတော့ သူမက အချိန်တိုတွင်းမှာပဲ သူမရဲ့ စိတ်ဝင်စားမှုတွေကို ဆောင်ယူလို့သွားခဲ့တာ ဖြစ်ပါသည်။

ဒီနေ့ကတော့ ရွှေပင်းမော်လ်ကြီးမှာ ဖွင့်ထားသည့် တွေ့ဆ ... ဆိုင်ခွဲသို့ သူ လာရောက်ထိုင်ရမည့် အလှည့်ဖြစ်သည်။ ... ာ ကားပါကင်မှာ ကားထိုးအပြီးမှာပဲ သူ့ရှေ့မှ ဖြတ်လျှောက် သွားသော တစ်စုံတစ်ယောက်ကို လှမ်းမြင်လိုက်ရလျှင် အံ့ဩ ဝမ်းသာလို့သွားခဲ့သည်။

ငွေငန်းဖြူမလေး ...။ သူက စိတ်ထဲမှ ရေရွတ်ကာ ကမန်းကတန်းမင် ကားပေါ်မှဆင်းလျက် သူမရဲ့အနောက်သို့ အမြန်လိုက်လာမိခဲ့သည်။ သူမက သူ လိုက်လာပုံကို သိတော် မသိချေ။ လည်ပင်းရှည်ရှည်ကို ရှည်သထက်ရှည့်အောင် ခေါင်း မော့လျှောက်ကာ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရှုလျက် ရှိနေသည်။





အစိမ်းရောင် စပို့ရှပ်လက်တိုကို မီးခိုးရောင်သရီးကွာ ဘာဘောင်းဘီဖြင့် တွဲဖက်ဝတ်ဆင်ထားလျက် All Star ဖိနပ်ကို ခြေအိတ်မပါဘဲ ဝတ်ဆင်ထားပုံမှာ သူမကို လွတ်လပ်ပေါ့ပါးမှု အရှိဆုံးလူတစ်ယောက်အဖြစ် မြင်ရစေလေသည်။ လက်ထဲမှာ ဘာအိတ်မှကိုင်မထားဘဲ ခါးမှာသာခါးပတ်အိတ်တစ်လုံးကို ပတ် ထားသောပုံစံက တခြားကောင်မလေးတွေနဲ့ ပိုကွဲပြားခြားနားသွား စေပါသည်။

သူက သူမရဲ့အနောက်မှ လိုက်ပါရသော ခံစားချက် ကို ကိုယ့်ဘာသာကိုယ် ရိပ်မိဆန်းစစ်မိသွားလျှင် တစ်ကိုယ်တည်း ကျိတ်ပြုံးမိလေသည်။ သူနဲ့ ရွယ်တူလည်းမဟုတ်တဲ့ ကောင်မလေး တစ်ယောက်ရဲ့နောက်ကို သူက ဘာအဓိပ္ပာယ်နဲ့များ လိုက်မိနေ ဘာပါလိမ့်။ သေချာတာကတော့ သူမရဲ့နောက်ကို လိုက်ကြည့်ရုံ သက်သက်မဟုတ်ဘူး ဆိုတာတော့ သူ့ကိုယ်သူ သိခဲ့သည်။

သူက သူမရဲ့ အနောက်ကနေ မသိမသာ ခွာလိုက် ရင်းမှ တစ်နေရာအရောက်တွင် သူမ ဦးတည်နေသော နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဘယ်နေရာဆိုတာကို သိသွားရလျှင် မျက်ခုံးပင့်သွားရလေသည်။ သူမ ဝင်သွားတာ သူ့ရဲ့ GSM handset အရောင်းဆိုင်ကို ပါလား။ သူက ကံတရားရဲ့လက်ဆောင်ကို ကြည်နူးစွာ လက်ခံယူရင်း ဆိုင်ထဲသို့ ခပ်ဖြည်းဖြည်း ဝင်လာခဲ့သည်။

သူမက သူ့ကို မမြင်သေးချေ။ ရှိုးကေ့စ်တွေထဲမှာ ပြထားသော handset တွေကို ကြည့်နေလေသည်။ သူမကို ရှင်းလင်းပြနေသော သူ့ဝန်ထမ်းလေးကသာ မြင်သွားလျက် သူ့ကို လှမ်းနှုတ်ဆက်သည်။ ဒီတော့မှ သူမက နောက်သို့ လှည့်ကြည့်ရင်း သူ့ကို မြင်သွားတာ ဖြစ်လေသည်။

ဒီတော့မှ သူကလည်း သူမကို အခုမှ မြင်သည့်ဟန်ဖြင့် မျက်ခုံးပင့်ကာ တအံ့တသြ ပြုံးပြလိုက်လေသည်။

"ဪ ... မင်းပါလား"

သူမကလည်း သူ့ကို မြင်သောအခါ တကယ်ပဲ အံ့သြသွားဟန်ရှိသည်။ ပြီးတော့ မျက်ဝန်းတွေကလည်း တောက်သွားသည်ဟု ထင်ပါသည်။ သူမ ပြုံးလိုက်သောအခါ မျက်ဝန်းတွေက လက်ခနဲဖြစ်သွားသည်။ ဒီတော့မှပင် သူမကို ချစ်စရာကောင်းအောင် ပံ့ပိုးပေးသောအရာမှာ အပြစ်ကင်းသော အပြုံးတစ်ချက်ဆိုတာ သဘောပေါက်လို့သွားရတော့သည်။





"ပုဂ္ဂိုလ်ကြီး"

သူမ နှုတ်ဖျားမှ ထွက်ကျလာသော နှုတ်ဆက်သံစကားလေးကို ကြားရလျှင် သူက သူ့ဝန်ထမ်းတွေရှေ့မှာ မျက်နှာမထားတတ်အောင် ဖြစ်သွားရသည်။ ဆက်ပြောနေရလျှင် လွန်တာတွေ ပါလာမှာစိုးသဖြင့် သူက ခပ်မြန်မြန်ပဲ မိတ်ဆက်ပြောပြလိုက်ရလေသည်။

"ဒါ ကိုယ့်ဆိုင်လေ။ ကိုယ် ဘာကူညီပေးရမလဲ"

ဒီတော့မှ သူ့အပြစ်ကိုသူ သဘောပေါက်သွားဟန်ရှိသော သူမက ခက်လေးကိုပုကာ "ဪ ... ဟုတ်လား"ဟု တိုးတိုးလေး ရေရွတ်ပုံသည် သေသောက်တဲ့ အပြစ်ဒဏ်ကိုတောင် ခွင့်လွှတ်စေနိုင်သည့် အပြစ်ကင်းစင်ပုံမျိုးဖြစ်သည်။ သူက သူမ ပုံစံကို တစ်ချက်အကဲခတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့တုန်းက မင်းက ကိုယ့်ကို ကော်ဖီတိုက်ခဲ့တယ်နော်၊ အခု ကိုယ်က ပြန်တိုက်ခွင့်ရှိမလား"

သူမက သူ့ကို မော့ကြည့်လာလျှင် သူက မျက်စောင်းထိုးနေရာမှာရှိသော ဂျေဒိုးနတ်ဆိုင်ကို မျက်စပစ်ပြလိုက်သည်။ အဲဒီနောက်မှာတော့ သူမနဲ့အတူ သူက ဂျေဒိုးနတ်ဆိုင်ထဲသို့ ရောက်ရှိလို့ သွားခဲ့လေသည်။ သူက လူကျနေသောဆိုင်ထဲကို တစ်ချက်ဝေ့ကြည့်ကာ ...

"မင်း ဘာစားမလဲ၊ ကိုယ် ဝယ်လာခဲ့မယ်လေ၊ လူတွေကများတော့ နေရာမရမှာ စိုးရတယ်"

သူ ဒီလိုပြောလိုက်တာနှင့် သူမက လှစ်ခနဲပြုံးကာ ကျွန်မ သွားဦးထားပေးမယ်ဟု ပြောလေသည်။

"မင်းအတွက် ဘာဝယ်ခဲ့ရမလဲ"

"ကော်ဖီနဲ့ ဒိုးနတ်တစ်ခုဆို ရပြီ"

"အိုကေ ... သွားစောင့်နေလိုက်နော်"





သူမက ပြုံးကာ ချာခနဲ လှည့်ထွက်သွားသည်။ ...တန်းပြီး မုန့်ဝယ်ပြီး ပြန်အလာ၌ သူမကို ရှာဖွေလိုက်လျှင် ...ဆောင့်ကနေရာတစ်ခုကို ရသွားသော သူမက လက်လှမ်းပြလေ...သည်။ သူက သူမ ထိုင်နေသော နေရာသို့ လင်ပန်းကို အသာမ...တာ လျှောက်လာခဲ့သည်။ အဲဒီနောက် သူမရဲ့ရှေ့သို့ ကော်ဖီခွက်...င် ဒိုးနတ်မုန့်ကို ချပေးလိုက်လျှင် သူမက သူ့ကို ပြုံးပြုလေးနဲ့ ...ခေါင်းညိတ်ကာ အသိအမှတ်ပြုပေးသည်။

"ကဲ ... သုံးဆောင်၊ ကိုယ်တို့ မမျှော်လင့်ဘဲ ပြန်ဆုံတဲ့ အထိမ်းအမှတ်နဲ့ပေါ့နော်"

သူ့အပြောကို သူမက မျက်ခုံးပင့်ကာ ပြုံးပြသည်။ ...တတ်တယ်ဆိုသော သဘောပေါ့။

"ကိုယ်တို့နှစ်ယောက်ကို မိုးနတ်မင်းက မိတ်ဆွေအဖြစ် မြင်ချင်တယ်နဲ့တူတယ်၊ မမျှော်လင့်ဘဲ လာ,လာဆုံနေကြတယ်"

"မိုးနတ်မင်းရဲ့ အလိုတော်အရပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့အပြောကို သူက တဟက်ဟက်နှင့် ရယ်လေသည်။ ဒီကောင်မလေးဟာ တခြားမိန်းကလေးတွေနဲ့ မတူတာက ပွင့်လင်းဖြူစင်သော အကျင့်စရိုက်လေးပဲ ဖြစ်သည်။ သူဟာ ဒီလိုကောင်မလေးတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရတော့မည့် ကံ့အတွက် တကယ်ပဲ ရင်ခုန်ကျေနပ်လို့ နေပါသည်။

"ဒါဆိုလည်း မိုးနတ်မင်းရဲ့အလိုတော်အရ မိတ်ဆက်လိုက်ကြရအောင်၊ ကိုယ့်နာမည်က သော်မင်းစိမ်းလို့ ခေါ်တယ်ရော့ ... ဒါက ကိုယ့်ကတ် ...

LIBRA ... ဆိုတဲ့ GSM handset ဆိုင်က ကိုယ်နဲ့ ကိုယ့်ပါတနာ တစ်ယောက်နဲ့ အတူတူ ဖွင့်ထားတာပေါ့ ...

တစ်နေ့က မင်း ထိုင်ခဲ့တဲ့ ကော်ဖီဆိုင်ရှိတဲ့ လမ်းထဲမှာပဲ၊ ကိုယ်တို့ဆိုင် ရှိတယ်လေ၊ ဒီရှောပင်းမော်လ်ဆိုင်က ဖွင့်တာ သိပ်မကြာသေးဘူးပေါ့"





သူက ပြောရင်းဆိုရင်းနဲ့မှ သူ့အိတ်ထဲမှ ကတ်လေးကို သူမရှေ့သို့ ချပေးလိုက်လျှင် သူမက ချက်ချင်းပဲ ကောက်ဖတ်ကြည့်လေသည်။

"LIBRA ဆိုတော့ တူရာသီဖွားကိုပြောတာလား"

"အင်း ... ဟုတ်တယ်၊ ကိုယ်ရော ကိုယ့်သူငယ်ချင်းရောက LIBRA တွေပေါ့။ အဲဒါနဲ့ ဆိုင်နာမည်ကို တွေတွေထူးထူး စဉ်းစားမနေတော့ဘဲ နှစ်ယောက်လုံးကို ကိုယ်စားပြုတဲ့ LIBRA ကိုပဲ ရွေးလိုက်တာ"

သူမက ကတ်လေးကို ခါးပတ်အိတ်ထဲထည့်ရင်းမှ သူ့ကို မျက်လုံးလှန်ကြည့်ကာ ...

"ကျွန်မလည်း LIBRA ပဲလေ"

"ဟုတ်လား၊ ဩော် ... တိုက်တိုက်ဆိုင်ဆိုင်"

သူ့အပြောကို သူမက အသာပြုံးကာ ကော်ဖီကို သူသောက်နေလေသည်။ သူကသာ မိတ်ဆက်ပြောကြားပြီးသွားသော်လည်း သူမက အခုချိန်ထိတောင် သူမကိုယ်သူမ မိတ်မဆက်



www.burmeseclassic.com

www.burmeseclassic.com



သေးချေ။ တမင်မပြောသေးတာလား၊ မေ့ချင်ဟန်ဆောင်နေတာ လား မသိရသော ကောင်မလေးကိုကြည့်ကာ သူ အသည်းယား လာသည်။

သူက ပါးစပ်ပွင့်တော့မည့်ဟန်ပြင်တုန်းမှာပဲ သူမက စကားစ,လာသဖြင့် သူ့မှာ ပြောမယ့်စကားတွေကို အသာပြန်မျိုရ လိုက်ရပြန်သည်။

"LIBRA တွေရဲ့ သဘောသဘာဝက မျှမျှတတရှိတယ် သူတစ်ပါးကို ကူညီတတ်တယ်၊ မျက်စိရှေ့မှာ အမြင်မတော် တာတွေ့ရင် ကိုယ်နဲ့ဆိုင်ဆိုင် မဆိုင်ဆိုင် ဝင်ကူညီတတ် တယ်တဲ့ ...

အဲဒါ ဟုတ်လားဟင်"

သူက ဒီကောင်မလေး ဘာကိုဆိုလိုတယ် ဆိုတာ သိသဖြင့် ကောင်မလေးရဲ့ မျက်လုံးတွေထဲ တည့်တည့်စိုက်ကြည့် လိုက်လျှင် ကောင်မလေးက ရှက်ရွံ့စွာ ခေါင်းငုံ့သွားရမည့်အစား ပြုံးစိစိဖြင့် မျက်နှာလွှဲသွားလေသည်။





"အင်း ... အခုထိတော့ မကြုံဖူးသေးပါဘူး၊ မင်းရော"

"ကျွန်မကတော့ အခုမှ စတာ"

"ဘယ်လိုလဲ အဆင်ပြေပြီလား"

သူမက သူ့မေးခွန်းကို မဖြေဘဲ ပခုံးကိုပဲ အသာတွန့် ပြလေသည်။ မျက်နှာလေးကတော့ တစ်ချက်ညှိုးမှိုင်းလို့သွားလျှင် သူ့စိတ်ထဲ၌ ကရုဏာစမ်းလေးတစ်စင်း ဖြတ်စီးဆင်းသွားသည်။ ဒါနဲ့ပဲ သူက စကားလွှဲဖို့ပြင်လိုက်ကာ ...

"ဖုန်းက ဘာဖြစ်တာလဲ၊ handset လဲချင်လို့လား"

"အင်း ... လဲရင်ကောင်းမလားလို့၊ လဲလည်း မလဲချင်ပါ ဘူး၊ ဒီဇာန်းဆက်လေးကို သဘောကျလို့လေ၊ ဖုန်းက ဘာဖြစ်မှန်းမသိဘူး၊ လိုင်းမမိချင်ဘူး၊ ကြောင်လည်းကြောင် တယ်"

သူမက သူ့ရဲ့ လက်ကိုင်ဖုန်းလေးကို စားပွဲပေါ် လှမ်းတင်ပေးကာ သူ့ရှေ့သို့ တွန်းပေးလိုက်သည်။ သူက O₂ အမှတ်တံဆိပ် လက်ကိုင်ဖုန်းလေးကို တစ်ချက်ယူကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မြင်ကြည့်ချင်သေးလား"

"အင်း ... မြင်လို့ရရင်တော့ မြင်ကြည့်ချင်တာပေါ့၊ ပုဂ္ဂိုလ်ကြီးက မြင်ပေးမှာလား"

သူက သူမရဲ့ အခေါ်အဝေါ်ကြောင့် ရှုံ့မဲ့သွားလျှင် သူမက ဒိုးနတ်မုန့်ကို ကိုက်နေရင်းမှ ပါးစပ်ပိတ်ရင်း ရယ်မောလေသည်။

"ဘာလဲကွာ ပုဂ္ဂိုလ်ကြီးဆိုတဲ့နာမည်က အထက်ပုဂ္ဂိုလ်လား၊ အောက်ပုဂ္ဂိုလ်လား၊ ဘာပုဂ္ဂိုလ်ကို ပြောတာလဲ၊ ဘာလို့ အဲလိုကြီး ခေါ်ခေါ်နေရတာလဲ"

"ဟင် ... ပုဂ္ဂိုလ်ကြီးက ကျွန်မထက် ကြီးတာပဲ မဟုတ်လား၊ ဟော့လူကြီးလို့ခေါ်တာထက်စာရင် ပုဂ္ဂိုလ်ကြီးလို့ ခေါ်တာ ပိုမကောင်းပေဘူးလား"

"ကောင်းပေပါတယ် ကောင်းပေပါတယ်၊ ကဲ ... ညည်းက ငါ့ကို ပုဂ္ဂိုလ်ကြီးလို့ခေါ်တော့ ငါကရော ညည်းကို ဘယ်လိုခေါ်ရမှာလဲ"





"ကျိုင်းပေါ့"

သူမက မျက်ခုံးလေးပင့်ကာ ပြုံးရစ်ဖြင့် ဖြေလျှင် သူက အဲဒီပုံစံလေးကို သဘောကျစွာ ပြုံးကြည့်နေမိသည်။ ဒီ ောင်မလေးဟာ လူတင်ဆန်းကြယ်တာမဟုတ်ဘဲ နာမည်ကပါ ထူးအဆန်းပါလား။

"ကျိုင်း ! ...၊ မပေါက်ကျိုင်းတဲ့လား"

"အာ ... ပေါက်တီးပေါက်ရှာ၊ ဟုတ်ပါဘူး။ ကျွန်မနာမည် ကျိုင်းစင်မြဝါတဲ့"

သူက သူမရဲ့နာမည်ကို ကြားလျှင် မျက်ခုံးပင့်သွား သည်။ ကျိုင်းစင်မြဝါ ...။ ထူးလည်းထူးဆန်းတဲ့ နာမည်ပဲ။ ည်က ဆန်းမလိုနဲ့ရိုးကာ ရိုးမလိုနဲ့လည်း ပြန်၍ဆန်းစေသည်။ နာမည်တစ်ခုနဲ့လည်း တူပြန်သေးသော ဒီနာမည်ရဲ့ ချစ်စရာ ောင်းပုံကို သူက သဘောတကျဖြင့် ...

"ကျိုင်းစင်မြဝါ ဟုတ်လား။ ဘယ်လိုအဓိပ္ပာယ်နဲ့ ပေးထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပုဂ္ဂိုလ်ကြီး တကယ် မသိဘူးလား၊ ကျိုင်းစင်မြဝါရဲ့ ခက်ဆစ်အဓိပ္ပာယ်က ဖွံ့ဖွံ့ထွားထွား စင်ကြယ်စိုပြည်သူ ချစ်ခင်ကြင်နာသူတဲ့"

"သြော် ... အေး ... ဟုတ်သားပဲ။ ဆယ်တန်းမြန်မာစာထဲမှာ ပါဖူးတယ်၊ မင်းနဲ့ အဲဒီနာမည်နဲ့က တကယ်လိုက်ပါတယ်"

သူမက သူ ဘာကိုဆိုလိုပြီး ပြောမှန်းသိသော်လည်း အထွေအထူး ရှက်ရွံ့နေခြင်းမရှိဘဲ ပခုံးလေးကို ကျုံ့ကာ ပြုံးနေသည်။ သူက စားပွဲပေါ်က ဖုန်းလေးကို ကောက်ကိုင်ပြလိုက်ကာ ...

"ဒါကို ကိုယ် ပြင်ပေးရမှာ သေချာတယ်နော်"

"အင်း ... ပြင်ပေးလေ၊ ထားခဲ့ရမှာလား"

"ဒါပေါ့၊ ရရင် မင်းကို ကိုယ် ဖုန်းလှမ်းဆက်လိုက်မယ်၊ တခြား handset တွေ ကြည့်ချင်ရင်လည်း ကြည့်သွားနော်"

"တော်ပြီ မကြည့်တော့ဘူး၊ ဟင် ..."





သူမက သူ့ကို ပြောင်စပ်စပ်ပြေနေရင်းမှ တစ်နေရာသို့ အကြည့်ရောက်သွားလျှင် မျက်လုံးပြူး ထိတ်လန့်လို့သွားလေသည်။ သူပင်လျှင် အလန့်တကြားဖြစ်သွားလျက် ...

"ဘာ ... ဘာလဲ"

"ဟို ... ဟိုမှာ။ သူ ... သူနဲ့ ဟိုအစ်မကြီး"

သူမ လှမ်းပြသောနေရာသို့ ကြည့်လိုက်လျှင် ဆိုင်ထဲသို့ ဝင်လာသော သူမရဲ့ ရည်းစားကောင်လေးနှင့် အမျိုးသမီးကို သူပါ တွေ့မြင်လိုက်ရသည်။ သူမက ချက်ချင်းပဲ အိတ်ထဲမှ Note စာအုပ်အသေးလေးကိုယူကာ တစ်စုံတစ်ရာကို အမြန်ရေးခြစ်လျက် အဲဒီစာရွက်လေးကို လင်ပန်းနှင့်ဖိထားကာ ထိုင်ရာမှ အမြန်ထလေသည်။ သူကတော့ သူမ လုပ်ကိုင်နေပုံတွေကို ဘာမှ နားမလည်ချေ။

သူမက ကြောင်ငေးနေသော သူ့ကိုပါ လက်ယပ်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ပုဂ္ဂိုလ်ကြီး ဒီမှာ ခဏထိုင်နေခဲ့ဦး၊ ကျွန်မ အရင်ထွက်မယ်သိလား၊ ဟိုစုံတွဲ ဒီစာကို ဖတ်ပြီးရင် မျက်နှာပျက်လိမ့်မယ်၊ ရှင့်ကို မေးလိမ့်မယ်၊ အဲဒီကျရင် ရှင် အိုဗာတင်းဖျော်ပေးလိုက်၊ ပေါက်တယ်နော်၊ ညှိချိန်မရတော့ဘူး ကျွန်မ သွားပြီ"

သူမက ပြောပြောဆိုဆိုနှင့် ထပြေးသွားလျှင် သူ့မှာဘာမှတောင်မေးချိန်မရတော့ပေ။ သို့သော် သူက သူမ ဘာကိုဆိုလိုသွားတယ်၊ သူ ဘယ်လိုလုပ်ပေးရမယ် ဆိုတာ ရိပ်မိလျက်ထိုင်ခုံမှာ ဣန္ဒြေမပျက် ဆက်ထိုင်နေရသည်။

သိပ်မကြာချေ။ နေရာလွတ်သိပ်မရှိသော ဆိုင်ထဲမှာထိုစုံတွဲက သူမ မျှော်လင့်ထားသည့်အတိုင်း သူ့နေရာသို့ ရောက်လာလေသည်။ သူနှင့်သူမတို့ ထိုင်ခဲ့သောနေရာက ထောင့်စွန်းစားပွဲရှည်လေးဖြစ်လေရာ သူက အတွင်းဘက်မှာထိုင်နေသဖြင့် ထိုစုံတွဲက အပြင်ဘက်ကနေရာမှာ အတူတူယှဉ်ထိုင်ကြသည်။





သူ့ကို တစ်ချက်လှမ်းကြည့် အကဲခတ်ကြသော်လည်း သူက ဂရုမထားသည့်ပုံစံမျိုးဖြင့် သူမရဲ့ လက်ကိုင်ဖုန်းလေးကို စစ်ဆေးကြည့်လိုက်သည်။ ဖုန်းဖွင့်လိုက်လျှင် ဖုန်းထဲမှာ ဘက်ဂရောင်းထည့်ထားသော သူမရဲ့ဓာတ်ပုံလေးကို တွေ့လိုက်ရသည်။ ဓာတ်ပုံထဲက သူမသည် စင်ကာပူရဲ့ အသည်းနှလုံး ဆန်တိုဆာအရုပ်ကြီးကို နောက်ခံထားကာ အဝတ်အစားကတော့ မြန်မာဝတ်စုံပြည့်ကို ဝတ်ဆင်ထားသဖြင့် သူ့မျက်လုံးထဲ၌ တစ်မျိုးထူးခြားလို့နေသည်။ စင်ကာပူရဲ့ နာမည်ကြီးရုပ်တုကြီးကို နောက်ခံထား၍ဓာတ်ပုံရိုက်ထားတာ ဘာမှ မထူးဆန်းပေမယ့် နိုင်ငံခြားရောက်မြန်မာအမျိုးသမီးလေးတစ်ဦးအဖြစ် မြန်မာဝတ်စုံလေးဝတ်ကာရိုက်ထားခြင်းက တကယ်ပဲ သဘောကျနှစ်ခြိုက်စရာကောင်းပါသည်။

အပြာနုရောင် ရင်ဖုံးအင်္ကျီ၊ အပြာရောင်ရိုက်ထဘီကို တဘက်လေးပါ လွှမ်းခြုံထားပြီး ယဉ်စစပြုံးမြနေပုံက ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါ ဘာသဘောလဲ နယုန်၊ ဒါ ဘယ်သူရေးသွားတာလဲ ပြောစမ်း"

သူ့ရှေ့မှ ဒေါသတကြီးထွက်ပေါ်လာသော အသံတစ်ခုက သူ့နားထဲသို့ ဆူးဆူးရှရှ တိုးဝင်လာသောအခါ တွေးနေသော အတွေးစတို့ပင် တစ်ဝက်တစ်ပျက် ရပ်တန့်လို့သွားရလေသည်။ သူက ရှေ့သို့ မော့ကြည့်လိုက်လျှင် ဒေါသကြီးနေသော အမျိုးသမီးနှင့် မျက်နှာပျက်နေသော ကောင်လေးကို တွေ့လိုက်ရသည်။

ကောင်လေးက သူ ရှိနေသဖြင့် အနေရခက်နေပုံပေါ်ကာ ...

"ကေကလည်းဗျာ၊ ကျွန်တော် ဘယ်လိုလုပ် သိမှာလဲ ပေါက်ကရ လျှောက်ရေးသွားတဲ့ဟာကို"

"ဘာပေါက်ကရ လျှောက်ရေးရမှာလဲ၊ ဒီမှာ နာမည်နဲ့ အတိအကျ ရေးထားတဲ့ဟာကို၊ ပြော ... နင် ဘယ်သူနဲ့ ဇာတ်လမ်းရှုပ်လာတာလဲ"





"ဟာ ... မရှုပ်ပါဘူးဗျာ၊ ကေကလည်း ... ကျွတ်"

"မရှုပ်ရင် ဒီလို ဘာလို့ရေးသွားရတာလဲ၊ ဒီမှာရှင့် ..."

အမျိုးသမီးရဲ့အသံက သူ့ကို ဦးတည်၍ ထွက်ပေါ်လာလျှင် သူက အသာငဲ့ကြည့်လိုက်သည်။ အမျိုးသမီးက ဒေါသကို ထိန်းချုပ်ထားရသော အသံဖြင့် ...

"ဒီစာကို ဘယ်သူရေးသွားတာလဲ သိလား"

သူက ဘာမှ နားမလည်သောပုံစံဖြင့် ခေါင်းကို ယမ်းပြလိုက်သည်။ အမျိုးသမီးက ကျေနပ်သောပုံ မပေါ်ရသေးဘဲ ...

"မဟုတ်ဘူးလေ၊ ကျွန်မတို့ မရောက်ခင်က ဒီနေရာမှာ ဘယ်သူထိုင်သွားလဲ၊ အဲဒါကို မေးတာပါ"

သူက သဲဘာဝကျအောင် မျက်မှောင်တစ်ချက်ကြုတ်ခဲ့ စဉ်းစားဟန်ပြုနေပြီးမှ ...

"ကောင်မလေးတစ်ယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးရဲ့ မျက်လုံးတွေက လက်ခနဲတောက်သွား
သည်။ ဟိုကောင်လေးက ကေကလည်းကွာဟု ချွဲတာကို အမျိုး
သမီးက ကောင်လေးရဲ့လက်တွေကို ပုတ်ထုတ်ပစ်လျက် ...

"အဲဒီကောင်မလေးက ဘယ်လိုပုံစံမျိုးလဲ၊ ဒီစာကရေး
သူ ရေးသွားတာလား"

"အင်း ... ဟုတ်မယ်ထင်တယ်၊ ကျွန်တော်လည်း သိပ်သေ
မထားမိဘူး၊ စားရင်းသောက်ရင်းတန်းလန်းနဲ့ ထထွက်သွား
တာနဲ့တူတယ်"

သူက သူမ စားမကုန်ဘဲ ကျန်ရစ်ခဲ့သော ဒိုးနတ်မုန့်
တစ်ဝက်နှင့် လက်နှစ်လုံးလောက်ကျန်မည့် ကော်ဖီခွက်ကို ကြည့်
ကာပြောရင်း ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်သည်။

ထိုအမျိုး သမီးကတော့ ကောင်လေးကို စူးစူး ဝ
ဝါးကြည့်လျက် ကောင်လေးက အကြံအိုက်စိတ်ပျက်နေသောရုပ်နှ
ကျန်ရစ်ခဲ့လေသည်။





သူသည် ဂျေဒိုးနတ်ဆိုင်ထဲမှ ထွက်ပြီး သူမကို
ယောင်မလည်နှင့် ရှာကြည့်လိုက်လျှင် သူမက မလှမ်းမကမ်းရှိ
ိုးဆိုင်တစ်ဆိုင်ရဲ့ အရှပ်မနောက်ကနေ၍ အသာလက်လှမ်းပြ
ည်။ သူသည် တတ်လည်းတတ်နိုင်လှသော ကောင်မလေးရဲ့
ားသို့ ခေါင်းတခါခါဖြင့် လျှောက်လာခဲ့လိုက်သည်။

သူမက အလွန်အမင်း သိချင်နေသော မျက်နှာမျိုး
...

"ဘာ ... ဘာဖြစ်သွားကြလဲ ရန်ဖြစ်နေလား၊ ပုဂ္ဂိုလ်ကြီး
ကိုရော မေးသေးလား"

သူက သူမကို ပြုံးမဲ့မဲ့ဖြင့် ခေါင်းညိတ်ပြလိုက်ရ
၊ သူမ မျက်နှာမှာ အားတက်သရော ဖြစ်သွားသော အရိပ်
င်ကိုမြင်လျှင် သူ့ရင်ထဲ၌ မောခနဲဖြစ်သွားရပါသည်။

"ဘယ်လိုဖြေလိုက်လဲဟင်"

"သြော် ... ကောင်မလေးတစ်ယောက်တော့ စားရင်းသောက်
ရင်းတန်းလန်းနဲ့ ထ,ထွက်သွားတာပဲပေါ့လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ပုဂ္ဂိုလ်ကြီးက တော်လိုက်တာ၊ ကျိုင်း ရေး တာနဲ့ ကွက်တိပဲ၊ သင့်ခ်ယ္မွပဲ သိလား၊ နောက်မှပဲ ရှ ဝယ်ကျွေးတော့မယ် ...

အခုတော့ ဒီနားက လမ်းကြောင်းမရှင်းဘူး၊ သွ တော့မယ်"

"အာ ... ခဏလေးနေပါဦး၊ မင်းက စာထဲမှာ ဘယ် ရေးခဲ့လို့လဲ"

သူမက လှည့်ထွက်တော့မည်ဟန်ပြင်ရင်းမှ သူ လှစ်ခနဲ ပြုံးပြသည်။

"သိချင်လား"

"အေးပေါ့ဟ"

"ဖုန်းဆက်တော့ ပြောပြမယ်လေ၊ ခုတော့ သွားတော့မ ဆီးယူ"

သူမက တာ့တာပြကာ အပြေးတပိုင်း ထွက်သွား သူ့မှာ ဘာမှမတတ်နိုင်ဘဲ မချင့်မရဲနှင့် ကျန်ရစ်ခဲ့ရလေသည





သူသည် အစိမ်းရောင်ငန်းမလေးရဲ့ အရိပ်တစ်ခု ပျောက်ကွယ်သည် အထိ နေရာမှာတင် မတ်တတ်ရပ်ကာ ငေးမောရင်း ကျန်ရစ်ခဲ့ရ သည်။

အဲဒီနောက်မှာတော့ သူ့လက်ထဲက ဟန်းဒ်ဖုန်းလေး ငုံ့ကြည့်ကာ တစ်ယောက်တည်းပဲ ပြုံးနေမိတော့လေသည်။ ချစ်ကြောင့် မရူးပါနဲ့လား ကောင်မလေးရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



## ၄

ကျိုင်းသည် အောင်ကစ်အား ကျိုင်း ဘာတွေလုပ်နေတယ်ဆိုတာကို အတိအကျပြောပြမထားပေမယ့် ကေနဲ့ သူ့ကောင်လေး စိတ်ဝမ်းကွဲအောင် လုပ်နေတယ်ဆိုတာကိုတော့ ပြောပြထားလေရာ ကျိုင်းရဲ့ အကြံအစည်အောင်လေတိုင်း အောင်ကစ်က နှစ်ဆတိုး ဝမ်းမြောက်သူ ဖြစ်သည်။

ဒီနေ့လည်း ကျိုင်းက သူတို့နှစ်ယောက်ကိုကတောက်ကဆဖြစ်အောင် လုပ်ခဲ့တယ်ဟု ပြောပြရုံမျှဖြင့် အောင်ကစ်ရဲ့မျက်နှာက လမင်းလို ရွှန်းရွှန်းမြမြ သာနေခဲ့ပြီဖြစ်သည်။





"အမယ်လေး ... ကျိုင်းကို အဲဒီလောက်တော်မှန်း အောင်ကစ် မသိခဲ့ရပါလားနော်၊ ဒါ ... ဒါဖြင့်ရင် သူတို့ဝေးမှာ အသေအချာပဲပေါ့ ဟုတ်လား"

"အင်း ... အဲဒီလိုတော့ ယတိပြတ်ပြောလို့ မရသေးဘူး အောင်ကစ်ရဲ့ ...

ကေ့ကို ကြည့်ရတာ နယုန်မိုးကို တော်တော် ချစ်ပုံရတယ်"

ကျိုင်းရဲ့အပြောကြောင့် အောင်ကစ်က မျက်နှာကို ချုပ်ဆိုးအောင် မဲ့ရွဲ့ပစ်ကာ ...

"နွားအိုမက မြက်နုကြိုက်နေတာလေ"

"အောင်ကစ်ကလည်းကွယ် အဲဒီလောက်ကြီးလည်း မပြောပါနဲ့၊ ကေ သနား[illegible]တယ်"

"ဘာမှ သနားစရာ မလိုဘူးလေ၊ ဒီမှာ ကျိုင်း၊ လူတိုင်း ဘယ်သူမဆို ချစ်တတ်ကြတဲ့လူချည်းပဲ၊ သူ့ကျမှ ထူးပြီး အသည်းနှလုံးပါနေတာ မဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အေး ... Love is blind လို့ ဆိုရိုးရှိကြတယ်၊ အချ

မှာ မျက်စိမပါပေမယ့် လူမှာဦးနှောက်တော့ပါတယ် ...

ဒီဦးနှောက်နဲ့ စဉ်းစားဆုံးဖြတ်ရမှာပေါ့၊ ကွာ

အသက်က ဆယ်နှစ်၊ ကိုယ့်ထက် အစစအရာရာ နိမ့်ပါးေ

ယောကျ်ား၊ တခြားကိစ္စတွေကို ထည့်မပြောသေးဘူး ကျိုင်

သူတို့အသက်ကိုပဲ ငါ ပြောမယ်၊ အဲဒီအကောင် အသ

သုံးဆယ်မှာ ကေက လေးဆယ်၊ သွေးသားဆုံးတဲ့အရွယ

ရောက်နေပြီ၊ ဟိုက သုံးဆယ် တကယ့်အရွယ်ကော

ခံစားလို့ကောင်းနေတဲ့အရွယ်၊ မိန်းမက နုပျိုမှုတွေ က

ဆုံးသွားပြီ ...

လာကြတော့မယ် ပြဿနာတွေက၊ စားဝတ်နေ

က ပြေလည်နေတော့ အဲဒီပြဿနာတွေက အလိုလို

လာကြတော့မှာ၊ သူများတွေက ငါးဆယ်ခြောက်ဆယ်ကျေ

မှ ရာထူးတက်တာ၊ သူက ယောကျ်ားရပြီး လေးငါးနှ

ရာထူးတက်မဲ့မိန်းမ ...





ဒီတော့မှ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ ဒူးနဲ့မျက်ရည်သုတ်နေရမှာ၊ ရောဂါရပြီး မြန်မြန်သေတော့ နောက်လူကောင်းစားရော၊ သူ ဖြစ်လာမယ့်ဘဝက အဲဒါမျိုး အတိအကျပဲ၊ ငါ အတပ်ပြောလိုက်မယ်”

ကျိုင်းကတော့ မာန်နဲ့ထန်နဲ့ ပြောနေသည့် အော့ကစ်စကားတွေကို နားထောင်ပြီးသွားလျှင် တကယ်ကိုပဲ ရင်မော၍ ားရလေသည်။

ကျိုင်းသည်လည်းပဲ ကေ့ကို ကိုယ့်ထက် ဆယ်နှစ်သက်ကွာသည့် ယောကျ်ားတစ်ယောက်နဲ့ လက်မတွဲစေချင်ပါ။ သူ့ဟာသူ ပိုက်ဆံရှိတာ မရှိတာထက် ကေ့ကို ယောကျ်ားငယ်ယ်လေး ယူထားသော မိန်းမတစ်ယောက်အဖြစ် ပတ်ဝန်းကျင်ကမှတ်ကျတာကို ကျိုင်း မကြားလိုပေ။

ကေဟာ တစ်သက်လုံး ခြေမွေးမီးမလောင် လက်းမီးမလောင် နေလာခဲ့ရသော သူဌေးသမီးမို့ရော ကောင်းပေ့န့်ပေ့ဆိုသော အရာများနဲ့သာ ထိတွေ့သုံးစွဲလျက် သောကကင်း



www.burmeseclassic.com

www.burmeseclassic.com



ကင်းနေခဲ့ရသူဖြစ်၍ရော လက်ရှိအသက်သုံးဆယ့်ငါးဟု ဘယ်လိုမှ မယုံရပေမယ့် သူ့ကောင်လေးနဲ့ ယှဉ်ရင်တော့ ငါးနှစ်လောက်ကွာ တတ်ဆိုတာ ဘယ်လိုမှ ညာ၍မရသော အချက်ပဲဖြစ်သည်။

ပြီးတော့ အော့ကစ် ပြောသွားသလို အသက်လေး ဆယ်ပြသနာတွေရော ဘာတွေရော ကျိုင်းသည် ကေ့အကြောင်း စဉ်းစားလိုက်တာနဲ့ ခေါင်းမူးကာ ရင်မောလာသည်။ အို ... ကေ နဲ့ နယုနီမိုး ဝေးမှပဲ အေးမှာပါ။

"ဟုတ်ပါတယ် အော့ကစ်ရယ်၊ ကျိုင်းလည်း ကေ့ကို နယုနီမိုးနဲ့ မရစေချင်ပါဘူး"

"ငါကတော့ နယုနီမိုး ဆိုတဲ့အကောင်ကို သေအောင်ကုတ် ခြစ် ဆွဲဖွဲ့ပစ်ချင်နေတော့တာပဲ။ ရုပ်ကလေး ဗန်းပြပြီး လုပ်စားနေလိုက်တာ ဟိုမိန်းမကလည်း ဒါကို မစဉ်းစားနိုင် တာကို ငါ ရင်အနာဆုံးပဲ ...

ဖေဖေသာရှိရင် လိမ့်နေအောင်ကန်မှာ မြင်ယောင် သေးတယ်၊ မိဘတွေ မရှိတော့ဘူး၊ ငါ လုပ်ချင်သလိုလုပ်





လို့ရတယ်ဆိုပြီး စိတ်ထင်တိုင်း ကြဲနေတော့တာ၊ ငါ့ကို တောင် စာရင်းထဲ မထည့်တော့ဘူး ...

အေး ... ငါကလည်း ရအောင်ကိုခွဲဦးမှာ။ ကျိုင်း နင် ဖြစ်ချင်တာ အားလုံး ငါ့ကိုပြော၊ နင် လုပ်ပေးရမှာ က တစ်ခုတည်းပဲ၊ သဘောပေါက်တယ်နော်"

ကျိုင်းက ခေါင်းညိတ်ပြလိုက်တုန်းမှာပဲ ကားဝင် သံကြားရသဖြင့် ကေ ပြန်ရောက်လာပြီ ဆိုတာ သိလိုက်ရ သည်။ အော့ကစ်ကတော့ ကေနဲ့ မျက်နှာချင်း မဆိုင်ချင်သူပီပီ အိမ်အပေါ်ထပ်သို့ အမြန်တက်လို့သွားလျှင် ဧည့်ခန်းထဲ၌ ကျိုင်းပဲ ကျန်ရစ်ခဲ့သည်။ ကျိုင်းသည် ဒီနေ့တော့ ကေ့ရဲ့ မျက်နှာရိပ် မျက်နှာကဲကို ကြည့်လျက် စကားလေးတွေ သွင်းမယ်ဟု စိတ်ကူး ထားလေရာ ဒီနေ့အဖို့ နည်းနည်းတော့ မျက်ခုံးလှုပ်ချင်သည်။

သိပ်မကြာခင်မှာပဲ အိမ်ထဲဝင်လာသော ကေ့ကို ကျိုင်းက ပြုံးရွှင်သောမျက်နှာထားဖြင့် ဆီးကြိုနှုတ်ဆက်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... တို့ကေ ပြန်လာပြီ၊ ဒီနေ့စောသားပဲနော် ကေ"

ကေက ကျိုင်းကို အပြုံးနွမ်းနွမ်းနှင့်ပင် အင်းဟု မပွင့်တပွင့် ဖြေလျှင် ကျိုင်းသည် ကေ မမြင်အောင် မျက်ခုံးပင့် ကာ ပခုံးကို အသာတွန့်မိလေသည်။ ဒီလောက်လေးနဲ့တောင် ဒီလို နွမ်းပြနေရင် ဒီထက်ဆိုးတဲ့ကိစ္စတွေမှာ ကေ ဘယ်လိုအင် အားတွေနဲ့ တောင့်ခံနိုင်မှာလဲ။

ဆောရီးပါ ကေရယ်။

"ကေ နေမကောင်းဘူးလားဟင်၊ တစ်မျိုးပဲ"

ကေ့ရဲ့ခါးလေးကို ဖက်ကာ နူးညံ့ကြင်နာစွာ မေး လိုက်သော ကျိုင်းရဲ့ ဂရုတစိုက်မေးခွန်းကို ဒီတစ်ခါတော့ ကေ က အားနာသွား၍ထင်သည်။ ကျိုင်းဘက်သို့ ပြုံးပြုံးလေးလှည့်၍ (မသက်မသာအပြုံးကြီး ဆိုပါတော့) ...

"နေက ကောင်းပါတယ်၊ ခေါင်းထဲက ငြီးစီးစီးဖြစ်နေလို့ ပါ"



"ဩော် ... ဒါလေးများ၊ ရေနွေးနဲ့ ရေချိုးလိုက်လေ ကေ၊ ကျိုင်း ကေ့ရဲ့ bath room ထဲမှာ ရေနွေးစပ်ပေးထားမယ်၊ လာဗင်ဒါဆီလေးနဲ့ အေရိုးမားသရပီလုပ်ပြီး ချိုးလိုက် ...

ပြီးတော့ အကျီလဲပြီးတာနဲ့ ချက်ချင်းဆင်းလာခဲ့ သိလား၊ ကျိုင်း hot pot လုပ်ထားတယ်၊ အတူတူစားမယ် နော် ကေ"

ကျိုင်းရဲ့ အကွက်ကျကျ စီစဉ်ထားမှုကို ကေက သဘောကျသွားဟန်ဖြင့် နှစ်လိုစွာ ခေါင်းညိတ်ပြသည်။ ကျိုင်း သည် ကေ ခဏနားနေတုန်းမှာ ရေချိုးဖို့ ရေနွေးစပ်ပေးရ၊ ရေ ချိုးနေတုန်းမှာ စားဖို့သောက်ဖို့ ပြင်ဆင်ပေးရနှင့် အလုပ်ရှုပ်သွား သော်လည်း ကေ ဆင်းလာသောအခါ အားလုံးက ရယ်ဒီဖြစ်လို့ နေပြီဖြစ်သည်။

ဆံပင်တွေကို ဖြန့်ချထားကာ အိမ်နေရင်း စပန့်ချ် အင်္ကျီပွပွနှင့် ဘောင်းဘီရှည်ပွပွတို့ကို လွတ်လပ်ဖြေ့ဖါးစွာ ဝတ် ဆင်ထားသော ကေသည် အသက်သုံးဆယ့်ငါးနှစ်ရှိပြီဟု ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုမှတော့ ယုံချင်စရာမရှိပေ။ သို့သော် အဲဒီ သုံးဆယ့်ငါးသည် စိတ်ထောင်းလိုက်တာနှင့် ကိုယ်ကြေသွားမည့် သုံးဆယ့်ငါးဖြစ်သည်။

စိတ်ချမ်းသာမှု မရှိလျှင် နုပျိုမှု ဆိုတာလည်း ရှိမှာ မဟုတ်တော့ချေ။

ကျိုင်းက ကေ အနားရောက်လာသဖြင့် အတွေးစတို့ကို မောင်းထုတ်လိုက်ကာ အကြည်လင်ဆုံး ပြုံးပြလိုက်သည်။

"ဘယ်လိုလဲ ကေ၊ သက်သာသွားပြီလား"

ကေက ခုံတစ်လုံးကို ဆွဲယူကာ ဝင်ထိုင်ရင်းမှ ...

"အင်း ... တော်တော်နေလို့ထိုင်လို့ ကောင်းသွားတယ်၊ နင်ကော့ တော်တော်ပင်ပန်းသွားမှာပဲနော်"

"ဩော် ကေရယ်၊ ပြေးကြည့်လို့မှ ဒီတူဝရီးသုံးယောက်တည်းရှိတာ၊ ဒီလိုစကားတွေ ပြောစရာလား။ ကေတို့က ကျိုင်းကို ဟိုးငယ်ငယ်လေးတည်းက ထိန်းကျောင်းလာခဲ့တာ ဒီထက် ပိုပင်ပန်းခဲ့မှာပေါ့ ...





ကျိုင်းရဲ့ လုပ်ဆောင်မှုက မပြောပလောက်ပါဘူး၊ မချီးကျူးပါနဲ့၊ မခံယူဝံ့ပါ စိုးရွံ့လှပါတယ် ... ဟဲ ... ဟဲ"

အစပိုင်းမှာ အကောင်းပြောနေသလောက် နောက် င်းကျတော့ တရုတ်ကားတွေထဲကလို လေသံအတိုင်း ပြောင်းစပ် ်ပြောသော ကျိုင်းကို ကေက ဒေါသမပါသော မျက်စောင်းညု သား ထိုးလေသည်။ အင်း ... အဲဒီလို ကလေးဆန်တဲ့ မျက် ာင်းလေးကို နယုန်မိုးက တကယ်ကြွေရင်တော့ ကောင်းတာပေါ့ ာရယ်။

"နင်လည်း ခုချိန်ထိ ပေါတုန်းပဲကိုး"

"မော်တော်တွေ ရေထဲ၊ ပျော်ပျော်နေ သေခဲပေါ့ ကော့၊ ကဲ ... စားရင်းသောက်ရင်း ပြောကြတာပေါ့"

ကေက စားပွဲပေါ်ရှိ အငွေ့တထောင်းထောင်းထနေ ာ အိုးကြီးထဲမှ ခေါက်ဆွဲဖတ်၊ ဟင်းသီးဟင်းရွက်ဖတ်များကို ယ်ယူလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲပြောပြော နင် ရောက်လာမှ အိမ်မှာလည်း ငို
ပြည်ပြည် ရှိသွားတာ ကျိုင်းရဲ့၊ နင် ဒီမှာ အမြဲနေနိုင်ရ
လည်း ကောင်းသားနော် ...

အင်း ... ငါကလည်း ငါ့အတွက်နဲ့ငါ ပြောနေမိပြန်ပြီ
နင့်ဘဝတက်လမ်းက ရှိသေးတာပဲလေ"

ကျိုင်းသည် ဟော့ပေါ့သောက်ရင်းမှ တွေတွေငေးငေ
လေးပြောနေသော ကေ့ကိုကြည့်ကာ သနား၍ သွားလေသည်
တကယ်တမ်းကျတော့လည်း ဒီအပျိုကြီးနှစ်ယောက်ရဲ့ဘဝဟာ
အထီးကျန်ဆန်ရှာသည်။

မိဘတွေ ဆုံးပါးသွားပြီးတည်းက ကိုယ့်ဘဝကိုယ်
ဦးဆောင်ခဲ့ရသော အော့ကစ်နှင့် ကေတို့ရဲ့ ဘဝသည် ကျိုင်း ရှိ
နေခဲ့စဉ်အချိန်ထိတော့ စိုပြည်နေခဲ့ဦးမည်။ ကျိုင်း မရှိတော့သည့်
အချိန်မှာတော့ ကိုယ့်အလုပ် ကိုယ်လုပ်နေကြသော ညီအစ်မနှ
ယောက်ဟာ အေးအေးဆေးဆေး တွေ့ဆုံချိန်ဆိုတာ သိပ်မရှိကြ
တော့။





ပြီးတော့ တစ်အိမ်လုံးမှာမှ သွေးရင်းသားရင်း
ညီအစ်မနှစ်ယောက်တည်း ရှိလေရာ ကြာလာသောအခါ ကေ့ခမျာ
အထီးကျန်ဆန်သော ဝေဒနာကို ခံစားရပေလိမ့်မည်။ အော့ကစ်က
တော့ ကေ့ထက်လည်း စိတ်ဓာတ်မာကျောကာ စိတ်ထဲက ခံစား
မှုကိုလည်း ညီမလုပ်သူကို သိပ်ထုတ်ပြနေမည့် လူစားမျိုးလည်း
ဟုတ်ချေ။ နဂိုတည်းကမှ ယောကျ်ားတွေကို သူ့လောက် ဘယ်
ယောကျ်ားကမှ မတော်၊ မတတ်၊ ဘယ်ယောကျ်ားကိုမှလဲ အထင်
ကြီးသော စိတ္တဇကလည်း ရှိနေသေးလေရာ အော့ကစ်သည်
သူ့ဘဝမှာ သူက ဘုရင်မ၊ တစ်သက်လုံးလည်း ဒီအတိုင်းပဲ နေ
သွားတော့မည့်လူဆိုတာ သေချာလို့နေသည်။

ကေကတော့ နဂိုတည်းကလည်း စိတ်သဘောထား
နူးညံ့သိမ်မွေ့လျက် ကြင်နာသနားတတ်သူဖြစ်လေရာ အပျိုကြီး
လုပ်ပါမယ်လို့လည်း ဆုံးဖြတ်ထားခဲ့သူ မဟုတ်။ ခေတ်စကားနဲ့
ပြောရလျှင် ဟတ်ထိမထိသေးသဖြင့် ငြိမ်နေခဲ့သော သူတစ်ယောက်
ဟု ဆိုနိုင်ပြီး သူ ဟက်ထိထိချိန်ကလည်း တော်တော်နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့တာကိုတော့ ကျိုင်းက ဖူးစာရေးနတ်ကို တကယ်ပဲအသုံးမကျ
ဟု အပြစ်တင်ချင်လေသည်။

ကျိုင်းသည် စာအုပ်တွေ တော်တော်များများ
ဖတ်ထားဖူးသဖြင့် ကေ့ရဲ့ စိတ်ခံစားချက်တို့ကို နားလည်သည်
ကေဟာ ဘယ်အထိးကျန်ဆန်ချင်ပါ့မလဲ။ ကြင်နာယုယမှုတို့
လိုလားတောင့်တမှာပေါ့။ လူ့သဘာဝဟာ အားလုံးပြည့်စုံနေပြ
တော့လည်း အဖော်ဆိုတာကို တောင့်တကြတာပဲဖြစ်သည်။ ဒါပေ
ဒီအဖော်ကတော့ လက်မတွဲသင့်တဲ့အဖော်ပါ ကေရယ်။ ဒါ
ကေ လက်တွဲသင့်တဲ့အဖော်က ဘယ်လိုမျိုးလဲ။

ကျိုင်းသည် အဲဒီလို တွေးမိစဉ်ခဏဝယ် ပုဂ္ဂိုလ်ကြ
ရဲ့ သဘောကောင်း အလိုလိုက်တတ်သော မျက်နှာကို မြင်ယော
လို့သွားမိသည်။

ကြည့်စမ်း ... ငါ ဒါကို ဘာလို့ မတွေးမိပါလိမ့်

"ကျိုင်း ... နင်ရော ဒီတစ်ခေါက် ပြန်လာတာ ရည်းစားတွေ
ဘာတွေရော ရနေပြီလား"





ကျိုင်းသည် ဒီခွင်ကို စောင့်နေသည် ဖြစ်လေရာ
က်နှာကို ရှုံ့မဲ့လိုက်ရင်းမှ ...

"မရပါဘူး ကေရာ၊ ယောက်ျားတွေကို မယုံတာနဲ့ပဲ
ကျိုင်းလည်း ကေတို့လမ်းစဉ် လိုက်မှာပါပဲ"

ကေက ကျိုင်းရဲ့အပြောကြောင့် မျက်ခုံးပင့်သွားကာ
င်းရဲ့ စကားကိုလည်း စိတ်ဝင်စားသွားဟန်တူသည်။ ရှူးရှူး
ားရင်းမှ ချွေးတွေစို့လာတာကို တစ်ရှူးနှင့် ယူသုတ်ရင်း ...

"ယောက်ျားတွေက ဘယ်လိုမယုံရတာလဲ၊ နေပါဦး ကျိုင်း
ရဲ့၊ နင်က ယောက်ျားတွေအကြောင်းကို ခေါင်းစဉ်တပ်လို့၊
နင်က ယောက်ျားတွေအကြောင်းကို တော်တော်သိတယ်
ပေါ့လေ"

"တော်တော် သိတယ်ရယ်လို့တော့လည်း မဟုတ်ပါဘူး၊
ဒါပေမဲ့ ကေ့ထက် စာရင်တော့ ပိုသိမယ်ထင်တယ်"

"အောင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်လေ၊ ကေက ရန်ကုန်က ယောကျ်ားတွေ
အကြောင်းတင် သိတာ၊ ကျိုင်းက စင်ကာပူက ယောကျ်ား
တွေအကြောင်းကိုပါ သိတာလေ”

“ရန်ကုန်ကယောကျ်ားနဲ့ စင်ကာပူကယောကျ်ား ဘာကွာ
လို့လဲ”

ပြောရင်းနဲ့ ကေရဲ့အသံတွေက စိတ်ဝင်စားမှုတွေ
ပိုလာသည်ဟု ကျိုင်း ထင်လေသည်။

ကျိုင်းသည် ကေ့ရဲ့စကား ကို ချက်ချင်းမဖြေသေး
အိုးထဲမှ ငါးဖယ်လုံး၊ ကက်တတစ်များကို ရွေးခပ်နေရင်းမှ တ
ခွန်းစားအပြီး ...

“ဒီမှာ ကေ ... ရန်ကုန်က ယောကျ်ားပဲဖြစ်ဖြစ်၊ စင်ကာ
က ယောကျ်ားပဲဖြစ်ဖြစ် တစ်ကမ္ဘာလုံးမှာရှိတဲ့ ယောကျ်ား
တွေမှာ တူညီတဲ့အချက် တစ်ခုပဲရှိတယ်”

ကျိုင်းက ဆက်မပြောဘဲ စကားကို ရပ်လိုက်သေး
သည်။ ကေ့မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်လျှင် ကေ





ျိုင်းကို တွေဝေစွာ ငေးဟေနေသည်။ ကျိုင်းသည် ခေါင်းတစ်
က် ဆတ်လိုက်ရင်းမှ ...

“အဲဒါကတော့ ကွယ်ရာမှာ လုပ်ချင်တာ လုပ်ကြတာပဲ
ပေါ့။ ဆိုရိုးစကားတစ်ခု ရှိတယ်တဲ့။ ယောကျ်ားတွေဆို
တာ မမြိန်ရင်တောင်မှ တစ်ကိုက်တော့ ကိုက်တတ်ကြ
တယ်တဲ့”

ကေ့မျက်နှာက တစ်စုံတစ်ခုကို တွေးတောသလို
ဆိတ်သွားသည်။ ကျိုင်းသည် ဒီနေရာမှာ ထပ်ထည့်ရဦးမယ်
ာကို သိသဖြင့် ...

“ဟိုမှာ ကျိုင်းကို ကြိုက်တဲ့ ကောင်လေးတစ်ယောက်ရှိ
တယ် ကေရဲ့၊ ဒီကနေ့ ကျောင်းလာတက်နေတဲ့ မြန်မာ
ပါပဲ၊ ရုပ်ကလည်း အရမ်းလန်းတာ၊ ကျိုင်းကလည်းချော
တော့ သဘောကျတာပေါ့နော် ...

ဒါပေမဲ့ နည်းနည်းတော့ စောင့်ကြည့်လိုက်ဦးမယ်
ဆိုပြီးတော့ပေါ့၊ သူကလည်း စောင့်ပါပေါ့၊ နောက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



လား ... လား ... ကိုယ်တော်ချောက စပါယ်ယာနဲ့ စော
နေတာကိုး ကေရဲ့"

"ဟဲ့ ... ဘယ်လို စပါယ်ယာနဲ့လဲ"

"ဒါ အခုခေတ် ကောင်လေးတွေရဲ့ ရည်းစားထားနည်း
အသစ်လေ ...

ကောင်လေး တစ်ယောက်က ဒီမိန်းကလေး တ
ယောက်ကို တကယ်ကြိုက်တယ်ပဲထားဦး အဲဒီကော
လေးက မူနေရင်ပဲဖြစ်ဖြစ် ပဲများနေရင်ပဲဖြစ်ဖြစ် သူတို့
Favour ပေးတဲ့ တခြားကောင်မလေး တစ်ယောက်
ရည်းစားတော်လိုက်ရော ...

ဟိုဘက်ကိုလည်း ဆက်လိုက်မြဲ လိုက်ပေါ့၊ ဟိုအ
ကလည်း အပြေရရော စပါယ်ယာကောင်မလေးကို ဖြ
လိုက်ရော"

"ဟင် ... တော်တော်ဆိုးတဲ့ လူတွေပါလား၊ ဟိုမိန်းက
ကရော အဲဒါကို မသိဘူးတဲ့လား"





"ဩော် ... မသိလို့ပေါ့ ကေရယ်၊ ကျိုင်းလို သိတော့လည်း
အဲဒီကောင်မျိုးကို ခေါက်ပစ်လိုက်တာပေါ့ ...

အမယ်လေး ... အဲဒီကောင်လေး စပါယ်ယာလုပ်တဲ့
ကောင်မလေးက တကယ့် စမောလ်လေးနော်၊ အခုမှ
ဆယ့်ခြောက် ဆယ့်ခုနစ်လောက်ပဲ ရှိသေးတာ၊ ကျိုင်းက
တော့ ဟိုင်းနေပြီကိုး"

"ဟဲ့"

ကျိုင်းက နောက်ဆုံးစကားကို ဆောင့်ကြီးအောင့်
ီးနှင့် ပြောချလိုက်လျှင် ကေက ဟဲ့,ဟူ၍ အလန့်တကြား ထ,
ာ်သည်။

ကျိုင်းက ကေ အော်တာကို မသိကျိုးကျွန်ပြုကာ ...

"ဟုတ်တယ် ကေ။ ဒီခေတ်ထဲမှာ နှစ်ဆယ်ကျော်ရင် အို
ပြီတဲ့"

"နင်ကလည်းဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကေက စိတ်ပျက်လက်ပျက်ဖြင့် ရေရွတ်တာ ကျိုင်းက ခိုးကြည့်ရင်းမှ အသာပြုံးလိုက်သည်။

"ယောက်ျားတွေက ငယ်တာ နုတာကို ပိုကြိုက်ကြတာ ကေရယ်၊ ကျိုင်းမှာလည်း ယောက်ျားလေး သူငယ်ချ တွေ အများကြီး ရှိတာပဲ၊ သူတို့ ပြောပြတာတွေ ကျို သိရတာပေါ့"

"ဒါဆို မ,မချစ်လို့တော့ သေနိုင်တယ်တို့၊ မ,နဲ့ခဏလော ဝေးတဲ့ဘဝဟာ ဆယ်ကမ္ဘာလောက်များလားဆိုတဲ့ သီချ တွေက ဘာလို့ထွက်ပေါ်လာနေသေးတာလဲ"

ကေက ကျိုင်းကို ဘယ့်နှယ်ရှိစ ဟူသော မျက် ပေးမျိုးဖြင့် မေးဆတ်ပြလျှင် ကျိုင်းသည် ကေ့ရဲ့ရောဂါ တေ တော်ရင့်နေပြီ ဆိုတာကို နားလည်လိုက်ရသည်။

"အဲဒီသီချင်းတွေက လက်ချိုးရေလို့ ရပါတယ် ကေရ ပြီးတော့ တစ်နှစ် နှစ်နှစ်လောက် ကွာတာကိုလည်း န ကြတာ နေမှာပေါ့ ...





တကယ်တမ်းကျတော့ အချိန်က စကားပြောမှာပေါ့ ကေ"

"ကျိုင်း ... နင့်ကို အော့ကစ်က တစ်ခုခုများ ပြောထား သေးလား"

ကေ ကျိုင်းရဲ့မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ် သလို ကြည့်မေးလျှင် ကျိုင်းက ဘာမှမဖြစ်သလို အိုက်တင်မျိုး ဖြင့် ...

"ဘာမှမပြောဘူး။ အဲ ... တစ်ခုတော့ ပြောတယ်"

"ဘာပြောတာလဲ"

"ကေ့ကို သူ သိပ်ကြည့်မရဘူးတဲ့၊ ကျိုင်းက ဘာဖြစ်လို့ လဲဆိုတော့ သူ မဖြေဘူး၊ ဘာလို့လဲ ... ကေနဲ့ အော့ကစ် ဘာဖြစ်ထားကြလို့လဲဟင်"

ကျိုင်းက အရိုးခံမျက်ဝန်းလေးများနှင့် မေးလိုက် လျှင် ကေက မလုံမလဲ မျက်နှာဖြင့် ခေါင်းယမ်းပြသည်။ ကေ့



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် အော့ကစ်ဟာ ကျိုင်းကို အဲဒီကိစ္စအား လုံးဝဖြော
လိမ့်မည် မဟုတ်ဟု ယုံကြည်ထားပုံရလေသည်။ ပြီးတော့
ကျိုင်းဟာ ဒီလိုနည်းလမ်းတွေဖြင့် ကေတို့ရဲ့အချစ်ကို ခွဲလိမ့်မည
မဟုတ်ဟုလည်း သနားစရာကောင်းအောင် ထင်မှတ်ထားသ
ဖြစ်ရှာသည်။

"ဘာမှမဖြစ်ပါဘူး၊ အော့ကစ် အကြောင်းလည်း နင်သိ
သားပဲ။ သူက သူများကို ဆရာကြီး သိပ်လုပ်ချင်နေတာ
တစ်ခါတလေကျ စကားပြောရတာ အပေါက်အလမ်
သိပ်မတည့်ဘူး။ အဲဒါကြောင့်ပါ"

ကျိုင်းက ကေ့ရဲ့စကားကို ထောက်ခံဟန်ဖြင့် ခေါင်း
တဆတ်ဆတ်ညိတ်ပြလိုက်သည်။ အဲဒီနောက်တော့ သိချင်နေသော
မေးခွန်းတစ်ခုကို အရဲစွန့်၍ မေးမြန်းလိုက်လေသည်။

"ကေရော ... အော့ကစ်လိုပဲ အပျိုကြီးလုပ်ဖို့ စိတ်က
ထားလား"





ကေက ရုတ်တရက် မဖြေချေ။ ကျိုင်းကို မိသားစု
ဝင်တစ်ဦးပမာ သဘောထားသော၊ ယုံကြည်အလေးထားသော
ကေသည် အဖြေမှန်တစ်ခုကိုပေးဖို့ရာ ရွေးချယ်စဉ်းစားနေပုံရလေ
သည်။

"ကေ့ကိုတော့ ကျိုင်းက အပျိုကြီး မလုပ်စေချင်ပါဘူး"

ကျိုင်းရဲ့ မထင်မှတ်သော အပြောကြောင့် ကေက
အံ့သြသွားဟန်ရှိသည်။

"ဘာလို့လဲ"

"အပျိုကြီးလုပ်တာ ကောင်းမှ မကောင်းဘဲ ကေရဲ့။
အထီးကျန်ဆန်တာပေါ့နော် Lonely ပေါ့။ ကိုယ့်ကိုလည်း
တကယ်ချစ်တဲ့သူ၊ ကိုယ်ကလည်း တကယ်ချစ်တဲ့သူတစ်
ယောက်ကို ရွေးချယ်ပြီး ဘဝခရီးလမ်းကို ပျော်ရွှင်စွာ
လျှောက်သင့်တာပေါ့"

"နင့်မှာ အဲဒီလို အတွေးမျိုးရှိတာ ဝမ်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရမှာပေါ့ ကေ။ ကေ့မှာ အချိန်သိပ်မရှိတော့ဘူးနော်

လှုပ်ရှားတော့"

"အောင်မာ ... နင်ကများ"

"ဟာ ... ဟုတ်တယ် ကေရ။ ကေ့ကို အော့ကစ်လို အပ

ကြီးမျိုး မဖြစ်စေချင်ဘူးလေ"

"အေးပါ မဖြစ်စေရပါဘူး"

ကေက ပြုံးစစဖြင့်ပြောလျှင် ကျိုင်းသည် စိတ်ထဲ

ကျိတ်ပြုံးလိုက်ပြီးနောက် ထပ်၍စကားဆက်လိုက်သည်။

"တကယ်လား ကေ၊ ကေ တကယ် အပျိုကြီးမလုပ်ဘူ

နော်"

"မလုပ်ပါဘူး"

ရယ်သံစွက်စွက်ဖြင့် ဖြေနေသော ကေ့ရဲ့အသံက

ဒီလိုဖြေရသည့်အတွက် ရှက်စွဲ့ဟန် အတိုင်းသား ပေါက်နေသည်

ကျိုင်းသည် အပျိုဖြန်းလေးလို ရှက်နေသည့် ကေ့ရဲ့မျက်နှာ

ငေးကာ ရင်ထဲမှာ မကောင်းဘဲ ဖြစ်လာသည်။ ခုချိန်မှာ ကျိုင်





ကို သူ့ရဲ့ဘက်တော်သားဟု မှတ်ယူနေရှာသည့် ကေဟာ ဆက်

သာမေးပါက ထုတ်ပြောဖို့ကိုလည်း ဝန်လေးမှာ မဟုတ်တော့

ချေ။

ဆောရီးပါ ကေ ...

ကျိုင်း ရည်ရွယ်ပြီး မေးနေတာ တွေဟာ နယုန်မိုး

အတွက် မဟုတ်ပါဘူး။

"တကယ်နော် ကေ"

"ရော် ... တကယ်ပါဆို"

"ဟား ... ပျော်လိုက်တာ၊ အတော်ပဲ ကေ့ကို ကျိုင်း လူ

တစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့၊ သူက ချောလည်းချော

တယ်၊ ထောလည်း ထောတယ်၊ ကေနဲ့ဆို အရမ်းလိုက်

ဖက်မှာ။ ကေ ကြိုက်တဲ့ ရုပ်ရှင်မင်းသား ကောလင်းဖာ

ရယ်လ်နဲ့ တူတယ် ကေ ...

အော့ကစ်ကလည်း ကေနဲ့ သဘောတူမှာ။ ကေနဲ့

မိတ်ဆက်ပေးတော့မယ်နော်၊ ကေ မငြင်းရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းရဲ့စကားအဆုံးတွင် ကေသည် စားလက်စကို ပင် မျိုမချနိုင်တော့ဘဲ ကျိုင်းကို နင်တင်တင်ဖြင့် ကြောင်၍ကြည့် နေခဲ့လေသည်။

ပုဂ္ဂိုလ်ကြီး သော်မင်းစိမ်းရေ၊ တစ် ... နေရာယူ





## ၅

သော်မင်းသည် ဖုန်းမြည်သံကြား၍ ထုတ်ကြည့် လိုက်လျှင် သူ မသိသော နံပါတ်တစ်ခု ဖြစ်နေတာကို သတိပြု မိသည်။ ဒါပေမဲ့ ဖုန်းကိုဖွင့်၍ ပြောလိုက်လျှင်တော့ ...

"ဟယ်လို"

"ပုဂ္ဂိုလ်ကြီးလား"

"ခင်ဗျာ"

ရုတ်တရက်မို့ သူက ကြောင်သွားလျှင် တစ်ဖက်မှ ခိခနဲရယ်သံ ကြားတော့မှ ဘယ်သူ့လက်ချက်ဆိုတာ သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ရသည်။ အဲဒီ့အခါမှာတော့ သူ့မျက်နှာဟာ အလိုလိုပြုံးသွားသည်ဟု ထင်ပါသည်။

"ဟို ... ကိုသော်မင်းစိမ်းကြီးလားလို့ပါ"

သူက အဲဒီအပြောကြောင့် လှစ်ခနဲ ပြုံးသွားရကာ ...

"ကိုသော်မင်းစိမ်းကြီး မဟုတ်ပါဘူး"

"ဒါဆို ဘယ်သူလဲ၊ ဒါ ကိုသော်မင်းစိမ်းရဲ့ဖုန်း မဟုတ်ဘူးလား"

"ကိုသော်မင်းစိမ်း ဆိုရင်တော့ ဟုတ်ပါတယ်"

"အာ ... ဘာတွေလဲကွာ၊ ရှုပ်နေတာပဲ၊ ပုဂ္ဂိုလ်ကြီးက တော်တော်ရစ်တာပဲ"

"ဘာရစ်လို့လဲ။ ကိုယ့်အမေ ပေးထားတဲ့ နာမည်က သော်မင်းစိမ်းပဲဟာ၊ သော်မင်းစိမ်းကြီးမှ မဟုတ်တာ"

"မှားပါတယ် ကိုသောင်းရယ်"

"ဟော ... လုပ်ပြန်ပြီ။ မင်းကတော့ကွာ ကိုယ့်နာမည်ကို တစ်မျိုးပြီးတစ်မျိုး ဖျက်နေတော့တာပဲ ...





ကဲ ... အခုဆက်တာ ဘာကိစ္စလဲ"

"အမယ် ... ရောင်စိန် လုပ်နေပြန်ပြီ၊ သူများဟန်းဒ်ဖုန်းကို ပြင်ပြီးပြီလား"

"သူများဟန်းဒ်ဖုန်းကို ! ။ သူများဟန်းဒ်ဖုန်းကို မပြင်ပါဘူး။ ကိုယ်က သူများတွေဟာကို ပြင်ပေးတဲ့လူမှ မဟုတ်တာ"

တစ်ဖက်မှ သူမက သူ့အပြောကို တဟားဟားရယ်မောလို့နေလျှင် သူသည် City FM မှ လွှင့်နေသော သီချင်းတစ်ပုဒ်နှင့် တိုက်ဆိုင်လိုက်တာဟု တွေးမိသွားသည်။

(သီချင်း – မင်းရယ်သံလေးများ ကြားရင် ... ကိုယ့်ရင်ထဲ ... ခံနိုင်စွမ်း မရှိလို့ပါ ... ချိုသာတဲ့ အသံလေးများ... နားထဲကြားယောင်လာ ...)

"ပုဂ္ဂိုလ်ကြီးက နောက်တတ်တယ်နော်၊ ပြီးတာပဲလေ၊ ကျွန်မကလည်း မစရ မနောက်ရရင် သိပ်နေလို့ထိုင်လို့ မကောင်းတဲ့သူဆိုတော့ ...



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြပြီပေါ့၊ ကဲ ... အခုတော့ မနောက်သေးနဲ့ဦး ...

ကျွန်မရဲ့ဖုန်း ပြင်ပြီးပြီလား"

ဒီတစ်ခါတော့ သူက မနောက်ချင်တော့၍ ကောင်းကောင်းပဲ ဖြေလိုက်လေသည်။

"ပြင်ပြီးသွားပါပြီ"

"ဟုတ်လား ... တော်တော် ပြင်လိုက်ရလား"

"နဖူးမှာ ချွေးစို့ရုံလောက်ပေါ့"

သူမကလည်း မခေချေ။ ချက်ချင်းပဲ ပြန်ပြောသည်။

"Air Con မရှိလို့ နေမှာပါ။ သနားပါတယ် ဒီတစ်ခါ ရှ ဘုရားပွဲသွားရင် ပုဂ္ဂိုလ်ကြီးအတွက် သင်ဖြူးယပ်တောင် တစ်ချောင်းဝယ်ပြီး လက်ဆောင်ပေးမယ်လေ"

"အကုန်အကျတွေ များနေပါဦးမယ်၊ အသုဘက ယပ်တောင်ဆိုရင်ပဲ ရပါပြီ"





သူ့အပြောကို သူမက သဘောတကျနှင့် ရယ်မောသည်။ သူသည် ဒီကောင်မလေးနှင့် တွေ့လိုက်ရလျှင် စိတ်ထဲမှာက ဘာကြောင့် နုပျိုပြီး လန်းဆန်းနေသလဲတော့ မပြောတတ်။ သေချာတာတော့ သူမရဲ့ မျက်နှာလေးတွင် အကြည်ဓာတ်တစ်မျိုး ခိုအောင်းနေလျက် ခင်မင်ဖော်ရွေတတ်သော၊ ပွင့်လင်းပွင့်သားသော စိတ်ထားလေးက သူ့ကို ဆွဲဆောင်ထားတာပဲ ဖြစ်လိမ့်မည်။

"ဖုန်းပြီးပြီဆိုရင် ဘယ်ကိုလာယူရမလဲဟင်"

"အခု ခင်ဗျားလေးက ဘယ်ကဆက်နေတာလဲ"

"JOJOBA က"

JOJOBA ဆိုသည်မှာ သူ အမြဲထိုင်တတ်သော၊ သူ့ဆိုင်နားက ကော်ဖီဆိုင်လေးပဲ ဖြစ်ပါသည်။

"အိုခေလေ ... အဲဒီမှာပဲ စောင့်နေ၊ ကိုယ် ခဏနေ ရောက်လာခဲ့မယ်"

"ဟုတ်ကဲ့ ... အဲဒါဆို ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



အခုလိုကျပြန့်တော့လည်း တရိုတသေ ဖုန်းချသွား သော ကောင်မလေးကို သူက ရယ်ချင်စိတ်ဖြင့် ဖုန်းပိတ်လိုက်ရ သည်။ တစ်ယောက်တည်းပြုံးကာ ခေါင်းယမ်းနေသော သူ့အနား သို့ နန်းကြီး ရောက်လာတာတောင် မသိလိုက်ချေ။

"မျက်နှာလည်း ကြည်နူးရိပ်တွေဖြာပြီး ဓာတ်တစ်မျိုးနဲ ထိနေတဲ့ပုံမျိုးပဲ။ သော်မင်းတို့တော့ ဓာတ်ထိနေပြီနဲ့ တူ တယ်"

"ဘာဓာတ်မှ မထိဘူး"

"ထိပါတယ်ကွာ။ အဲဒီဓာတ်က ကိုယ့်ကိုယ်ကိုယ် ထိလို့ ထိမှန်း မသိတဲ့ ဓာတ်ပဲဟာ။ ဘေးက ကြည့်နေတဲ့လူက ပိုသိတာပေါ့၊ ပြုံးပုံပြုံးနည်းက တခြားပြုံးပုံတွေနဲ့မှ မတူ တာ"

သူက ဘာမှမပြောတော့ဘဲ အံဆွဲထဲက သူမရဲ့ဖုန်း လေးကို ထုတ်ယူကာ အင်္ကျီအိတ်ကပ်ထဲသို့ ထည့်လိုက်သည်။





သူ့ဖုန်းကတော့ သူ့ဘောင်းဘီအိတ်ထဲမှာ။ နန်းကြီးက ဖုန်းနှစ် ...ဖြင့် အလုပ်ရှုပ်နေသော သူ့ကို ပြုံးစပ်စပ်ဖြင့်ကြည့်ကာ ...

"ဒါက ဘယ်ကိုကြွမြန်းဦးမှာလဲ၊ ငါလည်း လိုက်မယ်လေ"

"အသာနေစမ်းပါကွာ"

"ငါ့ကိုတော့ ပြောသွားပါဦး။ ဒါ အတည်လား"

"ဟော့ကောင် ... နောက်မှ အေးဆေးမေးစမ်းပါကွာ၊ ဟို မှာ တစ်ယောက်တည်း စောင့်နေမှာ၊ သွားမယ်၊ နောက်မှ နော်"

သူက ပြောပြောဆိုဆို လစ်ထွက်လာခဲ့လျှင် နန်းကြီး ... သူ့ကို နောက်မှတွေ့မယ်ဟူသော ပုံစံဖြင့် လက်သီးထောင် ...ကာ ကျန်ရစ်ခဲ့သည်။ သူ့ဆိုင်ကနေ၍ ကော်ဖီဆိုင်လေးသို့ ...မိနစ်လောက်သာ လမ်းလျှောက်ရပါသည်။ သူက ကော်ဖီဆိုင် ... မှန်တံခါးလေးကို တွန်းဖွင့်လိုက်လျှင် တီးလုံးသံလေးက ...စံအတိုင်း ထွက်ပေါ်လို့ လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထောင့်တစ်ထောင့်မှာ ထိုင်နေသော သူမက တီးလုံးသံလေးကို ကြားတာနှင့် သူ ဝင်ရာလမ်းကို လှမ်းကြည့်ကာ သူ့ကိုမြင်တော့ လက်တစ်ဖက်ပြသည်။ သူသည် ကလေးဆန်သော ချစ်စဖွယ်ကောင်မလေးရဲ့ အနားသို့ ဘောင်းဘီအိတ်ကပ်ထဲ လက်နှစ်ဖက် လျှိုထည့်ကာ ခပ်မှန်မှန်ပဲ လမ်းလျှောက်သွားခဲ့သည်။

သူမသည် တိုက်ဆိုင်စွာဖြင့် သူနှင့် အရောင်တူသော အင်္ကျီကို ဝတ်ဆင်ကာ ထားလေသည်။ အနားရောက်မှ သိရတာက အင်္ကျီတင်မကဘဲ အောက်က ဘောင်းဘီကပါ သူနှင့်ဆင်တူသည်။ သူက အဖြူရောင် Alter ရှပ်လက်ရှည်ကို လက်ခေါက်ဝတ်ထားလျက် အောက်က အပြာရောင်ဖျော့ဖျော့ ဂျင်းဘောင်းဘီအရှည်ဖြစ်သည်။ သူမက မိန်းကလေးဝတ် ရှပ်လက်တိုဖြစ်ကာ ခါးမှာ ခါးပတ်တစ်ခု ပတ်ထားတာသာပိုလျက် အောက်က ဘောင်းဘီက သူ့လိုပင် ဂျင်းအပြာဖျော့ဖျော့ဖြစ်ကာ ဒူးတစ်ဝက်မှာ ပြန်ခေါက်ရသော ဖိုးကွာတားဘောင်းဘီဖြစ်သည်။





သူက သူမနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်လျှင် ...

"LIBRA သမား အချင်းချင်း လာတူနေပြန်ပြီနော်"

ဟု သတိထားမိသလို နှုတ်ခွန်းဆက်လေသည်။

"အင်း ..., အကြိုက်တူတော့ ရန်သူပေါ့"

သူက အိတ်ကပ်ထဲမှ သူမရဲ့ဖုန်းလေးကို ထုတ်ပေးလိုက်ရင်းမှ သူမရဲ့ဘေးနားမှာ ချထားသော ပါဆယ်လ်ထုပ်လေးကို သတိပြုမိသွားသည်။ သူမကတော့ သူ မြင်တာကိုပဲ မသိတာလား၊ ပြောပြစရာ မလိုဘူးလို့ သဘောထားလို့လားတော့ မသိချေ။ သူမရဲ့ လက်ကိုင်ဖုန်းလေးကိုပဲ ကောက်ယူကာ ဖွင့်ကြည့်သည်။ ဖုန်းဖွင့်လိုက်လို့ သူမရဲ့ခါတ်ပုံကို မြင်သွားလျှင် သူ့ကို ပြုံးစိစိဖြင့် မော့ကြည့်ကာ ပြောင်စပ်စပ် ရယ်ပြသည်။

သြော် ... ဒီကလေးမဟာ ခင်ဖို့ကောင်းတာလည်း မပြောနဲ့၊ မျက်နှာကလည်း အမြဲ sweet ဖြစ်နေသော မျက်နှာမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဆန်တိုဆာအရပ်ကို နောက်ခံထားပြီး မြန်မာဝတ်စုံဝတ်ရိုက်တဲ့ စိတ်ကူးလေးက ကောင်းတယ်နော်၊ ဘယ်လိုစိတ်ကူးနဲ့ ရိုက်တာလဲ”

“ဩော် ... အဲဒါက မြန်မာတုန်းကြီးကျောင်းမှာလုပ်တဲ့ မင်္ဂလာဆွမ်းကျွေးက ပြန်လာတော့ ရိုက်လိုက်တာပါ ...

ဟုတ်တယ် ... အဲဒီပုံလေးက သဘာဝကျတယ် မြန်မာဆန်တယ်ဆိုပြီး သူငယ်ချင်းတွေကလည်း ပြော ကြ တယ်၊ စင်ကာပူက ကျွန်မရဲ့ အခန်းထဲမှာရော၊ ကျွန် အန်တီရဲ့ အခန်းထဲမှာရော၊ အဲဒီပုံကို ပုံကြီးချဲ့ပြီး ချိတ်ထားတယ်”

သူမက သူ့ကို အရေးတယူဖြင့် သေချာရှင်းလင်းပြနေပုံလေးအား သူက သဘောကျစွာ ပြုံးကြည့်နေမိလေသည်။ အဲဒီပုံလေးကို သူလည်း သဘောကျလွန်းသဖြင့် ကူးယူထားတယ်ဆိုတာကိုတော့ သူက ထုတ်မပြောမိချေ။



ဘယ်လိုသဘောနဲ့မှတော့ မဟုတ်သေးပါ။ နိုင်ငံခြားရောက် မြန်မာအမျိုးသမီးလေးတစ်ဦးရဲ့ သဘာဝကျသောပုံလေး သူက ကူးထားခြင်းပဲ ဖြစ်ပါသည်။ ဘယ်နေရာပဲရောက်ရောက် င်း အမြဲမှတ်ပါ မင်း မြန်မာ ဆိုတဲ့ သီချင်းလိုမျိုးပေါ့ ကျိုင်းစင် ပါရယ်။

“ခဏလေးနော် ... ဖုန်းခဏ ဆက်ကြည့်ချင်လို့”

သူမက သူ့ကို ခွင့်တောင်းကာ ဖုန်းခလုတ်တွေကို ိပ်လို့နေသည်။

ပြီးလျှင် ...

“ဟယ်လို ... ကေလား၊ အခု ဘာလုပ်နေတာလဲ၊ ဩော် ဘာမှ မဟုတ်ပါဘူး၊ ကျိုင်းရဲ့ဖုန်း ပျက်သွားလို့၊ အဲဒါ အခု ဆိုင်မှာ လာရွေးရင်းနဲ့ စမ်းပြီးဆက်ကြည့်တာ ...

ဆိုင်လား ... အင်း ... LIBRA တဲ့၊ အင်း ... ဘာဖြစ်လို့လဲ။ အင်း ... အင်း ... ဒါပဲလေ”

www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းက ဖုန်းကို ထောက်ခံနဲ ပြန်ပိတ်လိုက်ပြီး သူ့ကို အိုကေဟူသော သဘောဖြင့် လက်မနဲ့ လက်ညှိုးကို ပြသည်။

"သူငယ်ချင်းက ဖုန်းပြင်တဲ့ဆိုင်ကို စပ်စုနေတာလား"

"သူငယ်ချင်း မဟုတ်ဘူး၊ အဲဒါ အဒေါ်"

"အဒေါ် ! ။ အဒေါ်ကို ကေလို့ ခေါ်သလား"

"အင်း ... သူက ငယ်ငယ်ပဲ ရှိသေးတာ၊ အရမ်းချောတယ် နန္ဒာလှိုင်ကို မြင်ဖူးလား"

သူက သူမရဲ့အပြောကြောင့် ရှုံ့မဲ့သွားရကာ ...

"နန္ဒာလှိုင်တို့ အိမ်နားမှာ နေတာ၊ ပြော ... ဘာဖြစ်လို့လဲ"

"ဩော် ... ကေက နန္ဒာလှိုင်နဲ့ တူတယ်၊ နန္ဒာလှိုင်ရဲ့ ပေါ်ကာစနဲ့ ပိုတူတယ်"

"နန္ဒာလှိုင် ပေါ်ကာစနဲ့ အခု နန္ဒာလှိုင်နဲ့က ဘာကွာလို့လဲ"





"ပေါ်ကာစက ဆံပင်အရှည်ကြီးနဲ့လေ၊ ကျိုင်းရဲ့ ကေက လည်း အခုထိ အဲဒီလို ဆံပင်ရှည်ကြီးနဲ့ပဲ၊ အဲဒါကိုပြောတာ။ ပုဂ္ဂိုလ်ကြီးနဲ့ ကေ့ကို မိတ်ဆက်ပေးဖို့ စိတ်ကူးရှိတယ်"

သူက သူမရဲ့အပြောကြောင့် မျက်လုံးပြူးသွားရလေသည်။ သူက ချက်ချင်းပဲ လက်ကိုကာပြလျက် ...

"ဟာ ... မလုပ်နဲ့၊ လျှောက်မလုပ်နဲ့နော်။ မင်းစိတ်ကူးနဲ့ ထင်ရာ မြင်ရာတွေ လျှောက်လုပ်တဲ့အထဲမှာ ကိုယ်မပါဘူး"

"အံမယ် ... သူများအဒေါ်နဲ့ မိတ်ဆက်ပေးမှာများ သူက နာအံ့ထင်နေသေးလား"

"ဟာ ... ညည်းက အကြံဆိုးကြီးနဲ့ မိတ်ဆက်ပေးမှာလေ"

သူမက သူ့ကို မျက်စောင်းရွယ်ကြည့်ကာ အပေါ်နှုတ်ခမ်းတစ်ခုတည်းကိုပဲ ထူးထူးဆန်းဆန်း မဲ့ပြသည်။ သူမမို့ပဲ လုပ်လည်း လုပ်တတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆက်ပေးတာတောင် အကြံဆိုးကြီးနဲ့ပဲ ဖြစ်ရသေးတယ်နော်။ ဗြီးတော့ လူကို ညည်း၊ ညည်းနဲ့ မပြောနဲ့ သိလား၊ ညည်းလို့ ပြောရင် သိပ်မုန်းတာပဲ"

သူက သူမကို ညီမလေး ငယ်ပါသေးတယ်ဟူသော နှစ်သိမ့်ပြုံးလေးဖြင့် တမေ့တမော ပြုံးကြည့်ကာ ...

"မင်းက ကိုယ့်အတွက်တော့ ကလေးပဲ ရှိပါသေးတယ် ကွာ။ မင်း စကားတစ်ခွန်း ဟလိုက်ရင် ဘာပြောချင်တယ် ဘာလုပ်တော့မယ် ဆိုတာ ကိုယ် သိတာပေါ့ ...

မလုပ်ပါနဲ့ကွာ၊ အဲဒါမျိုးတွေ ကိုယ် ဝါသနာမပါဘူး၊ သိလား"

သူမက သူ့ကို မျက်စောင်းတစ်ချက် ထိုးလေကာ...

"သူများအပေါ်ကို မမြင်ဘူးသေးပဲနဲ့များ"

"ခက်ပါလား ချာတိတ်ရယ်၊ ချောတိုင်း လှတိုင်း စိတ်ဝင်စားရမှာလား ...





ချောတိုင်း လှတိုင်းသာ စိတ်ဝင်စားဖို့ ကောင်းနေရင် ကိုယ် အစောကြီးတည်းက မိန်းမရနေပြီပေါ့။ မလုပ်ပါနဲ့ကွာ၊ အေးဆေးပဲ နေပါရစေ"

သူ့အပြောကို ကောင်မလေးက တကယ်ပဲ စိတ်တိုနေဟန်ဖြင့် နှုတ်ခမ်းစူကာ စောင်းရွဲ့ကြည့်သည်။

"တစ်ခါလေး တွေ့ကြည့်တော့ရော ဘာဖြစ်မှာမို့လို့လဲ။ ကျိုင်းရဲ့အန်တီက တကယ်ချောတာနော်၊ အရမ်းမိုက်တာ"

"ယုံပါတယ်၊ မလှဘူးလို့လည်း မပြောရပါလား"

"ဘာကိုကြည့်ပြီး ယုံရတာလဲ။ လက်တွေ့မပါတဲ့ သဘောတရားဟာ အမှန်တရား မဟုတ်ဘူးတဲ့။ တစ်ခါလောက် တွေ့ကြည့်ပါ"

"နို့ ... နို့ ... လက်တွေ့နဲ့ ယုံတာပါ"

"ဘယ်မှာလဲ လက်တွေ့က ..."

"မင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို မျက်လုံးပြူးကြည့်သည်။ သူ

သူမကို မျက်ခုံးပင့်ပင့်ဖြင့် ကြည့်ကာ ...

"မင်းတောင် ဒီလောက်လှနေတာ မင်းရဲ့အဒေါ်က ဒီ့ထ

ပိုလှမယ်ဆိုတာ သိပါတယ်၊ ဟုတ်တယ် မဟုတ်လား

ကိုယ်က အပွေးမြင် အပင်သိ၊ တူမကြည့် အဒေါ်ကိုသိ

တယ် ကျိုင်းစင်မြဲပါရယ်"

သူက အဲဒီလို ပြောလိုက်လျှင် သူမက နှုတ်ခမ်း

အသာကိုက်ကာ မျက်စောင်းထိုးလေသည်။ အဲဒီပုံကို မြင်လို

ရလျှင် သူမ စိတ်နည်းနည်း ပြေသွားပြီဆိုတာ သဘောပေါ

သည်။

သူက သူမစိတ်တိုပုံလေးကို မြင်ချင်သဖြင့် ထ

ဖို့ ဆုံးဖြတ်လိုက်သည်။

"ဘာလဲ ... မင်းက မင်းအဒေါ်ကို ဒီနှစ်ထဲမှာ အစွံထ

ချင်နေလို့လား"





သူ့စကားကြောင့် သူမက သူ့ကို မျက်ထောင့်နီ

ကြီးဖြင့် ကြည့်လာကာ ...

"ပုဂ္ဂိုလ်ကြီးနော် ... သူများအဒေါ်ကို အဲဒီလို မပြောနဲ့"

"ဟာ ... မင်းလုပ်နေတဲ့ပုံက အဲဒီလိုကြီး ဖြစ်နေတာကိုး။

အဲဒီလိုကြီး မလုပ်ရဘူး ကလေးမရဲ့၊ အဲဒါဟာ ကိုယ့်

အဒေါ်ကို မစွံလို့ လိုက်စပ်နေတာမျိုးနဲ့ မတူပေဘူးလား"

"မတူပါဘူး။ ကျေကို ကြိုက်တဲ့လူတွေများ ပုံလို့၊ ကျိုင်း

က ကိုယ်သဘောကျတဲ့လူနဲ့ စပ်ဟပ်ပေးတာ"

သူမရဲ့စကားကြောင့် မရှက်တာကြာပြီဖြစ်သော

သူ့မျက်နှာမှာ ဖြန်းခနဲ ထူပူလို့ သွားလေသည်။ သူမရဲ့စကား

စားရမှာလည်း သဲတရုပ်ရုပ်၊ ပစ်ရမှာလည်း အဆီနဲ့တဝင်း

ဝင်း ဖြစ်သည်။ သူ့ကို သဘောကျတယ်ဆိုသော အပြောက ရင်

ကို ငြိမ့်ခနဲ စီးဝင်သွားစေသော်လည်း သဘောကျလို့ စပ်ဟပ်

ပေးတယ်ဆိုသော နောက်ဆက်တွဲစကားကတော့ အီလည်လည်

ကြီးပဲ ဖြစ်သွားစေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက အမှာမ်း အဟဲဖြင့် လည်ချောင်းရှင်းကာ ဘာဆက်ပြောမှန်း မသိချေ။

အဲဒီအချိန်မှာပဲ သူမက အနားရောက်လာသော ဝိတ်တာလေးကို လှမ်းခေါ်ကာ ...

"ဒီမှာထိုင်နေကျ စုံတွဲကိုလေ သိတယ်မှလား၊ အစ်မကြီး က အသက်ကြီးတယ်လေ"

ထိုကောင်လေးက ရုတ်တရက် အူကြောင်ကြောင် ဖြစ်နေပုံရသည်။

"ကျွတ် ... ကောင်လေးကကွာ၊ ဒီရှေ့က ဂရုပ်ဖစ်ဆိုင် ကလေ"

"သြော် ... ဟုတ်ကဲ့၊ အဲဒီတော့"

"အင်း ... သူတို့စုံတွဲလာရင်လေ ဒီပါဆယ်လေးကို အဲဒီ ကောင်လေးကို ပေးပေးပါနော်။ ဒီမှာ ရှင့်အတွက် ဘောက် ဆူး၊ ကျေးဇူးတင်ပါတယ်၊ သိလား"





သူမက ပါဆယ်လေးနှင့်အတူ ကောင်လေးရဲ့လက် ထဲသို့ တစ်ထောင်တန်နှစ်ရွက် ထည့်ပေးလိုက်လေသည်။

"ဒါကိုပေး,ပေးရုံပဲလား ခင်ဗျ"

"အင်း ... ပေး,ပေးရုံပဲ။ ပေးခိုင်းတဲ့လူက မိန်းကလေး တစ်ယောက် ဆိုတာကလွဲလို့ ထုံးစံအတိုင်း ဘာမှမသိဘူး ပေါ့နော်။ တကယ်လည်း မသိဘူး မဟုတ်လား"

သူမက ဝိတ်တာလေးကိုတောင် ပြုံးစစနှင့် ပြော လိုက်သေးလျှင် ဟိုကောင်လေးကလည်း ရယ်ကျဲကျဲနှင့် ခေါင်း ညိတ်ပြသွားသည်။ သူမကို သဘောကျသေးသော နောက်ထပ် အချက်တစ်ခုမှာ ဘယ်သူ့ကိုမဆို ဖော်ရွေခင်မင်တတ်ကာ အဆင့် အတန်း ခွဲခြားသောစိတ်မျိုး မရှိတာဘဲဖြစ်သည်။

အခုချိန်မှာတော့ သူက သူမရဲ့ဓာတ်လမ်းလေးကို စိတ်ဝင်စားစွာဖြင့် ...

"ဘယ်လိုလဲ အဆင်ပြေသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက နှာခေါင်းကိုရှုံ့ကာ ခေါင်းယမ်းပြသည်။ အသည်းအသန်ပုံစံ မဟုတ်ပေမယ့် အဆင်မပြေပါဘူး ဟူသော အဲဒီပုံစံလေးကပင် သူ့ကို ကရုဏာများစွာ သက်ရောက်စေပါ သည်။

"ဒီနေ့ သူ့ဘတ်ဒေးလေ။ အဲဒါ ဘတ်ဒေးပရဲဆင့် ပို့ပေး တာ"

"ဟင် ... ဒါဆို မင်း ဒီပြန်ရောက်နေတာ သူ သိသွားမှာ ပေါ့။ သူနဲ့ တွေ့ပြီးပြီလား"

ဒီမေးခွန်းကို သူ ဘာ့ကြောင့် ကမန်းကတန်း မေး မိတယ် ဆိုတာ သူ့ကိုယ်သူတောင် မသိချေ။ သူမက သူ့ကို သိပ်သိချင်နေတယ် ဆိုသော မျက်ဝန်းမျိုးဖြင့် မျက်ဝန်းအသား လှန်ကြည့်လျှင် သူ့မှာ မနေတတ် မထိုင်တတ် ဖြစ်လို့သွား သည်။

"ပုဂ္ဂိုလ်ကြီးက ကျွန်မတို့ကိစ္စကို စိတ်ဝင်စားတယ်ပေါ့"

"အင်း ... စိတ်ဝင်စားတယ်"





"ဟုတ်လား ... ဘယ်လိုဖြစ်မယ်လို့ ထင်လဲဟင်။ သူ ကျွန်မဘက်ကို အဲ ... သူနဲ့ ဟိုအမျိုးသမီးနဲ့ ကွဲသွားမယ် လို့ ထင်လား"

သူက ဘယ်လိုပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ ပါပေမဲ့ သူမရဲ့ အရည်အချင်းနဲ့သာ ဆိုရင်တော့ ဟိုစုံတွဲပျော ဆက်သွားဖို့ လမ်းမမြင်ပါ။

BURMESE CLASSIC .com

သို့သော် သူ့နှုတ်က ထိုစကားကို တော်တော်နှင့် ထွက်မရချေ။ ထွက်မရ ဆိုတာထက် သူ့ပါးစပ်က မပြောချင်ခဲ့ တာ ဖြစ်သည်။

"မပြောတတ်ဘူးလေ။ အဲဒါက ဟိုတစ်ယောက်ပေါ်မှာ မူတည်တယ်"

"ဘယ်တစ်ယောက်လဲ ... နယုန်လား"

"နယုန် ဆိုတာက ! "

"ဩော် ... နယုန် ဆိုတာ ကောင်လေးကို ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



နယုန်ဆိုတာ ကျွန်မ ရည်းစားပါဟု မပြော ကောင်လေးကိုပြောတာ ဟူသော အဖြေကြောင့် သူက ပြုံးသွ လေသည်။ ကျိုင်းစင်မြဝါရယ် ... မင်းဟာ ကိုယ့်ဟာကိုယ် အ ပင်ကင်းကင်း လွတ်လပ်ပျော်ရွှင်စွာ မနေဘဲ ဘာကြောင့် အချစ်ကို မြည်းစမ်းချင်ရတာလဲ။

"အင်း ... အဲဒီ နယုန့်အပေါ်မှာ မူတည်တာပေါ့။ ဒီ အတိုင်းဆိုရင် မင်း ပြန်ရောက်နေတာ သူ သိသွားပြီး ကို နှောင့်ယှက်နေပြီလို့ သိနေမှာပေါ့ ...

ဘာလဲ ... မင်းက သူတို့နှစ်ယောက်ကို ခွဲချ စိတ်ဆန္ဒ ရှိနေလို့လား"

သူမက မဆိုင်းမတွနှင့်ပင် ...

"သိပ်ရှိတာပေါ့"ဟု ခပ်သွက်သွက်ကြီးပဲ ပြန် သည်။ သူမရဲ့အဖြေစကားကြောင့် သူ တကယ်ပဲ ရင်မော ပါသည်။ သူမက သူ ငြိမ်သက်သွားတုန်းမှာပဲ သက်ပြ ခေါင်းစဉ်ပြောင်းလိုက်ကာ ...





"ဒါနဲ့ ကျွန်မရဲ့ဖုန်းကို ပြင်ပေးတာ ဉာဏ်ပူဇော်ခ ဘယ်လိုချီးမြှင့်ရမလဲဟင်"

ဒီလိုကျပြန်တော့လည်း တရိုတသေနဲ့ ပညာကို လေးတစား မေးတတ်သော သူမရဲ့အပြောလေးကို သူက သောကျစွာဖြင့် ပြုံးရသည်။ ဒီကောင်မလေးဟာ ကြာလာလေ သ ခင်မင်ရင်းနှီးဖို့ ကောင်းကာ ချစ်စရာကောင်းသူလေးအဖြစ် ယ်လိုမှ မငြင်းပယ်နိုင်တော့ဘူးဆိုတာ သေချာလာလေလေ ပဲ သည်။

တစ်ခါပတ်သက်ဖူးလျှင် မိတ်ဆွေအဖြစ် ထာဝရ တ်သက်ချင်စရာကောင်းသည့် မိန်းကလေးမျိုးဖြစ်သည်။

"ဟင် ... ပြောလေလို့ ..."

သူက စဉ်းစားနေတုန်းမှာ သူမက နှုတ်ခမ်းလေးစု န်ကာ ထပ်မေးသည်။

အင်း ... ကြာရင်တော့ ခက်ရချည်သေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ... မိတ်ဖြစ် ဆွေဖြစ်ပေါ့၊ ဩော် ... တ
တော့ ပြောထားရဦးမယ်၊ ဖုန်းထဲကို ဂိမ်းတွေ အသ
အထုတ် လုပ်တာများရင် ပျက်တတ်တယ်နော်၊ ပြီးေ
Air Con ရဲ့ အအေးလမ်းကြောင်းကျတဲ့ နေရာမှာ မထ
မိစေနဲ့ ...

အခု မင်းရဲ့ဖုန်းမှာ ဖြစ်တာက Air Con ရဲ့အအေ
လမ်းကြောင်းကျတဲ့နေရာမှာ ထားလို့ အထဲကပစ္စည်းေ
အစိုပြန်လို့ ဖြစ်ရတာ ...

နောက် ဘက်ထရီအားသွင်းရင် ရိုးရိုးမီးနဲ့ပဲသွ
အင်ဗက်တာတို့၊ မီးစက်တို့က မီးတွေနဲ့ အားသွင်းရင်လ
ပျက်တတ်တယ် ...

အဲဒါတွေကို ရှောင်လိုက်ရင် ရပါပြီ။ ဒီတ
ထပ်ပျက်ရင်တော့ ပြင်ဖို့မလွယ်တော့ဘူးနော်"

"ဟုတ်ကဲ့ သိပါပြီ။ ဒါနဲ့ ပုဂ္ဂိုလ်ကြီးကို ဥာဏ်ပူေ
မပေးရဘူး ဆိုတော့ တစ်မျိုးကြီးပဲ။ အားနာစရာကြီး





ဘယ်လိုလုပ်ရမလဲဟင်"

သူက သူမစကားကြောင့် ဟက်ခနဲ တစ်ချက်ရယ်
... 

"ဘယ်လိုမှ မလုပ်နဲ့။ ဘာမှပေးစရာလဲ မလိုဘူး။ ဒီဖုန်း
ပျက်သွားလို့ နောက်ထပ် ဟန်းဒ်ဆက် အသစ်ဝယ်ရင်သာ
ကိုယ့်ဆိုင်ကဝယ်၊ ဟုတ်ပြီလား"

သူမက သူ့စကားကို ဟုတ်တယ် ဟူသော သဘော
ဖြင့် မျက်ခုံးပင့်ကာ ခေါင်းတညိတ်ညိတ် လုပ်ပြသည်။
ချင် နာရီကို တစ်ချက်လှမ်းကြည့်ကာ ...

"သူတို့ လာတော့မယ်နဲ့ တူတယ်၊ ကျွန်မတို့ သွားကြရ
အောင်လေ၊ ပုဂ္ဂိုလ်ကြီးရော အလုပ်ချိန်ကနေ ထွက်လာရ
တာ မဟုတ်လား"

"အင်း ... ကိစ္စမရှိပါဘူး။ သွားတာပေါ့"

"ဒီဝိုင်းကိုတော့ ကျွန်မ ရှင်းမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဆန္ဒတစ်ခု တောင်းဆိုလျှင် မျက်လုံးလေး ထေခင့်ကပ်ကာ ပြောတတ်သော ကောင်မလေးကို ခေါင်းညိတ်ပြလိုက်သည်။

သူမက အိုခေဟု တိုးတိုးရေရွတ်ရင်း လေတစ်ချက် ချွန်လိုက်သေးသည်။ သို့သော် အံ့ဩစရာကောင်းတာက လေချွန်သံက ထွက်မလာခြင်းပဲ ဖြစ်သည်။ သူက အံ့ဩမှုကို စိတ်ထဲ မမျိုသိပ်နိုင်ဘဲ ...

"မင်း လေချွန်လိုက်တာလား"

သူမက သူ့ကို စပ်ဖြဲဖြဲ မျက်နှာလေးဖြင့် သွား ရယ်ပြကာ ...

"အဟင်း ... ဟုတ်တယ်"

"အသံလည်း မထွက်ပါလား"

"ဘယ်ထွက်မလဲ၊ ချွန်မှ မချွန်တတ်တာကိုး၊ လေ ဘ လိုချွန်ရလဲဟင်"

"ဘလိတ်ဓားနဲ့ ချွန်ပေါ့"





သူမက သူ့ကို မျက်စောင်း ကျိတ်ထိုးပါသည်။ ပြီးတော့ ဝိတ်တာလေး လာပေးသော ဘီလ်စာရွက်ကိုယူဖတ်ကာ ကျသင့်ငွေကို ထုတ်ရှင်းရင်းမှ ...

"ဪ ... ဟိုစုံတွဲလာရင်လေ သူတို့ ဝင်ထိုင်လိုက် ချက်ချင်းပဲ ပါဆယ်ကို သွားပြီးပေးနော်"

"ဟုတ်ကဲ့ ... စိတ်ချပါ ခင်ဗျာ"

"အိုခေ ... အိုခေ ... သင့်ခ်ယူ သိလား"

ပြီးတော့ သူ့ဘက်ကို မလုံသလို လှည့်၍ပြုံးပြ သေးလျှင် သူက ဒီကောင်မလေးအတွက် သက်ပြင်းမောတ ရင်ထဲမှာပဲ ကျိတ်၍ချမိတော့သည်။ သူမနှင့်အတူတူ ဆိုင် ထွက်လာရင်းက အပေါက်ဝ ပလက်ဖောင်းမှာ ခြေစုံရိုပ်မိ လျှင် သူမက သူ့ကိုမော့ကာ ပြုံးပြသည်။ အရပ်မြင့်သော ဒီကောင်မလေးဟာ သူ့အရပ်ကိုတောင် မီလုမီခင် ရှိပေမယ့် သူ များတွေလို ဒေါက်ဖိနပ်မစီးသောအခါ သူ့ထက် ခေါင်းတစ်လုံး စာတော့ နိမ့်နေလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မော့ပြုံးပြနေသော ကောင်မလေးကို ကြည့်နေ
ရာပဲ ပြန်ပြုံးပြလိုက်မိသည်။ သူမကြည့်ရတာ သူ့ကို တစ်ခုခု
ပြလိုချင်နေတဲ့ပုံစံ ဖြစ်သည်။ သွားမယ့်အရေးကို မသွားနိုင်သေး
ကရော ဘာထူးလဲ။

သူလည်းပဲ သူမကို တစ်ခုခု ပြောချင်သည်။ သူ
ချွန်လိုက်သာ
သံက ထွာတ်ချက်တစ်ခုဖြင့် ပါးစပ်ကို ဟ,လိုက်လျှင် သူမက
မမျိုး ပါးစပ်ကိုအဟနှင့် သွား၍ဆုံသည်။

သူက ရယ်ချင်စွာဖြင့် သူမကို မေးဆတ်ကာ ပြော
င့်ပေးလိုက်လျှင် ...

"ဟိုဟာလေ ... စိတ်ပြောင်းမယ်ဆိုရင် ကျွန်မ အခေါ်နဲ့
မိတ်ဆက်ပေးပါရစေလို့၊ အဲ့ဒါ ..."

သူက စိတ်ပျက်စွာဖြင့် ကျွတ်ခနဲ စုတ်သပ်လိုက်
လျှင် သူမက သူ စိတ်တိုသွားမှန်း သိသဖြင့် ပခုံးနှစ်ဖက်ကို ကျုံ့
ကာ တဟားတားပြရင်း ချက်ချင်းပဲ လစ်ထွက်သွားတော့လေသည်။





သူသည် ထွက်ခွာသွားသော ကျောပြင်လေးကို
ငေးကာ မျက်လုံးတွေက ဘာရယ်မဟုတ်ဘဲ မျက်နှာချင်းဆိုင်ရှိ
ရုပ်ဖစ်ဒီဇိုင်းဆိုင်လေးသို့ ရောက်ရှိလို့ သွားလေသည်။ အဲဒီနောက်
မှာတော့ သူ့ကိုယ်သူတောင် ဘာလုပ်လို့ လုပ်မိမှန်း မသိတော့ဘဲ
သိပ်မကြာမီ အချိန်တွင် မန္တလေးမောင်စုံတွဲရဲ့ အနီးဆုံးစားပွဲဝိုင်းမှာ
ထိုင်ကာ တစ်သက်နဲ့ တစ်ကိုယ် မလုပ်ဖူးသော အလုပ်တွေကို
လုပ်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

ကျိုင်းသည် ကေ ပြန်ရောက်လာမယ့် အချိန်ကို စောင့်ကာ ရင်ဗာထိတ်ထိတ်ဖြင့် ထိုင်မရ ထမရ ဖြစ်လို့နေသည်။ ဒီနေ့ ကျိုင်း လုပ်ခဲ့သောကိစ္စက အရင်နေ့တွေကနဲ့ မတူချေ။ အရင်နေ့တွေဟာက ခပ်ပါးပါးလောက်သာဖြစ်လျက် ဒီနေ့ကတော့ ဟဲဗီးဆန်သည်။

ဒီနေ့ဟာ ကေ့ ကောင်လေး နယုန်မိုးရဲ့မွေးနေ့ ဖြစ်သည်။ နယုန်မိုးနှင့် ပတ်သက်သော အချက်အလက်တွေ [illegible] အတွက်တော့ ကျိုင်းအတွက် အပန်းမကြီးချေ။





ဒီနေရာမှာတော့ တပည့်တပန်းများစွာကို လက်သပ်မွေးထားသူ အော့ကစ်က ကျိုင်း လိုအပ်သော Information မှန်သမျှကို မရမက နှိုက်ထုတ်ပေးနိုင်သူဖြစ်သည်။ ဒီစီမံကိန်း စတင်နေသော အချိန်နှင့် နယုန်မိုးရဲ့မွေးနေ့တို့ ရောက်ရှိနေသော အချိန်တို့ဟာ လာရောက်တိုက်ဆိုင်နေတာကတော့ နယုန်မိုးရဲ့ ကံဆိုးမှုတစ်ခုပဲ ဖြစ်ပေလိမ့်မည်။

နယုန်မိုးရဲ့မွေးနေ့တွင် ကေက နယုန်မိုးကိုပေးမည့် မွေးနေ့လက်ဆောင်ကိုတောင် ဘာဆိုတာ ကြိုသိပြီးသား ဖြစ်လေရာ ကေ ပေးတာထက်သာသော လက်ဆောင်ကိုတောင် စီစဉ်လျက် ပေးထားခဲ့ခြင်းဖြစ်သည်။ ဒီအတွက် ကေ ဘယ်လောက်များ ယမ်းပုံမီးကျ ပေါက်ကွဲမှာပါလိမ့်။ ကေ ဖြစ်လာသောမျက်နှာကို ကျိုင်း မြင်ချင်လွန်းလှသည်။

သိပ်မကြာပါချေ။ ပေါ်တီကိုအောက်သို့ ကေ မောင်းလာသောကားက ခပ်ကြမ်းကြမ်း ထိုးရပ်လာပြီးနောက် ကားတံခါး ဆောင့်ပိတ်သံ ကျယ်ကျယ်ကို ကြားရလျှင် ကျိုင်းသည် အသ



www.burmeseclassic.com

www.burmeseclassic.com



ပြီးကာ ပခုံးကို တွန့်မိသည်။ အဲဒီနောက် ဖွင့်ထားသောသီချင်းကို ရီမုတ်ဖြင့် အသံကျယ်လိုက်သေးလေသည်။

"မင်း လှည့်စားရက်တယ် ငါ့ရင်ကိုခွဲ ... ငါ မသိခဲ့ဘူး မင်းအချစ်များလေ ... ငါ့အချစ်များ ... မြင်နိုင်ရင် လှည့်ကြည့်ပါဦးလား ...

နင်မေ့သွားတော့ ငါ့ရင်တွေ နာလှပြီ ... နင်လေ ဂရုမစိုက်တော့ ... ငါ့စိတ်လေးတွေ ကုန်ခဲ့ပြီ ... နင်က တခြားတစ်ယောက်ကို ... နင့်အချစ်တွေ အကုန်ပေးထား ... ငါက နင့်ထက်ပို အချစ်ကို ပိုပြီးကိုးကွယ်ခဲ့သူပါ"

သီချင်းက ကေ့ရဲ့ဟတ်ထ်ကို ဒက်ထိ ထိသွားသည် ထင်သည်။ ကေက ကျိုင်းဘက်သို့ စူးခနဲ လှည့်အကြည့်တွင် ကျိုင်းက အသံကိုလှမ်းတိုးပေးလိုက်ပြီးမှ ...

"ကေ အစောကြီးပဲ ပြန်လာတယ်၊ ဘာကျန်ခဲ့လို့လဲဟင်"

"မကျန်ခဲ့ပါဘူး။ အမယ်လေး ... ရင်ပူလိုက်တာ၊ အေးနဲ့ရေ ... ငါ့အတွက် ရေတစ်ခွက်ယူခဲ့စမ်းပါဟ"





ကေက လက်ကိုင်အိတ်ကို စားပွဲပေါ် ပစ်ချလိုက်ရင်းမှ ဆိုဖာပေါ်သို့ အစတ်ထုပ်တစ်ထုပ် ပစ်ချလိုက်သလို အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ ပြီးတော့ အေးနွဲ့ ခပ်လာပေးသော ရေအေးအေး ဖန်ခွက်အပြည့်ကြီးကို တစ်ရှိန်ထိုး မော့ချပစ်လိုက်သေးသည်။ ကြည့်ပါဦး ... နွေရာသီလည်း မဟုတ်ပါဘဲ ဒီဇင်ဘာလကြီးထဲမှာ ဒီလောက်တောင် ရေငတ်နေရသလား။ ရင်တွေ ဘယ်လောက်များ ပူနေလို့ပါလိမ့်။

ကေက ရေကုန်သွားလျှင် ခေါင်းကို နောက်သို့လှန်ကျကာ သက်ပြင်းကို ဟင်းခနဲ ချသည်။ သြော် ... ကေ ... ကေ။ တစ်သက်လုံး အပူအပင် အကြောင့်အကြကင်းစွာနဲ့ နေလာခဲ့ရသမျှ အခုမှ ရင်ပူခြင်းရဲ့ အရသာတွေကို ခံစားနေရပြီပေါ့။

ကေက မျက်နှာကြက်ကို မော့ငေးနေရင်းမှ ကျိုင်းရဲ့ဘက် ရုတ်တရက်လှည့်လို့လာလျှင် သူ့ကိုငေးနေသော ကျိုင်းရဲ့မျက်နှာနှင့် ပက်ပင်းဆုံသည်။ ကျိုင်းက ကေ့ကို နားမလည်သလို တစ်ချက်ငဲ့ကြည့်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကေ ဘာဖြစ်နေတာလဲ၊ အပြင်မှာ ပြဿနာတစ်ခုခုများ ဖြစ်ခဲ့လို့လား"

"မဖြစ်ခဲ့ပါဘူး"

"မဟုတ်ပါဘူး၊ ကေ့ကို ကြည့်ရတာ တစ်ယောက်ယော နဲ့ အဆင်မပြေ ဖြစ်လာတဲ့ပုံပဲ။ ဒီအချိန်ဟာ ကေ အိမ် ပြန်လာတဲ့ အချိန်လည်း မဟုတ်ဘူးလေ ...

ဘာဖြစ်လို့လဲ၊ ကေ့ကို ဘယ်သူက အရူးလုပ်လို လို့လဲ"

ကျိုင်းက တီဗီမှလာနေသော သီချင်းထဲက စာသာ အတိုင်း မေးလိုက်လျှင် ကေဇာ ကျိုင်းကို မျက်စောင်းထိုးေ သည်။ တီဗီထဲမှာ L ဆိုင်းဇီသည် "အရူးမလုပ်ပါနဲ့"ဟူသော သီချင်းကို အပီအပြင်ပဲ သီဆို၍နေသည်။ ကေက သူ့ခံစားချ နှင့် တိုက်ဆိုက်သော သီချင်းစာသားများကို ငေးကာ နားထော နေလေသည်။





"ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုးနဲ့ ... နင် လုပ်ချင်ရာလုပ် တယ် ... ငါက အရူးမှ မဟုတ်ဘဲ ... နင် ဘာကြောင့် အရူးလုပ်ချင်လဲ ...

နင် ငါ့ကိုလာမဖြီးနဲ့ ... သွားစမ်းပါကွာ ... အလိမ် တွေ ရိုးအီပြီ ... အီပြီ"

ကေက သီချင်းကို သေချာနားထောင်လျက် ခေါင်း ာဆတ်ဆတ်ညိတ်ကာ ...

"သီချင်းတွေကလည်းနော် လှည့်စားခံရတာနဲ့ အရူးလုပ် ခံရတာနဲ့ ပျော်ရွှင်ကြည်နူးရတာကို မရှိပါလား"

တိုက်ဆိုင်တယ်ပေါ့။ ကျိုင်းက အဲဒီစကားကို စိတ် ဲမှ ကျိတ်ပြောလိုက်တာ ဖြစ်သည်။ တကယ့်အပြင်မှာတော့ ...

"သြော် ... ကေကလည်း၊ တကယ့်အချစ်မှာရော ပျော်ရွှင် ကြည်နူးရတာမျိုး ရှိလို့လား။ အခုခေတ် ကောင်လေးတွေ ကလည်း ဆိုင်းဇီ သီချင်းထဲကလို လူကို အရူးလုပ်ချင်နေ တဲ့ လူတွေချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ရော အဲဒီလို အရှုံးလုပ်ခံခဲ့ရဖူးလား"

ကျိုင်းက ကေ့ကို ပြုံးပြုံးလေး လှည့်ကြည့်လိုက်ကာ ...

"ဟင့်အင်း ... ကျိုင်းက သူများကိုပဲ အရှုံးလုပ်တာ"

"ဘယ်လို !"

"ဩော် ... သူများကိုပဲ လုပ်တတ်တာပါဆို။ ကေလည်း သိသားပဲ။ ကျိုင်းက ဘယ်လိုမိန်းကလေးလဲ ဆိုတာကို"

ကေ့ရဲ့မျက်လုံးထဲတွင် တူမပေမယ့် ငါ့ထက်တော့ ပါလားဟဲ့ ဟူသော အရိပ်အယောင်တွေ ဖြတ်သန်းသွားတာကို ကျိုင်းက အသေအချာပင် တွေ့မြင်လိုက်ရလေသည်။

"ကေ ... ကျိုင်း ပြောထားတဲ့ကိစ္စက ဘယ်လိုလဲ"

"ဘာကိစ္စလဲ"

"ဩော် ... ကေ့ကို ကျိုင်းရဲ့ မိတ်ဆွေတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ် ဆိုတာလေ"





"ဟာ ... နင်ကလည်းဟာ၊ လျှောက်မလုပ်စမ်းပါနဲ့၊ ရှုပ်ရှုပ်ယှက်ယှက်တွေ နေစမ်းပါဦး၊ နင်က ဘယ်က အသိုးကြီးတွေနဲ့ မိတ်ဆွေဖြစ်နေပြန်ရတာလဲ"

ကျိုင်းသည် ဒီလိုကျပြန်တော့လည်း ကောလင်ဖာသီနဲ့တူသော ခပ်မိုက်မိုက် စတိုင်လ်ရှိသည့် ပုဂ္ဂိုလ်ကြီးဘက်က ...လို့သွားသည်။ ကေကများ သူများကို အသိုးတွေ ဘာတွေ ...ပြောနေသေးတယ်၊ ဟင်း ... ကိုယ့်အခေါ်မို့ မပြောချင်လို့။ ...

"ဘာမှ အသိုးကြီး မဟုတ်ဘူးနော်။ ကေ့ထက်တောင် ငယ်လိမ့်ဦးမယ်၊ အရမ်းမိုက်တာ၊ သဘောလည်းကောင်းတယ် ...

တစ်ခါလောက်ပဲ တွေ့ကြည့်ပါ ကေရယ် ... နော်"

"တော်စမ်းပါ၊ ယောကျ်ားတွေကို စိတ်ကုန်ရတဲ့အထဲ"

ကေ့ရဲ့အပြောကြောင့် ကျိုင်းက မျက်ခုံးပင့်သွားရ



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကုန်တယ်၊ ကေက ဘယ်တုန်းက ယောကျ်ားတွေ[illegible] စိတ်ကုန်သွားရတာလဲ။ ဘာလဲ ... ကေ့ကို လိုက်နေတဲ့[illegible] ရှိလို့လား"

"မရှိပါဘူးဟာ"

"ဒါဖြင့်ရင် ဘာဖြစ်နေရတာလဲ၊ ကေနော် ... ကျိုင်[illegible] တစ်ခေါက်ပြန်လာတာ ကေ့ ပုံစံတွေက သိပ်မဟုတ်ချင်[illegible] အော့ကစ်နဲ့လည်း မကြည်ဘူး၊ ကေ ကိုယ်တိုင်[illegible] လောကကြီးကို စိတ်ကုန်နေတဲ့ အထာနဲ့ ...

ဘာတွေ ဖြစ်နေတာလဲ၊ ကျိုင်း သိခွင့်မရှိဘူးလား[illegible]

ကျိုင်းက ဒီလိုပြောလိုက်လျှင် ကေက ကျိုင်း[illegible] တွေဝေစွာဖြင့် ငေးကြည့်လို့လာသည်။ ကေ ဒီလိုဖြစ်နေတာ[illegible] မြင်ရတော့လည်း ကျိုင်း စိတ်မကောင်းချေ။ ကျိုင်းသည် နယ[illegible] ရဲ့ စိတ်နေသဘောထားတို့ကို သေချာစွာ အကဲမခတ်ခဲ့သော[illegible] ဒီလိုလုပ်ခဲ့တာဟာ မှန်ရော မှန်ရဲ့လားဟု ပထမဆုံးအ[illegible] တွေးမိသွားသည်။





ကျိုင်းကတော့ ကေနဲ့ နယုန်မိုးကို အသက်ဆယ့်[illegible]စ်ကွာသော ပြစ်မှုတစ်ခုတည်းနဲ့တင် သဘောမတူလိုခြင်းပဲ ဖြစ်ပါသည်။ ကေသာ ဟိုပုဂ္ဂိုလ်ကြီး သော်မင်းစိမ်းနဲ့ ဖြစ်သွားရင် ဘယ်လောက်တောင် ကောင်းလိမ့်မလဲ။

ဘယ်ဘက်ကမှ ပြောစရာမရှိတော့ပေ။ သို့သော် [illegible]နေရာမှာ ကျိုင်းက တစ်ခုပြန်စဉ်းစားရမှာ ပုဂ္ဂိုလ်ကြီးက ကေ့[illegible]ကို နယုန်မိုးရဲ့ချစ်သူအဖြစ် သိသွားခဲ့ရင်ရော ...။

သိနိုင်လောက်သလား၊ ကျိုင်းရဲ့အဒေါ်အဖြစ် ကေ့[illegible]ကို ပုဂ္ဂိုလ်ကြီးနဲ့ မိတ်ဆက်ပေးခဲ့ရင် တစ်ချိန်က နယုန်မိုးနဲ့ပတ်[illegible]သက်ခဲ့သူအဖြစ် မှတ်မိသွားနိုင်လား။ မှတ်မိချင်လည်း မှတ်မိနိုင်[illegible]တာပဲ။ ကေ့ရဲ့ ရုပ်ရည်ဟာလည်း တစ်ခါတွေ့ဖူးလျှင် မေ့လွယ်[illegible]သွားတတ်တဲ့ အစားမျိုးထဲကမှ မဟုတ်တာ။

"အင်း ... အခုလောလောဆယ်မှာတော့ ငါ့စိတ်တွေ သိပ်အလိုမကျဘူး ကျိုင်းရယ်"

"ကေ"



www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းက တိုးတိတ်ညင်သာစွာ ခေါ်လိုက်လျှ
ကေက ကျိုင်းဘက်သို့ အသာအယာ လှည့်ကြည့်လို့လာသည်
ကျိုင်းသည် အသက်ကို ဝဝရှူလျက် ခန္ဓာကိုယ်ကို မတ်မတ်ထာ
လိုက်ကာ ...

“ကေ အခုဖြစ်နေတဲ့ ပြဿနာဟာ နှလုံးသားရေးရာကိ
မဟုတ်လား”

“နင် ဘယ်လိုလုပ် သိတာလဲ”

“ဒီလို ပြန်မေးနေပုံထောက်တော့ ဟုတ်နေလို့ မဟုတ်
လား ကေ၊ ဒီကိစ္စဟာ သိပ်ခက်ခဲတဲ့ကိစ္စမှ မဟုတ်
ကေရယ်။ အစစအရာရာ အဆင်ပြေနေတဲ့ ကေ့ရဲ့ဘဝမှ
စိတ်ရှုပ်စရာ စိတ်အလိုမကျစရာတွေကို အိမ်အထိ သယ်
လာဖို့ဆိုတာ ဒီကိစ္စမျိုးတွေပဲ ရှိတာမဟုတ်လား ...

ကေ ဘာပြဿနာတွေ ကြုံနေရလဲ၊ ကျိုင်း ဘာကူ
ညီပေးရမလဲဟင်”





ကေသည် နောက်ကျောကိုထိုးမည့် ဓားများကို မသိ
ဖြင့် ကျိုင်းရဲ့လက်ကလေးကို အားကိုးတကြီး ဖျစ်ညှစ်ဆုပ်
င်လို့ လာသည်။

“ကျေးဇူးတင်ပါတယ် ကျိုင်း၊ အခုတော့ မလိုအပ်သေးပါ
ဘူး။ နင့်အကူအညီ လိုတဲ့အချိန်ကျရင် ပြောပါမယ် ...
ကဲ ... ငါ သွားနားလိုက်ဦးမယ်”

ကျိုင်းက ခေါင်းညိတ်ပြလိုက်လျှင် ကေက ညင်သာ
သာ ခြေလှမ်းများဖြင့် အိမ်ပေါ်ထပ်သို့ ဖြည်းညင်းစွာ တက်လို့
ားလေသည်။

ကျိုင်းသည် ကေ့ကို လည်ပြန်လိုက်ငေးနေရင်းမှ
က်တစ်ချက် ရှိုက်မိသည်။ ကေ ဒီလိုခံစားနေရတာကို မြင်
ော့လည်း ကျိုင်းက စိတ်မကောင်းချေ။ ကျိုင်းသည် နယုန်မိုး
အသေးစိတ် လေ့လာကာ အောက်စ်နှင့် ထပ်၍ဆွေးနွေးဖို့
ော့ လိုလာပြီဟု စိတ်ထဲက တွေးထားလိုက်သေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှူ့သက်တမ်းကို တစ်ဝက်ကျိုးနေပြီဖြစ်သော ...
အတွက် အခုကြုံနေရသော အချစ်ဟာ အစစ်အမှန် ဆိုခဲ့လျှ...
ကော့ကို စိတ်ချမ်းသာစေချင်သော စေတနာပဲ ရှိခဲ့ပါသည်။





သော်မင်းသည် ဖုန်းနံပါတ်တချို့ကို နှိပ်ဟန်ပြုပြီး
...နာရီကိုတစ်ချက်ကြည့်ကာ လက်ကိုပြန်ရုပ်လိုက်သည်။ အချိန်
... ခုနစ်နာရီ ထိုးခါနီးနေပြီ။ မိတ်ဆွေ မိန်းကလေးတစ်ယောက်
... ဖုန်းဆက်ရန် သိပ်နောက်ကျနေသော အချိန်တော့ မဟုတ်
...သေးပါ။ သို့သော် သူ့လက်က ဘာ့ကြောင့် ချီတုံချတုံ ဖြစ်နေလဲ
...တာတော့ သူ့ကိုယ်သူ မသိပေ။

သူကပဲ မရိုးသားသူမို့လား။ ဟင့်အင်း ... သူက
...ကိုယ်သူတော့ ရိုးသားတယ်ဟု ထင်သူဖြစ်သည်။ ဒါပေမဲ့
...မ ...။ သူမဆိုသော ကျိုင်းစင်မြဝါ ဆိုသည့် နာမည်ဆန်းဆန်း
...ဆန်းဆန်း ကောင်မလေးထံ သူ ဖုန်းဆက်ချင်နေတာတော့



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ ဖြစ်ပါသည်။ ဒီတစ်ခါ ဖုန်းခေါ်ခြင်းသည် သူ့ဘက်က ပထမဆုံး စခေါ်ခြင်းဖြစ်ပြီး အရင်တစ်ခါကတော့ သူမ စ,တင်ခေါ်ဆိုခဲ့တာ ဖြစ်သည်။

သူက ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ သူမ ဖုန်းနံပါတ်တချို့ကို ခပ်သွက်သွက် နှိပ်ချလိုက်သည်။ သိပ်မကြာ ခင်ပဲ လိုင်းဝင်သွားပါသည်။ Ring tone မြည်သံ သုံးချက်အပြီး တွင် တစ်ဖက်မှ သူမက ဖုန်းဖွင့်ကာ ...

"ဟယ်လို"

"ကိုယ်ပါ"

"ခေါင်း ဘယ်ရောက်သွားလဲ"

သူမ အပြောကြောင့် သူက မရယ်ဘဲ မနေနိုင်ချေ။ ဒီလိုရှုတ်နောက်နောက် ပုံစံတွေကြောင့်လည်း သူက သူမနှင့် စကားပြောရတာကို စိတ်ချမ်းသာ ပျော်မွေ့ခြင်းပဲဖြစ်သည်။

"ခေါင်းလား ... ခေါင်းက တုတ်ထိုးဆိုင် ရောက်သွား ပြီ"





"ဟား ... ဘယ်ဆိုင်ကို သွင်းလိုက်တာလဲ၊ သွားဝယ်ဦးမှ ပဲ၊ ပုံတွေတော့ မပျက်လောက်သေးပါဘူးနော်"

"ကိုယ့်ခေါင်းကို အဲဒီလောက် မက်မောတာပေါ့"

"အဲဒီခေါင်းက နားရွက်မှာ ပါနေတဲ့ စိန်နားကပ်ကြီးကို မက်မောတာပါ"

သူမ အပြောကြောင့် သူက အတောမသတ်နိုင်ဘဲ ဟားဟား ရယ်မိလေသည်။

"ကြည့်စမ်း ... ဒါကြောင့် တစ်ချိန်လုံး ကိုယ့်နားရွက်ကို လှမ်းလှမ်းရှိုးနေတာကိုး"

"အမယ်လေး ... သိပ်ပဲမျှားမနေနဲ့၊ ကြိုက်လွန်းလို့ ပြော နေတာ မဟုတ်ဘူး။ ယောကျာ်းလေးတွေ စိန်နားကပ်ကြီး ဝတ်ထားတာကို သိပ်မုန်းတာ ...

ဘာကြီးတွေမှန်းလဲ မသိဘူး၊ အမြင်ကတ်တယ်"

သူမအပြောကြောင့် သူက နားရွက်တွင်ရှိသော စိန်နားကပ်ကို ယောင်ယမ်း၍ စမ်းမိသွားသည်။ ❖



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာလို့ အမြင်ကတ်ရတာလဲ၊ သူများလုတာ မနာလိုဘူးလား"

"မနာလိုလို့ ပြောတာ မဟုတ်ပါဘူး။ သေးသေးလေးတွေဆို လှတယ်၊ တချို့က အရမ်းပြူးပြဲနေတာပဲ၊ စိန်အကြီးကြီး ဝတ်နိုင်မှန်း ကြွားနေသလိုပဲ"

"ကိုယ့် နားကပ်ကရော ကြီးလို့လား"

"ကြီးတယ်"

သူမက မဆိုင်းမတွ ပြန်ဖြေလျှင် သူက ခပ်တိုးတိုးရယ်မိလေသည်။

"ဒါဆို ကိုယ့်ကို အမြင်ကတ်တယ်ပေါ့"

"နားကပ်ကို ကတ်တာပါ၊ လူကိုတော့ မကတ်ဘူးပေါ့ ဪ ... ဒါနဲ့ ပုဂ္ဂိုလ်ကြီးခေါ်တဲ့ Call အတွက် Special ring tone ထည့်ပေးထားတာလား"

"အင်း ... ဟုတ်တယ်၊ ကြိုက်လား"





သူက သူမရဲ့ဖုန်းကို ပြင်ပေးဖို့ ယူထားတဲ့အချိန်တုန်းက သူ့ဖုန်းခေါ်သံအတွက်သာ သီးသန့်မြည်သော သီချင်းလေးတစ်ပိုင်းတစ်စကို ထည့်ပေးလိုက်တာ ဖြစ်သည်။ သူက သူမထံကို ဖုန်းခေါ်လျှင် အဲဒီသီချင်းဖြင့် ဖုန်းမြည်သံ ထွက်ပေါ်ပါမည်။ သီချင်းက လက်တင်အဆိုတော် ရှာကီရာ၏ နာမည်ကျော် Whenever Whenever သီချင်းရဲ့ အစလေးဖြစ်သည်။

"ကြိုက်တယ်၊ ပုဂ္ဂိုလ်ကြီးကတော့ သီချင်းထက် လူကိုပိုကြိုက်မယ်နဲ့တူတယ်"

"လူကို မကြိုက်ပါဘူး၊ က,တာကို ကြိုက်တာပါ"

သူမထံမှ ဟွန်းခနဲဟူသော ရှုတ်ချသံကြီး ထွက်ပေါ်လို့လာလျှင် သူက တဟားဟားပဲ အော်ရယ်မိလေသည်။ ရှာကီရာရဲ့ တင်သားလှုပ်ပြီးကသော အကဟာ ကမ္ဘာတစ်ဝှမ်းလုံးမှာရှိသော ကိုကိုကာလသားတို့အကြိုက် ဖြစ်သည်မို့ သူကလည်းမညာတမ်း ဝန်ခံလိုက်တာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ လူက ဒီအတိုင်းဆို ဘာကြိုက်စရာရှိလဲ။ အဲဒီလို က,တတ်ဖို့ဆိုတာ မနည်းမနော လေ့ကျင့်ထားရ တာ။ သူ့ရဲ့ကတတ်တဲ့ပညာကို Appreciate လုပ်တာ ပါ"

"အမလေး ... စိတ်ထားကောင်းကြီးပါပဲလား"

"အခု ဘာလုပ်နေတာလဲ"

"ကျွန်မလား"

သူက ပါးစပ်မဖွင့်ဘဲ အင်ဟင်ဟု ဖြေလိုက်သည်။

"ကိုရီးယားကား ကြည့်နေတာ"

"ဪ ... ဒါဆို မအားဘူးပေါ့"

"အင်း ... အားပါတယ်"

"ဟင် ... ဘယ်လိုကြီးလဲ"

"အင်း ... ဒီလိုကြီးပဲ"

သူက မျက်မှောင်ကြုတ်ကာ စဉ်းစားရကျပ်သွားရ သည်။ ဒီဇင်ဘာလရဲ့ညဟာ တိတ်ဆိတ်အေးဆေးနေလျက် ခံစား





ဘတ်သူတစ်ယောက် အဖို့တော့ လွမ်းမောဖွယ်ခံစားလို့ကောင်း တုန်း အချိန်မှာ သူမက အေးအေးဆေးဆေးပဲ ကိုရီးယားကား ကြည့်နေသတဲ့။ ကြည့်နေတာကို သူက အပြစ်မပြောပါ။ ဒါပေမဲ့ ဒီနေ့ဟာ သူမချစ်သူရဲ့မွေးနေ့ဖြစ်သည်။ နောက်ထပ် အချစ်သစ် နဲ့ ပျော်မွေ့နေတဲ့ ချစ်သူအတွက် မွေးနေ့လက်ဆောင်တောင် ပို့ ဆးထားခဲ့တဲ့ သူမဟာ ဒီလိုညမျိုးမှာ တိတ်ဆိတ်စွာ ကြေကွဲနေ သလမလားဟု သူက စာစာနာနာ တွေးနေမိခဲ့တာဖြစ်သည်။

တကယ်လို့များ သူမတစ်ယောက် ကြေကွဲဝမ်းနည်း နေခဲ့ရလျှင် သူက ဖေးမနှစ်သိမ့်ပေးဖို့ စိတ်ကူးရှိခဲ့ပါသည်။ အခု တော့ သူ့ရဲ့မူလအတွေးကတောင် အခုမှ ပြန်ပေါ်လာတဲ့အထိ သူမရဲ့အသံက ပူဆွေးဝမ်းနည်းမှု တစ်စက်လေးမှ မပေါ်ချေ။

အင်း ... တအားကြီး ပူဆွေးဝမ်းနည်းနေရမယ် လို့လည်း မဆိုလိုပါ။ ဒါပေမဲ့ တစ်မျိုးတော့ တစ်မျိုးပါပဲ။

"မဟုတ်ဘူးလေ၊ အဲဒီလို ရုပ်ရှင်ကြည့်ရင်းနဲ့ ဖုန်းပြောတာတ် လား"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... သူကလည်း ခံစားပေးနေပြန်ပြီ။ ဖုန်းပြော
တော့ သိပ်မကြည့်တော့ဘူးပေါ့။ ဒီနေ့ကားကလည်
ကျွန်မ သိပ်မကြိုက်တဲ့ ကားမို့ပါ"

"ကြိုက်ရင်တော့ ဖုန်းမပြောဘူးပေါ့"

"ဟုတ်တယ်၊ ရှစ်နာရီမှ ပြန်ဆက်၊ အဲလိုပဲ ပြောမယ်"

"ဒါဖြင့် ရည်းစားက ဆက်ရင်ရော"

သူက အဲဒီမေးခွန်းကို ဘာရယ်မဟုတ်ဘဲ မေး
သွားတာဖြစ်သည်။ သို့သော် သူမက ဘာရယ်ညာရယ် လုပ်မ
ဘဲ ချက်ချင်းပဲ ဖြေပါသည်။

"ရည်းစားဆိုရင်လည်း အဲဒီလိုပဲ လုပ်မှာပဲ"

"ဟင် ... အဲဒီတော့ စိတ်ဆိုးသွားရင်ရော"

"ဆိုးလည်း တတ်နိုင်ဘူးလေ၊ ကိုယ် စိတ်မပါတဲ့ကိစ္စ
ကို ဘယ်လိုလုပ်ပြီး အောင့်အည်းထားရမလဲ။ အဲ
ကြို့လို့ တစ်ခုပြောပြရဦးမယ်၊ ကိုရီးယားကားကြော
ရည်းစားနှစ်ယောက် တကယ်ပြတ်သွားဖူးတယ်နော်"





"ဒီလိုကိစ္စမျိုး တကယ်ရှိလား"

"တကယ်ရှိတာပေါ့။ ကျွန်မ သူငယ်ချင်း တစ်ယောက်ပဲ
ဟာ။ သူငယ်ချင်းက ကောင်လေးပါ။ သူက သူ့ကောင်မ
လေးဆီ အမြဲဖုန်းဆက်နေကြ၊ ဆက်တဲ့အချိန်ကလည်း
ခုနစ်နာရီထိုးတော့မှ။ ရည်းစားနဲ့ပြောတာ ဆိုတော့လည်း
အနည်းဆုံး တစ်နာရီလောက်ပေါ့ ...

အဲဒါ ကောင်မလေးက ရှစ်နာရီကျော်မှဆက် ဆိုတာ
နဲ့ ကောင်လေးနဲ့ ကျိုင်တက်ရောလေ၊ ကောင်လေးကလည်း
သူက ကိုရီးယားကားလောက် အရေးမကြီးဘူးပေါ့၊ သူ့
ဟာသူ ဆက်ချင်တဲ့အချိန် ဆက်မှာတဲ့ပေါ့ ...

နောက်ဆုံး ကောင်လေးက သူနဲ့ ကိုရီးယားကား
တစ်ခုခုကို ရွေးဆိုတာနဲ့ ကောင်မလေးကလည်း ဒီလောက်
တောင် အမြင်ကျဉ်းတဲ့လူ၊ ပြတ်မယ်ဟာဆိုပြီး ပြတ်ကြ
တာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... သြော် ... အီးယား(ear)ရှိလို့သာ hear (ကြား ရတယ်နော်"

"ဒါပေါ့ ... ကျွန်မက ထူးဆန်းတဲ့ကိစ္စတွေကိုပဲ ဖြစ်နေ တတ်တယ်၊ ဒါနဲ့ ပုဂ္ဂိုလ်ကြီးက ကျွန်မဆီကို ဖုန်းဆက် တာ ဘာကိစ္စလဲဟင်"

သူက ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား သည်။ ဒါကို သူမက ရိပ်မိဟန်ဖြင့် ...

"အဟဲ ... မေ့သွားပြီ မဟုတ်လား၊ ကျွန်မလည်း အဲဒီလိုပဲ ခဏ ခဏ ဖြစ်တတ်တယ်၊ သူငယ်ချင်းတွေနဲ့ ဖုန်းပြော ရင်လေ ...

ဖုန်းစပြောတာနဲ့ တစ်ယောက်နဲ့ တစ်ယောက် နောက်ပြောင်နေကြတော့ တကယ့် တကယ်တမ်း ပြောစရာ ရှိတာကို မေ့သွားရော ...

မနည်းစဉ်းစားယူရတယ်၊ အဲဒီလိုမျိုးလား"





သူက ကိုယ့်စိတ်နှင့်နှိုင်းကာ ရိုးသားပွင့်လင်းလွန်း သာ ကောင်မလေးကို သဘောကျစိတ်ဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပြုံး က ခေါင်းကို အသာခါယမ်းမိသည်။ ကျိုင်းရယ် ... သတိတရ မွေးနေ့လက်ဆောင်ပို့ခဲ့တဲ့ မင်းရည်းစားကို ဒီအချိန်မှာ မင် ည်းနည်းလောက်တောင် သတိမရမိဘူးလား။

"အင်း ... သတိရပါပြီ။ ဟို ... မင်း သိချင်ပါ့မလား မသိ ဘူး"

"ဘာပြောမလို့လဲဟင်"

"နယုန်မိုးရဲ့ အကြောင်းပါ"

"ဟင် ... သူ့အကြောင်း။ သူ ဘာဖြစ်လို့လဲဟင်"

အခုလိုကျတော့လည်း သူမပုံစံက အလန့်တကြား ချင်နေခဲ့သော ပုံစံမျိုး ဖြစ်သည်။ နယုန်မိုးကို မေ့ထားလျက် မှ သတိရလာသောအသံ ဖြစ်တာမို့ သူက နားမလည်နိုင် င်ပဲ ဖြစ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နယုန်မိုးကို ဘတ်ဒေးပရဲဆင့် ပေးခဲ့တယ် မဟုတ် လား"

"အင်း ... ဟုတ်တယ်၊ ဒီနေ့ သူ့မွေးနေ့လေ"

"ဒီနေ့ ကော်ဖီဆိုင်ထဲမှာ သူတို့စုံတွဲ ပြဿနာတက်တယ်"

"ဟုတ်လား။ ရှင် တွေ့ခဲ့လို့လား"

"အင်း ... တွေ့ခဲ့တယ်။ ကိုယ်နဲ့ စားပွဲချင်း ကပ်ရပ်ပဲ"

"ဟင် ... ဟုတ်လား။ သူတို့ ဘာဖြစ်ကြလဲဟင်၊ ရန်ဖြ

သ၊ ကြလား၊ ပြဿနာတက်ကြတာလား"

သူမအသံက သိချင်စိတ်နှင့် လှုပ်ရှားတက်ကြွ နေသည်မှာ အခုနကနဲ့များ တခြားဆီပဲ ဖြစ်လေသည်။ ဒီလို တော့လည်း သူ့စိတ်က လက်ခံနိုင်စွမ်း သိပ်မရှိပြန်ပါ။ ဟင်း သူ ဘာဖြစ်နေတာပါလိမ့်။

"ပြဿနာတက်တယ်၊ သူတို့ ဝင်ထိုင်ပြီးပြီးချင်းပဲ အဲ ဆိုင်က ကောင်လေးက မင်းရဲ့ပါဆယ်ထုပ်ကို သွားပေ တော့ အဲဒီမှာ စ,ဖြစ်ကြတော့တာပဲ ...





ဟိုအမျိုးသမီးက ကောင်လေးကိုလည်း မေးတယ်၊ နောက် စိတ်ဆိုးပြီး ထ,ထွက်သွားတာပဲ။ ကောင်လေးက လည်း နောက်ကလိုက်ပေါ့ ...

အဖြစ်အပျက်ကတော့ အဲဒါပါပဲ"

သူမက ခြော်တစ်လုံးပဲ ရေရွတ်နိုင်သည်။ အခုကျ တော့လည်း ဖုန်းစပြောတုန်းက အသံနှင့် ကွာခြားသွားသော မရဲ့ အသံလေးကြောင့် သူက ရင်ထဲမှာ တစ်မျိုးပဲ ခံစားသွား သည်။ မင်းကို ပျော်ရွှင်စေချင်တယ် ကလေးရယ်။

"မင်းက သူတို့နှစ်ယောက်ကို မကွဲ,ကွဲအောင် ခွဲမယ်လို့ များ ဆုံးဖြတ်ထားလား ကျိုးစင်မြ့ဝါ"

သူမက မဖြေနိုင်သေးဘဲ နှုတ်ဆိတ်နေသည်။ ကြည့် ရတော့ သူမဟာ လုပ်သာလုပ်နေသော်လည်း ဆုံးဖြတ်ချက် တိတိကျကျ ချမထားနိုင်သေးဘူးဟု ထင်ရသည်။

"အင်း ... ကျွန်မ စဉ်းစားနေတုန်းပဲ။ စဉ်းစားနေတုန်းပဲ ဆိုတာ ပြန်စဉ်းစားနေတာကို ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြေပုံထောက်တော့ သူမဟာ ကိုယ့်ကိုယ်ကို တော့ အတော်ယုံကြည်မှုရှိသူတစ်ယောက် ဆိုတာ သဘောပေါ ရသည်။ သူမသာလုပ်လျှင် ဘာမဆို ဖြစ်နိုင်သည်ဟူသော ခံ ချက်ထားပုံမျိုးပင်။

"နယုန်မိုးက မင်းဆီကို ပြန်လာလိမ့်မယ်လို့ မျှော်လ ထားလို့လား"

"ကျွန်မ အဲဒီလောက်တော့ လိုက်မမီတော့ဘူး"

"သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် တက ချစ်နေကြပြီဆိုရင် အဲဒီချစ်ခြင်းကို မင်း ခွဲရက်လို့လ ကျိုးစင်မြဝါရယ် ...

သူများ အသည်းကို ခွဲရမှာ မကြောက်ဘူးလ ဟင်"

သူမထံမှ အရွယ်နှင့်မလိုက်သော သက်ပြင်းခ ကြီးကြီး,ကြီးကို ကြားရသည်။ ခဏအကြာမှာတော့ ...





"ကျွန်မ အသည်းခွဲရမှာကို မကြောက်ပါဘူး။ အခုချိန်မှာ ပြန်စဉ်းစားနေတယ် ဆိုတာကလည်း အသည်းခွဲရမှာကို ကြောက်တာထက် ...

တစ်စုံတစ်ယောက်ရဲ့ စိတ်ချမ်းသာမှုကို ရှေးရှုတဲ့ အတွက် ပြန်စဉ်းစားနေရတာပါ ...

နည်းနည်းပိုပြောရရင်တော့ နှစ်ယော ချမ်းသာမှုပေါ့"

"အချစ်စစ် အချစ်မှန်မှာ ကိုယ်ချစ်တဲ့လူရဲ့ စိတ်ချမ်းသာမှု ကိုပဲ ရွေးရတယ်တဲ့၊ ဒီလိုဆို မင်းက နယုန်မိုးကို တကယ် ချစ်လို့ပေါ့"

သူမက မဖြေချေ။ သို့သော် မဖြေသော်လည်း အဲဒီ ပဲ နားလည်ရသည်မို့ သူက ဆက်မမေးဖြစ်တော့ချေ။ ဒီလိုနဲ့ ခြားတွေ့ရာလေးပါး စကားတို့ကို အနည်းငယ်ပြောဆိုပြီးနောက် ယောက်သား ဖုန်းချလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့ဖုန်းထဲမှာ ထည့်သိမ်းထားသော သူ ရဲ့ဓာတ်ပုံလေးကို မြန်ဖွင့်ကြည့်ရင်းမှ ဥတ်ဒ်နိုက်ချ်ဟု တိုး နှုတ်ဆက်မိသည်။

ဒီကောင်မလေးဟာ သူ့ရဲ့စိတ်ဝင်စားမှုတွေကို အ ချ င်များ အားလုံးဆွဲဆောင် သိမ်းပိုက်ထားနိုင်ရတာပါလိ

"န ဘဆယ်မှာတော့ သူက အဲဒါကို အဖြေထုတ်ဖို့ထ ထွလိုဆုံးဖြတ်မလဲဆိုသော ဆုံးဖြတ်ချက်တစ်ခုကိုပဲ စိ ငစားနေခဲ့တာ ဖြစ်သည်။





၇

ကျိုင်းသည် ကားပေါ်မှမဆင်းခင် ကိုယ့်ကိုယ်ကိုယ် န်ထဲသို့ တစ်ချက်ကြည့်ကာ အဆင်ပြေရဲ့လားဟု စစ်ဆေးလိုက် သည်။ အင်း ... ခုချိန်မှာ ကျိုင်းရဲ့အဒေါ်နှစ်ယောက်ဖြစ်သည့် အာ့ကစ်နှင့် ကော်တောင် ကျိုင်းကို မှတ်မိပါ့မလား မသိပေ။ ရင်က ကျိုင်းဟာ ခပ်ရှင်းရှင်းဆံပင်လေးနှင့်အတူ စပို့ရှပ်နှင့် ာင်းဘီကိုသာ စွဲစွဲမြဲမြဲ ဝတ်စားတတ်သူဖြစ်ပြီး မျက်နှာမှာ ည်း ဘာကိုမှ ပြင်ဆင်ခြယ်သခြင်း မရှိသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုပုံကတော့ ...။ ကျိုင်းသည် ကိုယ့်ပုံကိုယ် မှ ထဲသို့ နောက်ဆုံးကြည့်ကာ ရယ်ချင်စိတ်ကို မျိုသိပ်လျက် က ပေါ်မှ ဆင်းလိုက်သည်။ ဆင်းလိုက်ချင်းချင်းပဲ ပတ်ဝန်းကျင် လူတွေက ကွက်ကြည့် ကွက်ကြည့် လုပ်ကြသော်လည်း ကျိုင်းက သိပ်ဂရုစိုက်မနေချေ။ ကိုယ့်စတိုင်လ်နှင့်ကိုယ် ခပ်တည်တည် လျှောက်လာခဲ့သည်။

ရွှေအိုရောင် ခွေခွေကောက်ကောက် ဆံပင်တွေဟာ ကျောပေါ်မှာ ဝဲဖြာနေလျက်၊ ခရမ်းရောင် အနွယ်အခက်တွေ သော လက်ပြတ်ဂါဝန်ရှည်နှင့် ကျိုင်းရဲ့ပုံစံသည် နဂိုက အ ရှည်ရှည်ကို သုံးလက်မဒေါက် စီးထားသဖြင့် ... ချပြထားသ ထင်းထင်းကြီး ထွက်နေသည်။ ကြွေသားလို တောက်ပြောင်လာ အောင် လိမ်းခြယ်ထားသော မိတ်ကပ်ရောင်စုံ ဆန်းဆန်းပြားပြာ နှင့် ဗစ်တိုးရီးယားမျက်မှန်လှည်းဘီးလောက်ကို တပ်ဆင်ထာ သော ကျိုင်းရဲ့ပုံစံကို ပင်ကိုပုံစံနှင့် နောက်တစ်ခါ ထပ်တွေ့လျှ တော့ သိပ်မှတ်မိနိုင်စရာ မရှိဘူးဟု ထင်သည်။





ကျိုင်းသည် မျက်မှန်ကို တစ်ချက်ပင့်လိုက်ကာ ပခုံးကိုတွန့်လျက် နယုန်မိုး ရှိနေသော ဆိုင်ထဲသို့ မှန်တံခါးကို တွန်းဖွင့်ကာ ဝင်လာခဲ့သည်။

ကျိုင်း တွေ့ချင်နေခဲ့သော နယုန်မိုးကို ချက်ချင်း မတွေ့ရသေးပါ။ ကျိုင်းနှင့် မတိမ်းမယိမ်းရှိသော လူတစ်ယောက် ကသာ တစ်ခုခု ရေးချတ်နေရာမှ မော့ကြည့်ကာ ကျိုင်းကိုမြင် လျှင် တစ်မျိုးဖြစ်သွားသည်။ ကလန်ကလားနှင့် ငှက်ကြီးဝန်ပိုမ ရုပ် ပေါက်နေသော ကျိုင်းကို တော်တော်နှင့် စကားမပြောနိုင် သေးဘဲ ငေးနေသဖြင့် ကျိုင်းက ချောင်းတစ်ချက် ဟန့်လိုက်တော့ မှပဲ ...

“သြော် ... ထိုင်ပါ ခင်ဗျ၊ ကျွန်တော် ဘာအကူအညီပေး ရမလဲ”

“အဟင်း ... ဟိုဟာပါ၊ အလုပ်အပ်ချင်လို့ပါ”

“ဟုတ်ကဲ့ ... ပြောပါခင်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ နယုန်မိုးက အတွင်းခန်းထဲမှ ထွက်လာသည်။ ကျိုင်းက နယုန်မိုးကို မြင်လျှင် မျက်မှန်ကို အနည်းငယ်ဆွဲချကာ ကြည့်သည်။ ကျိုင်းရဲ့အရှေ့က လူကလည်း ကျိုင်းကြည့်ရာသို့ လိုက်ကြည့်ကာ ကျိုင်းကို ဘယ်လိုပါလိမ့်ဟူသော ပုံစံဖြင့် ပြန်ကြည့်တော့မှပင် ကျိုင်းက လည်ချောင်းကို တစ်ချက်ရှင်းကာ ...

"ဟို ... ဒီလိုပါ။ ကျွန်မကလေ ကဗျာစာအုပ်လေးတစ်အုပ်လောက် ထုတ်ချင်လို့ပါ။ အဲဒါ ကဗျာလေးတွေကို ဒီဇိုင်းလေးတွေ၊ အရုပ်လေးတွေနဲ့ လှလှပပပေါ့။ အဲဒီလိုမျိုး လုပ်ချင်ပါတယ် ...

အဲဒါ အဆင်ပြေနိုင်မလားလို့ပါ"

"ဩော် ... ကဗျာက ဘယ်နှပုဒ်လောက် ရှိမလဲ ခင်ဗျ"

"ဆယ်ပုဒ်တည်းပါ"

"ဟုတ်ကဲ့ ... ဒီကအစ်မက ဘယ်လိုအိုက်ဒီယာမျိုးဖြစ်စေချင်လဲ၊ ကိုယ်စဉ်းစားထားတဲ့ အိုက်ဒီယာများ ရှိလားလို့ပါ"





"ကျွန်မလား ... အင်း ..."

ကျိုင်းက နားထင်ကိုကုတ်ကာ စဉ်းစားသလိုနှင့် နယုန်မိုးကို လှမ်းရှိုးလို့နေပြန်လျှင် ရှေ့ကလူက အခြေအနေကို ရိပ်မိသွားဟန်ဖြင့် နယုန်ရေ ... ဟု လှမ်းခေါ်လိုက်သည်။ နယုန်မိုးက အနားသို့ ရောက်လာလျှင် ...

"ဒီက အစ်မကို လိုအပ်တာ ကူညီလိုက်ပါဦး။ ငါ ကိုအောင်ဝင်းဆီ ဖုန်းဆက်စရာရှိတာ မေ့နေလို့"

နယုန်မိုးက ခေါင်းညိတ်ပြကာ ကျိုင်းရဲ့အရှေ့မှာ ဝင်ထိုင်သည်။ ကျိုင်းသည် လှည်းဘီးမျက်မှန်ကြီး အားကိုးဖြင့် မျက်မှန်အောက်မှနေ၍ နယုန်မိုးကို အသည်းအသန် ရှုစားလျက်ရှိနေသည်။

ဒါကိုလည်း သူက ရိပ်မိဟန်ဖြင့် အနေခက်နေဟန်ရှိလေသည်။ အနီးကပ်ကြည့်တော့မှ နယုန်မိုးဟာ အေးအေးဆေးဆေးနှင့် နူးနူးညံ့ညံ့ရှိသော ပုံစံဆိုတာကို သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကော့ကို ခြုံစားကာ ပိုင်းလုံးလုပ်နေသော ပုံစံမျိုး လည်း မတွေ့ရပါ။ ဒါပေမဲ့ မြင်လိုက်တာနဲ့တော့ ကော့ထက် ငယ်ရွယ်နုနယ်သောပုံရှိမှန်း လူတိုင်းက ရိပ်မိနိုင်ကြသည်။

ကျိုင်းထက်တောင်မှ နှစ်,နှစ်တည်းပဲ ကြီးတာဖြစ်၍ မသိလျှင် ကျိုင်းနဲ့ ရွယ်တူတောင် သူက ထင်ရပါသည်။

"အဟမ်း ... အစ်မ ..."

ကြာလာသောအခါ သူက တောင့်မခံနိုင်တော့ဟန် ဖြင့် ကျိုင်းကို ခေါ်သည်။ ဒီတော့မှ ကျိုင်းသည် ခပ်မတ်မတ် ရှုစားနေသော စတိုင်လ်မှ အသက်ဝင်လာသလို လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ဘာရယ်မဟုတ် မျက်မှန်ကို ပင့်မိပြန်သည်။

"အင်း ... မောင်လေး။ အဲ ... ဟုတ်ပါဘူး ... ဟုတ်ကဲ့"

"ဟုတ် ... ကျွန်တော် ဘာကူညီရမလဲ ခင်ဗျ"

"ဟိုဟာပါ၊ ကျွန်မလေ ကဗျာစာအုပ်လေး တစ်အုပ်လောက် လုပ်ချင်လို့ပါ။ ဒီဇိုင်းလှလှလေးတွေနဲ့ပေါ့။ အဲဒါ ဒီမှာ အပ်ချင်လို့လေ"





"ဪ ... ကဗျာက ဘယ်နှပုဒ်လောက် လုပ်မှာလဲ၊ တကယ်တော့လေ ဒါက ကွန်ပျူတာစာစီတဲ့ နေရာမှာတင် လည်း ပြီးပါတယ်"

"ဟင့်အင်း ... ကျွန်မက ဒီမှာပဲ လုပ်ချင်တာပါ" ကဲ

"ခင်ဗျာ"

ေသာ

ကျိုင်းရဲ့စကားကြောင့် သူက လန့်သွားကာ မှ ဟုတ်ကဲ့ဟု တုန်တုန်လှုပ်လှုပ် ဆိုသည်။ နယုန်မိုးသည် လာဆယ် ပြဿနာများကြောင့် မျက်နှာက အရင်လို အတု လန်းလန်း သိပ်မရှိဘဲ တစ်မျိုးနွမ်းနေပုံရသည်။ ဒီကြားထဲမှာ ၎က်ကြီးဝန်ပိုမ တစ်ယောက်ရဲ့ အားမနာ လျှာမကျိုး တရစပ် ကြည့်နေပုံကိုလည်း ခံနေရပြန်သောအခါ အတော်စိတ်ကျဉ်းကျပ် နေပုံရလေသည်။

ကျိုင်းက အဲဒီဟာစ်ခုကတော့ တကယ်စွမ်းလေသည်။ ဒီလူတစ်ယောက်ကို သေချာစွာ အကဲခတ်ရာမှာ ဘာပဲဖြစ်နေဖြစ် နေ ဂရုမစိုက်တတ်ချေ။ တစ်ဖက်လူကသာ သေလုအောင် အနေ ခက်တတ်သော်လည်း ကျိုင်းကတော့ အေးဆေး။



www.burmeseclassic.com

www.burmeseclassic.com



"ဟို … ဟိုလေ … ကျွန်မ ရေတစ်ခွက်လောက် သောက်ချင်လို့ပါ"

သူက စိတ်ညစ်လာပုံကို ဖွတ်ဖျောက်ထားရသော ဖြင့် …

မသိ "ခဏလေး စောင့်ပါ"

" သူ နောက်ထဲဝင်သွားလျှင် ကျိုင်းက ထိုင်နေရာမှ ဝ်ထရပ်ကာ ဆိုင်ခန်းထဲသို့ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရှုမိသည်။ ဖြင့် မကျယ် ဆိုင်ခန်းလေးထဲတွင် သူ့ဟာနဲ့သူ သပ်သပ်ရပ်ရပ် ထားရှိလျက် သူ့အတိုင်းအတာနှင့်သူတော့ မဆိုးပါဟု ပြောရမည့် အခြေအနေပဲ ဖြစ်သည်။

ကျိုင်းက တစ်နေရာသို့ မျက်စိရောက်အသွားတွင် နံရံမှာ ချိတ်ဆွဲထားသော ပြက္ခဒိန်လေးကို လှမ်းမြင်တွေ့လိုက်ရသည်။ ပြက္ခဒိန်က မထူးဆန်းပေမယ့် ပြက္ခဒိန်ပေါ်က ဓာတ်ပုံရှင်ကတော့ ထူးဆန်းလို့နေသည်။ ဓာတ်ပုံထဲက ကဗျာဆန်ဆန်ရိုက်ထားသော အမျိုးသမီးမှာ ကျိုင်းရဲ့အဒေါ် ကေ ဖြစ်လေသည်။





"အစ်မ"

ကျိုင်းက ဓာတ်ပုံကို ငေးနေတုန်းမှာပဲ သူက ပြန်ရောက်လာကာ ရေတစ်ခွက်ကို ယူလာသည်။ အဲဒီအချိန်မှာပဲ ကျိုင်းရဲ့ မျက်လုံးတွေသည် အာရုံရနေသည့်အလား လမ်းမဘက်သို့ အကြည့်ရောက်သွားလျှင် ကားတံခါးကိုဖွင့်ကာ ဆင်းလာသော ာ့ကို လှမ်းမြင်တွေ့လိုက်ရလေသည်။

ဘုရားသခင် … အခုမှပဲ ကျိုင်းရဲ့ခေါင်းမှာ အတုပ်လာခဲ့သော ဆံပင်တွေအားလုံး အပေါ်ထောင်သွားသလို ခံစားသွားရသည်။

ဘုရား … ဘုရား … သိပ်မကြာခင်မှာ ကေ တစ်ယောက် ဒီဆိုင်ထဲသို့ ဝင်လာခဲ့တော့မယ်။ အဲဒီအချိန်မှာ ကျိုင်းကို တွေ့တော့မယ်။

ကျိုင်းဟာ ဘယ်လောက် ရုပ်ဖျက်ထားတယ်ပဲဆိုဆို ရုပ်ကို မွေးကတည်းက ချိုပိုးထိန်းကျောင်းလာခဲ့သော ကေဟာ



www.burmeseclassic.com

www.burmeseclassic.com



ကြာကြာနှင့် စေ့စေ့ကြည့်ပါက ဘယ်နည်းနဲ့မဆို မှတ်မိသွားနိုင်သည်။ ကျိုင်း ဘယ်လိုလုပ်ရပါ့။ ခုချိန်မှ ထွက်သွားရင်လည်း ကေနဲ့ ပက်ပင်းဆုံမည် ဖြစ်လေရာ ကျိုင်းသည် ချွေးပြန်၍လာသည်။

အဲဒီအချိန်မှာပဲ ကျိုင်းရဲ့ခေါင်းထဲသို့ အကြံဉာဏ်တစ်ခုက လှစ်ခနဲ ဝင်ရောက်လာကာ ...

"ဟို ... ရုတ်တရက်ကြီးလေ ဗိုက် ... ဗိုက်နာလာလို့ အဲဒါ လက်ထရိန်းလေး သွား ... သွားချင်လို့ပါရှင်"

ကျိုင်းရဲ့ ညှောင်နာနာ စပ်ဖြဲဖြဲအသံကို သူက စိတ်မောသည့်အလား စိတ်လျှော့သည့်အလားတော့ မပြောတတ်ပါ။ သက်ပြင်းတစ်ခုကို မရေမရာချကာ နောက်ထဲသို့ ညွှန်ပြသည်။

အဲဒီနောက်မှာတော့ ကျိုင်းသည် နောက်ထဲသို့ ခပ်သုတ်သုတ် ပြေးတော့တာဖြစ်သည်။





အဲဒီအချိန်မှာပဲ နယုန်မိုးကို surprise check လာ
ပ်သော ကေသည် ဆိုင်ရဲ့မှန်တံခါးကို တွန်းဖွင့်ကာ ဝင်ရောက်
ို့ လာလေသည်။ နယုန်သည် ကေ့ကို မြင်မြင်ချင်းပဲ အံ့သြ
သလို စိတ်ရှုပ်သွားရသည်။ ဘာကြောင့်မှန်း မပြောတတ်ပေမယ့်
နေ့အဖို့တော့ သူ့ ကံမကောင်းတော့ဘူးဟု ထင်လေသည်။
ာဟာ သဝန်ကြောင်ပါသည်ဟူသော မိန်းမတို့ထက်ပင် ဆယ်
လောက် သဝန်ကြောင်သူ ဖြစ်လေရာ အခုလောလောဆယ်
ယ်သူက လုပ်ကြံဖန်တီးနေသော ပြဿနာများအတွက် တော်
ာ်ရန်လုပ်ကာ သဝန်ကြောင်လျက် ရှိနေလေသည်။ ဘယ်လို
းပြုပြု မယုံလေပဲ တစ်ချိန်လုံးပင် သူ့ကို ဖောက်ပြန်ပါသည်ဟု
ခွဲနေသူ ဖြစ်သည်။

"ကေ ... ဘယ်က ရောက်လာတာလဲ"

သူက မျက်နှာချိုသွေးပြီး မေးလိုက်သော်လည်း
ကတော့ ခပ်တည်တည်ပင်။ သူ့တစ်ကိုယ်လုံးကို တရားခံ
ည့်သလို ကြည့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကရောက်ရောက်ပေါ့၊ လာတာတောင် မင်းခ

ကြိုတင်အကြောင်းကြားနေရဦးမှာလား"

"အဲဒီလို မဟုတ်ပါဘူး ကေရာ"

သူက စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူလိုက်

လည်း ကေက သူ့စကားကို ဂရုမထားဘဲ ဆက်တီပေါ်တွင်

ချလိုက်သည်။ ဒီတော့မှ ကေသည် ဆက်တီပေါ်တွင် ချထား

မိန်းမကိုင် ပိုက်ဆံအိတ်တစ်လုံးကို လှမ်းမြင်ကာ မျက်မှောင်ကြု

သွားလေသည်။ ချက်ချင်းပင် စူးရှသော အကြည့်တို့က နယ

ထံ ဒိုင်းခနဲ ရောက်သွားကာ လက်ကိုင်အိတ်ကို ဆွဲမပြလျှ

"ဒါ ဘာလဲ နယုန်"

"ဟို ... အိတ်လေ"

ကေသည် နယုန်ရဲ့မျက်နှာပေါ်က စိတ်ရှုပ်

သွားသော အရိပ်ယောင်များကိုမြင်လျှင် ပိုလို့ပင် သက်မ

ဖြစ်လို့သွားသည်။





ဒိန်းတလိန်းနတ် ဖမ်းစားသလို ချက်ချင်းပဲ ထူပူ

လာကာ ...

"အိတ်မှန်း ငါ သိတယ်။ ဘယ်သူ့အိတ်လဲ မေးနေတာ"

"မသိဘူး"

"ဘာ ... နင် ဘာစကားပြောတာလဲ။ နင့်ဆိုင်ထဲမှာ အိတ်

ကြီးတစ်ခုလုံး တွေ့နေတာတောင် မသိဘူး ပြောနေတာ

နင် ပြောတာ ဘာစကားလဲ"

"မြန်မာစကားပေါ့ ကေရာ။ ဒီမှာ ကေ၊ ကျွန်တော့်ဘက်

ကိုလည်း နည်းနည်းလောက် နားလည်ပေးစမ်းပါဦး ...

လူကိုတွေ့တိုင်း ဟိန်းလား ဟောက်လားနဲ့ အထင်

မလွဲစမ်းပါနဲ့"

"အေး ... ဒီတစ်ခါတော့ ထင်စရာကို မလိုတော့ဘူး၊ ဒီမှာ

မြင်နေရပြီ။ ဘယ်မလဲ ဒီအိတ်ပိုင်ရှင်က"

"နောက်ထဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဟာ ... ဒီအိတ်ပိုင်ရှင်က ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူ

သူ့ဟာသူ အလုပ်လာအပ်တာ"

"ဩော် ... အလုပ်လာအပ်တဲ့လူက နောက်ထဲ ရောက်နေ

တယ်ပေါ့၊ ဟုတ်လား၊ ကဲ ... ခေါ်တော်မူစမ်းပါ ရှေ့

ကို"

"အိမ်သာတက်နေတယ်ဗျာ"

"ဘာ ... ဘာ ... နင် တော်တော် အတင့်ရဲနေပါလား

နယုန်မိုးရဲ့။ ဟင် ... ဒီတစ်ခါတော့ နင့်ကို အလျှော့ပေး

ဖို့ လုံးဝစိတ်မကူးတော့ဘူး ...

နင်ရော ဒီဟာမရော သေဖို့သာ ပြင်ပေတော့"

ဒေါသထွက်လွန်းနေသော ကေသည် ဆိုးဆိုးဆ

ဆတ်ဖြင့် နောက်ထဲဝင်လို့သွားလျှင် ပုန်းနေမည့်မိန်းမကို ဟိုး

ဒီဒီ ဝေ့ဝဲရှာမိသည်။ နောက်ထဲက အခန်းကျဉ်းထဲမှာက ဘာ





ရှိချေ။ အဲဒီအချိန်မှာတော့ အိမ်သာထဲမှာ ဖောချွေးပြန်နေရသည့်

ကျိုင်းမှာ ရှေ့က ဆူညံသံတွေကြောင့် ပြဿနာတက်နေပြီဖြစ်

သော်လည်း ဘယ်လိုထွက်ရမယ်ဆိုတာ စဉ်းစား၍ မရသေး။

အပြင်ဘက်မှ ကေသည် အိမ်သာတံခါးကို တဒုန်း

ဒုန်းထုကာ ...

"ဟေ့ ... အိမ်သာထဲက ဘယ်သူလဲ၊ ထွက်ခဲ့စမ်း"

ကေက တဒုန်းဒုန်းနှင့် ထုသော်လည်း အိမ်သာထဲ

က ဘာတုံ့ပြန်သံမှ မကြားရချေ။ ကျိုင်းသည် အိမ်သာထဲမှာပဲ

အနံ့ရှူနေရကာ နှာခေါင်းကို ပိတ်ထားလျှင်လည်း လူက မွန်းကျပ်

သို့လာသည်။

ပါးစပ်ကိုဟပြီး ရှူပြန်တော့လည်း အနံ့က အလုံး

အရင်းနှင့် ဝင်ဆောင့်သဖြင့် ဘယ်ဘက်ကမှ မသက်သာချေ။

"ဟဲ့ ... မေးနေတယ်လေ၊ အိမ်သာထဲက ဘယ်သူလဲ"

"ညူပါ (လူပါ)"



www.burmeseclassic.com

www.burmeseclassic.com



အထဲကဖြေသံမှာ နှာခေါင်းကိုပိတ်ကာ ဖြေသော အသံ ဖြစ်သော်လည်း မိန်းမသံမှန်း သိသာနေသဖြင့် ကေက မီး ဝင်းဝင်းတောက် ဒေါသထွက်သွားရသည်။ အထဲက ဖွင့်မပေး သဖြင့် ကေ့ရဲ့ဒေါသတွေသည် အိမ်သာတံခါးပေါ်သို့သာ စုပြုံ၍ ကျရောက်လို့နေသည်။

ကြည့်စမ်း ... အတင့်ရဲလိုက်ကြတာ။ ဒီလိုမျိုးအခန်း မှာ လာလာတွေ့နေတာ ဘယ်နှခါတောင် ရှိနေပြီလဲဟု မပြော တတ်ချေ။ အတွေးနှင့်အတူ အိမ်သာတံခါးကို ထုရိုက်နေသော ကေ့ရဲ့ပါးစပ်မှ မေးခွန်းတစ်ခုက ထပ်၍ထွက်သွားသည်။

"ဟဲ့ ... နင် ဒီလိုပဲ အိမ်သာလာတက်နေတာ ဘယ်နှခါ ရှိနေပြီလဲ"

"ရှင် ... တစ် ... ထစ်ထာတဲ (တစ်ခါတည်း) ရှိတေးသာ ပါ"

အထဲကလည်း သျှောင်နာနာနှင့် ပြန်ဖြေသည်။ အဲဒီအချိန်မှာပဲ နယုန်မိုးက ရောက်ရှိလို့လာကာ ...





"ကေ စိတ်ကို ထိန်းပါဦး ကေရယ်။ ကျွန်တော် တောင်း ပန်ပါတယ်၊ ဒီလို မဖြေရှင်းပါနဲ့ ...

အေးအေးဆေးဆေး ထိုင်ပါ၊ လာပါဗျာ"

"ဩော် ... နင်က နင့်ဟာမ အီးပါမဖြောင့်မှာ စိုးရိမ်တယ် ပေါ့လေ ... တောက်"

"ကျွတ် ... မဟုတ်ပါဘူး ဆိုမှပဲဗျာ"

အဲဒီအချိန်မှာပဲ အတွင်းက လျှောင်ပိတ်နေသော ဒုက္ခကို မခံစားနိုင်တော့သော ကျိုင်းသည် အပြင်က နှစ်ဦးသား ကားများနေတာကို အခွင့်ကောင်းယူလျက် အိမ်သာတံခါးကို ဝုန်းခနဲ ဆောင့်ဖွင့်ချကာ အထဲမှ ခုန်ပျံ၍ ထွက်လိုက်တော့သည်။ ကျေးဇူးရှင်များ အားပေးထားကြသော တည်င်းသီးနှင့် ဆူးပုပ် ရွက်တို့၏ ဓာတ်ဖောက်ပြန်နေသော အစာဟောင်းရနံ့များသည် အပြင်သို့ ဝုန်းခနဲ အန်ထွက်ကျလာကာ ဒေါ်မောနှင့်ပါးစပ်ဖွင့် ဆောင့်နေသော ကေ့ရဲ့မျက်နှာတည့်တည့်သို့ ဆီးကြိုပိတ်မှန်လို့ သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသည် အိီးဖုံးထိမှန်ကာ မျက်လုံးမဖွင့်နိုင်သည
အပြင် ကျိုင်းက တွန်းတိုက်ထွက်သွားသဖြင့်လည်း ပက်လက်
လှန်လဲကာ ကျန်ရစ်ခဲ့လျက်၊ ကေ လဲကျသောနေရာက တံမြက်
စည်းကို တိုက်မိကာ တံမြက်စည်းရိုးက ကေ့ရဲ့နဖူးပေါ်သို့ ဒေါင်
ခနဲ ပြုတ်ကျသွားသဖြင့် တော်တော်နှင့် မထနိုင်တော့ချေ။

နယုန်ကလည်း ကျိုင်းကို ဂရုမစိုက်နိုင်တော့သဖြ
ကျိုင်းသည် ထောင်ချောက်မှ လွတ်မြောက်သွားသော သားကောင်
လို နောက်သို့ လှည့်မကြည့်စတမ်းပြေးကာ အရှေ့မှာချထားမိခဲ့
သောအိတ်ကို ကောက်ယူလျက် ဆိုင်ပြင်သို့ ခပ်သွက်သွက်ပြေ
ထွက်လျှင် အပြင်သို့ ဖုန်းသွားဆက်ကာ ပြန်လာသော နယုန်မို
ရဲ့သူငယ်ချင်း ခြေထောက်ကို သုံးလက်မဒေါက်ဖိနပ်ဖြင့် တက်
နင်းမိခဲ့သေးသည်။

ဒါလည်း လှည့်မကြည့်အားချေ။ ဒေါသူပုန်ထနေ
သော ကေဟာ အဖြစ်အပျက်တို့၏ တရားခံကို ကျိုင်းမှန်းသာ





သိသွားခဲ့ပါက ရှင်းမရအောင် ရှုပ်ကုန်တော့မည့် ပြဿနာများကို
တွေးမိလျက် ကျိုင်းသည် ထုပ်ကျုပ်နေသော ဂါဝန်စကိုမ,ကာ
ားဆီသို့ ကျိုးနင်း ကျိုးနင်း တစ်ခါတစ်ရံမှာတော့ လွှားခနဲ
သွားခနဲပဲ ပြေးရလေသည်။

တစ်ချိန်မှာတော့ ကျိုင်းကို မျက်နှာသာမပေးသော
တရားသည် ပြေးရင်းမှနေ၍ ကျိုင်းရဲ့ခဲတံဒေါက်ချွန်ချွန်လေး
ာ ထောက်ခနဲ ကျိုးကျလို့သွားလျှင် ကျိုင်းသည် ဦးဆက်တော့
ပြီဟဟု ကိုယ့်ကိုယ်ကိုယ် မှတ်ယူမိလိုက်လေသည်။ သို့သော်
ျိုင်း မျှော်လင့်ထားသလို နောက်စေ့မှ အေးစက်စက်နဲ့ မာကျော
ာ ခံစားပြီးမှ နာကျင်ရသည့်ဝေဒနာမျိုးကို မခံစားရချေ။

ပက်လက်လှန် လဲကျတော့မလိုရှိသည့် ကျိုင်းရဲ့ခါး
ို တစ်စုံတစ်ယောက်က ပွေ့ယူဆီးဖမ်းလိုက်သည့် အထိအတွေ့
င့်အတူ ကျိုင်းရဲ့ခန္ဓာကိုယ်မှာ လေထဲတွင် ဒီဂရီတိမ်းစောင်း
က် ရပ်တန့်ပြီးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဲ တစ်ဖက်မှ ဆီးဖမ်းလိုက်သူကလည်း အချိုးမကျစွာ ပြေးလွှားလာသော ထောင်ထောင်မောင်းမောင်းနှင့် အိကြာကွေးလို ဆိုက်ကြီးကြော်ထားသည့် အခြောက်လိုလိုတစ်ယောက်ကို အမြင်မတော်စွာဖြင့် လူသားချင်း ကူညီစာနာသော အနေနှင့် ခါးလယ်က ဖမ်းထားပေးခြင်း ဖြစ်လေသည်။

အပေါ်ကနေ ဆီးမိုးငုံ့ကြည့်တော့မှ ဒီအခြောက်ရဲ့ မျက်နှာကို သူ မြင်ဖူးပါလားဟု ဇဝေဇဝါ ဖြစ်သွားမိသည်။ ပို၍ သေချာသွားသည်မှာ သူ ဆီးဖမ်းထားသော ခရမ်းရောင်ဇွက်ကြီး ဝန်ပိုထဲမှ "ဟင်"ဆိုသော မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်သည့် ဒဏ်ကို ခံလိုက်ရလျှင် ဒါ ဘယ်သူဆိုတာ သူ့နှလုံးသားက အတိအကျ အဖြေထုတ်ပေးလိုက်နိုင်လေသည်။

သို့သော် သတိမကပ်သော စိတ်တို့ကြောင့်ရော သူမရဲ့ ခန္ဓာကိုယ်ဟာ ပေါ့ပေါ့လေး မဟုတ်သည့် အတွက်ကြောင့်ရော နောက်ဆုံး ကမ္ဘာမြေကြီးရဲ့ဆွဲအားကြောင့် သူ့ခန္ဓာကိုယ်





သူမအပေါ်သို့ လဲပြိုကျသွားရကာ နဖူးချင်းတိုက်မိသော ...သံသည့် ခွပ်ခနဲ မြည်သွားသော်လည်း သူ့နှလုံးသားထဲမှာ ...မြှောက်ပစ်လိုက်သလို ဒိန်းခနဲ အကျယ်ကြီး မြည်ဟည်းသွား ...ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၈

"ကဲ ... သောက်လိုက်ပါဦး၊ အခုမှတော့ ရှက်မနေပါနဲ့ တော့"

သော်မင်းက လိမ္မော်ရည်ခွက်ကို သူမရှေ့သို့ တွန်းပို့ပေးလိုက်လျှင် သူမက သူ့ကို မ့ရဲတရဲ ပြန်ကြည့်ကာ လိမ္မော်ရည်ကို တစ်ငုံ ငုံသည်။ သော်မင်းသည် မျက်စိရှေ့မှာ ခပ်ကျုံ့ကျုံ့ထိုင်နေသော ငန်းဖြူမလေးကိုကြည့်ကာ ရယ်ချင်စိတ်ကို အတော်အောင့်အည်းထားရလေသည်။





ရွှေအိုရောင်ဆံပင်အခွေအလိပ်ကြီးတွေကို အတုစွပ်ထားကာ ခရမ်းရောင်အနွယ်အခက် အပွင့်တွေ ရှုပ်ရှုပ်ယှက်ယှက်ပါဝင်သော လက်ပြတ်ဂါဝန်ရှည်ကြီးဖြင့် မိတ်ကပ်တွေကို ဆန်းဆန်းပြားပြား ခြယ်သထားခဲ့သော မျက်နှာပဲဟာ အခုတော့ မျက်နှာသွားသစ်ထားသဖြင့် ဘာမိတ်ကပ်မှတော့ ထင်ထင်ရှားရှား မရှိတော့။ ဒါတောင် Make up remover ဖြင့် သေချာဖျက်မထားသဖြင့် မျက်လုံးတွေမှာ အမည်းတွေက မကျွတ်သေးဘဲ စွဲပြီးနေသေရာ တာလီဘန်မျက်လုံးတွေနှင့် တူ၍နေသည်။

သူက နှစ်နှစ်ခြိုက်ခြိုက်ပြုံးကာ ခေါင်းကို ခါယမ်းလိုက်မိသည်။

"သူများကို 'လှောင်မနေနဲ့နော်"

သူမက သူ့စိတ်ထဲကို ဖမ်းတတ်သည့်အလား လှမ်း၍ပြောသည်။ အဲဒီအချိန်တုန်းက သူဟာ သူ့ဆိုင်ကနေထွက်၍ လက်ဖောင်းပေါ်မှာ လမ်းလျှောက်လာခိုက် သူမကလည်း ပလက်



www.burmeseclassic.com

www.burmeseclassic.com



ဖောင်းပေါ်မှာ ကိုးရိုးကားယား ပြေးလွှားလာတာနှင့်ကြုံ၍ သူ
ဆွဲဖမ်းလိုက်ခြင်းပဲ ဖြစ်သည်။ သူမမှန်းလည်း သူ မသိခဲ့ပါ

နှစ်ယောက်သား ပြုလဲကျသွားပြီးတဲ့ အချိန်မှာတော
သူက ရှုံ့မဲ့နာကျင်ကာ စိတ်ပျက်နေသည့် သူမကို မလှမ်းမကမ်း
ရှိ သူ့ဆိုင်ထဲသို့ ခေါ်လာခဲ့ခြင်းပဲ ဖြစ်ပါသည်။

ဒီလိုပုံစံမျိုးနှင့် ဒီနားကို သူမ ဘာလာလုပ်သလဲ
ဆိုတာ သူ့အတွက်တော့ မေးစရာကို မလိုပါ။ နယုန်မိုးကို သူ
လာချောင်းတာပဲပေါ့။

သူသည် ရယ်စရာလည်း ကောင်း၊ သနားစရာလည်း
ကောင်းသော ကောင်မလေးကိုကြည့်ကာ ရင်ထဲတွင် နင့်လာသည်
မင်းကိုလည်း ကိုယ်က စိတ်ချမ်းသာစေချင်တယ်၊ မင်း ပျော်ရွှ
တာကို မြင်ချင်တယ်ဆိုရင် ကိုယ့်စေတနာကိုရော မင်း ဘယ်
ခေါင်းစဉ်တပ်မှာလဲ ကျိုင်းစင်မြဝါ။

"မင်းကို ကိုယ် ဘယ်လိုကူညီရမလဲ ကျိုင်းစင်မြဝါ"





သူမက သူ့စကားကို နားမလည်သလို မျက်လုံး
လှန်ကြည့်လျှင် ...

"ကိုယ် တကယ်ပြောနေတာပါ"

"ရှင်က ဘာကို ပြောနေတာလဲ"

"မင်းက ဟိုအမျိုးသမီးနဲ့ နယုန်မိုးနဲ့ကွဲမှ စိတ်ချမ်းသာ
မယ်ဆိုရင် မင်း စိတ်ချမ်းသာအောင် ကိုယ် ဘယ်လိုကူညီ
ရမလဲလို့ မေးနေတာပါ"

ဒီစကားကို သူက သူမရဲ့မျက်ဝန်းတွေထဲသို့ နက်
နက်ရှိုင်းရှိုင်းငေးကာ ပြောလိုက်တာ ဖြစ်သည်။ မျက်ဝန်းတစ်စုံ
လုံး အမည်းရောင်တွေ ပေပွနေသော်လည်း အပြစ်ကင်းသည့်
မျက်ဝန်းလေးဟာ သူ့မျက်လုံးတွေထဲသို့ တစ်ခဏမျှ စိုက်ကြည့်
ပြီးနောက် မျက်နှာကို အောက်ငုံ့ချကာ မျက်လွှာအသာချလျက်
တိုးတိုးပြန်၍မေးသည်။

"ရှင်နဲ့ ဘာဆိုင်လို့ အခုမှ ကူညီချင်နေရတာလဲ"

"အခုမှ ကူညီချင်တဲ့စိတ် ပေါ်လာလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘယ်လိုကူညီမှာမို့လို့လဲ"

"တစ်ခုခုပေါ့။ မင်း စိတ်ချမ်းသာမယ့်နည်း တစ်ခုခု ပေါ့။ အချစ်ကြောင့် မင်း တစ်ယောက် စိတ်လေနေတာ မျိုး ကိုယ် မမြင်ချင်လို့ပါ ကျိုင်းစင်မြဲ"

သူ့အပြောကြောင့် သူမက သူ့ကို မျက်လုံးမည်း ကြီးတွေနှင့် မော့ကြည့်သည်။ ပြီးတော့မှ ညှောင်နာနာလေး ဖြင့် ...

"ကျွန်မပုံစံက အဲဒီလိုပုံစံမျိုး ပေါက်နေလို့လားဟင်"

"မင်းဟာက စိတ်လေတဲ့ပုံတောင် မဟုတ်တော့ဘူး။ ရူးသွ နေတဲ့ပုံတောင် ပေါက်နေပြီ။ လေဆိပ်ထဲမှာ မင်းကိုစတွေ ခဲ့တဲ့ပုံစံနဲ့ အခုပုံစံနဲ့က တကယ့်ကို တခြားဆီပဲ ...

ဟိုပုံစံက ငယ်ငယ်ရွယ်ရွယ်နဲ့ ရင့်ကျက်တည်ငြိမ် လာတဲ့ပုံ၊ ကမ္ဘာနဲ့ယှဉ်ပြီး ရင်ပေါင်တန်းနေတဲ့ လက်တွေ ကျကျ မိန်းကလေးပုံ ...





အခုပုံက မင်းကိုယ်မင်းပဲ မှန်ထဲပြန်ကြည့်စမ်းပါဦး၊ မင်း စိတ်ကူးပေါက်တိုင်း လျှောက်လုပ်မနေနဲ့ ကျိုင်းစင် မြဲ ...

မင်းဟာ ငါ့ညီမအရွယ်လေးပါ။ ကိုယ့်ညီမတစ် ယောက်လို သဘောထားပြီး ကောင်းစေချင်တဲ့ စိတ်စေတနာ နဲ့ မင်းအတွက် ပြောနေတာပါ ...

အချစ်အတွက်နဲ့ အဲဒီလောက် မခံစားစမ်းပါနဲ့လား ကျိုင်းရယ်"

သူက နောက်ဆုံးစကားကို တိုးတိုးလေး အားပေး ခဲ့သိမ့်လိုက်လျှင် သူမက သူ့ကို အဓိပ္ပာယ်ယှက်ဖြာနေသည့် ကျက်ဝန်းမျိုးတွေဖြင့် ကြည့်လို့လာလေသည်။ သူဟာ ဒီကောင်မ လေးအပေါ်မှာ ဘာကြောင့်များ သံယောဇဉ်စိတ်တွေ ကြီးမားနေ တာပါလိမ့်။ သူမကို နယုန်မိုးနဲ့ သဝန်တိုတာထက် အချစ်ကြောင့် ဘယ်လိုသောကမျိုးကိုမှ မခံစားစေချင်တာက သူ့ရဲ့စေတနာဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြော၊ မင်း ဘာဖြစ်ချင်လဲ။ မင်း ဖြစ်ချင်တာ ပြ
ရမယ်၊ ဒါပေမဲ့ မင်း ကိုယ့်ကို တစ်ခုတော့ ကတိပေ
လိမ့်မယ် ...

အဲဒါကတော့ မင်း အကြာကြီး စိတ်လေမနေ
မင်း လုပ်စရာရှိတဲ့ အလုပ်ကို ပြန်လုပ်ဖို့ပဲ"

"ကျွန်မ သိပ်မကြာခင် ပြန်တော့မှာပါ"

ဒီလိုဖြေသံကို ကြားလိုက်လျှင် သူ့နှလုံးသား
တကယ်ပဲ လစ်ဟာလို့ သွားခဲ့လေသည်။ သူမကို ငေးကြည့်
မိသော တစ်ခဏာ၌ သူ့မှာ ဘာစကားမှ ပြန်မပြောနိုင်တော့

အတန်ကြာတော့မှ သူက စတင်ကာ ...

"ခုလောက်ဆို တစ်ခုခုကိုတော့ မင်း အတိအကျ သိရ
တူတယ်"

ဒီလိုမေးလိုက်သော သူ့အသံတွေဟာ တုန်ယင်
သည်ဟုတော့ သူ မထင်ပါ။ သို့သော် မတုန်ယင်အောင်ပဲ သူ





ဂရုတစိုက်ဖြင့် အတော်ကြီး ထိန်းသိမ်းလိုက်ရတာ ဖြစ်သည်။
သူမ နှယုန်မိုးနဲ့ ပြန်လည်အဆင်ပြေသွားခဲ့ပြီတဲ့လား။ သူ့ရင်ထဲ
တွင် မောလာလေသည်။

"ဘယ်လိုလဲ ကျိုင်းစင်မြဝါ၊ ကိုယ် မေးတာကို ဖြေဦးလေ"

သူမက သက်ပြင်းတစ်ချက်ကို ချကာ သူ့ကို
အသာငေးကြည့်သည်။

"သူတို့ ပြဿနာအကြီးအကျယ် တက်နေကြတယ်"

"အဲဒီတော့"

"သူတို့ ပြတ်သွားကြဖို့ များပါတယ်"

သူမရဲ့ဖြေသံ အဆုံးတွင် သူ့ရင်ထဲ၌ တိတ်ဆိတ်
သို့ သွားလေသည်။ သိချင်နေသော မေးခွန်းကို အဲဒီတော့ဟု
ဆိုကာ စကားထောက်ပြီး ဆက်၍မမေးနိုင်တော့ချေ။ ဒါပေမဲ့
သူ သိချင်သော မေးခွန်းတစ်ခုကိုတော့ သူက စစ်မှန်သောမေတ္တာ
စိတ်နှင့် မေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်း စိတ်ချမ်းသာရပြီပေါ့"

"ဟင့်အင်း ... ကျွန်မ လုံးဝကြီးတော့ မပျော်သလိုပဲ"

"ဘယ်လို ... ဒါ မင်း ဖြစ်စေချင်တဲ့ပုံစံပဲ မဟုတ်လား ကျိုင်း"

သူမက ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းနေပြီးမှ သူ့ကို ရီဝေဝေ ကြည့်လာခဲ့ကာ ...

"ကျွန်မလည်း မပြောတတ်တော့ပါဘူး ပုဂ္ဂိုလ်ကြီးရေ တစ်ခါတလေကျတော့လည်း ကျွန်မ လုပ်ရပ်တွေဟာ မှားလား မှန်လား တရားမျှတရဲ့လားလို့ အမြဲစဉ်းစားတယ် ...

ဒါပေမဲ့ ခုချိန်မှာတော့ လွန်ကုန်ပြီလို့ ထင်တာပဲ ဒီအတိုင်းလည်း ကောင်းမယ်လို့လည်း ထင်ပြ ရော ...

မသိတော့ပါဘူးရှင်"





သူက စိတ်နှင့် ကိုယ်နှင့် မကပ်သလို အဓိပ္ပာယ်တွေ ပါဝင်နေသော စကားတွေကို ရွတ်နေသည့် သူမကိုကြည့်ကာ နားမလည်နိုင်ခြင်းများစွာ ဖြစ်ရလေသည်။

"မင်း ဘာတွေ ဖြစ်နေတာလဲ ကျိုင်းစင်မြဝါ။ မင်းမှာ တစ်ခုခု အခက်အခဲ ရှိနေတယ်ဆိုရင် ကိုယ့်ကို တိုင်ပင် လို့ရပါတယ် ...

မင်း တစ်ယောက်တည်း မခံစားပါနဲ့ ညီမလေး ရယ်နော် ...၊ မင်း ... မင်းဘေးမှာ ကိုယ် အမြဲရှိနေပါ တယ်"

သူက ရင်ထဲမှယိုဖိတ်ကျလာသော အကြင်နာများဖြင့် သူမရဲ့ပခုံးလေးတစ်ဖက်ကိုကိုင်ကာ နောက်ဆုံးစကားကို ဘယ်လို ပြောထွက်သွားမှန်း သူ့ကိုယ်သူတောင် မသိလိုက်တော့ချေ။ ဒီ စကားဟာ ချစ်တယ်လို့ ပြောသော ရည်းစားစကားထက် များစွာ အဆင့်မြင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို လူတိုင်းနားမလည်နိုင်။ သူမလည်း သဘော ပေါက်မည်ဟု မထင်ပါ။

သူမက သူ့ကို မျက်ဝန်းမည်းမည်းတွေဖြင့် မော့ကြည့်လျက် အသာအယာ နှုတ်ဆက်သည်။

"ကျွန်မ ပြန်တော့မယ်"

သူက သူမပခုံးပေါ်က လက်ကလေးကို အသာအယာ ဖယ်ပေးလိုက်လျှင် သူမက ထိုင်ရာမှ ထရပ်သည်။ အဲဒီအချိန်မှာပဲ သူမရဲ့ဖိနပ်မှ ဒေါက်တစ်ဖက်က ကျိုးနေသည်ဖြစ်လေရာ သူမဟာ ချက်ချင်းပဲ ခြေခေါက်ပြီး လဲပြိုကျသွားလျှင် ဒီတစ်ခါတော့ သူ လှမ်းဖမ်းပေးလည်းပဲ မမီတော့ပါ။

ကြွေပြားပေါ်သို့ ဖင်ထိုင်ရက်နှင့် ဖရိုဖရဲ ပြုတ်ကျသွားတော့သည်။ သူက ရှုံ့မဲ့နာကျင်သွားသော သူမကို ကပျာကယာ ဆွဲထူရလေသည်။

"ရရဲ့လား ... တော်တော် နာသွားလား"





သူမက တော်တော်နာသွားဟန်တူသော တင်ပါးကို ...တ်ကာ သူ့ကို မနာပါဘူးဟု ဖြေလျှင် သူသည် ဒီကလေးမကို ...ဆုံးမရှိ ချစ်မြတ်နိုးသွားပြီဖြစ်ကြောင်း ဝန်ခံရတော့မှာဖြစ်သည်။ ...ဒီနောက်မှာတော့ ဒေါက်ဖိနပ်နှစ်ဖက်စလုံးကိုချွတ်ကာ လက်က...ိုင်သွားသော ကောင်မလေးရဲ့ ကျောပြင်ကိုငေးလျက် ရင်ထဲမှာ ...သက်တစ်ခုကိုသာ ရှိုက်မိတော့သည်။

မင်းကို ချစ်တယ်ဆိုတာ ဘယ်လိုလုပ် ဖွင့်ပြောရ...ဲ ကျိုင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျိုးပ နယုန်မိုးရဲ့ အလုပ်ခန်းကို ဆတ်ဆ ဆောဆော သွားခဲ့သော လုပ်ရပ်ရဲ့ နောက်ဆက်တွဲအဖြစ် နှင့် နယုန်မိုးတို့ အကြီးအကျယ် ပြဿနာတက်ကြလေသည် ကျိုးပ ပြေးထွက်သွားပြီး နောက်ပိုင်းတွင် ကေသည် နယုန်မိုး လက်ညှိုးငေါက်ငေါက်ထိုးလျက် စွပ်စွဲပြောဆိုကာ ထုရိုက်ကုတ် သည်။

ကေသည် နဂိုကမှ အသက်ငယ်သောလူကို ချစ် သောသူပီပီ သူ တစ်နေ့တွင် ကိုယ့်ကိုချန်ထားခဲ့မလားဟု အမြဲ စိတ္တဇစွဲကပ်နေသောသူ ဖြစ်လေရာ ဒီကိစ္စမှာ အမှားအမှန် ဘယ်လိုမှ ဝေဖန်နိုင်သောဉာဏ်စွမ်း မရှိတော့ချေ။





"နင် ငါ့ကို ညာတဲ့လူ၊ လူလိမ် လူညာ။ ဟင် ... နင် အခု တော့ ဘာတတ်နိုင်သေးလဲ၊ ပြော ... နင် ဝန်ခံပြီလား"

နယုန်မိုးကလည်း နေ့ရှိသရွေ့ စကားနာထိုးခံရ၊ အော်ဟစ်စိတ်ကောက်မှုဒဏ်တွေ၊ အရှဲ့အစောင်းတွေ၊ မသင်္ကာ မျက်ဝန်းတွေရဲ့ဒဏ်ကို ခံရဖန်များလာသောအခါ ဘယ်လိုမှ ခံနိုင်ရည်မရှိတော့သည့်အဆုံး သူကလည်း ကေ့ကို တစ်ခွန်းမကျန် ပြန်၍ပေါက်ကွဲမိလေသည်။

သူသည်လည်း ပတ်ဝန်းကျင်ရဲ့ ဖိအား၊ ကေက ပေးသော ဖိအားတွေဖြင့် အတော်ကြီး စိတ်ပျက် စိတ်ညစ်နေသူ ဖြစ်သည်။

"ဘာကို ဝန်ခံရမှာလဲဗျာ၊ မဟုတ်ပါဘူးဆိုမှ ခင်ဗျားက ဇွတ်ပဲ စွပ်စွဲနေတာကိုး"

"သြော် ... နင်က အခုတော့ ခင်ဗျားတွေ ကျုပ်တွေ ဖြစ် ကုန်ပြီပေါ့လေ၊ တောက် ... သစ္စာမရှိတဲ့ ယောက်ျား..."



www.burmeseclassic.com

www.burmeseclassic.com



နင်တို့သာ ရိုးသားရိုးမှန်ရင် အဲဒီဟာမက ဘာလို့ နောက်ထဲရောက်နေလဲ”

“သူ အိမ်သာတက်ချင်လို့လို့ ပြောပြီးပြီပဲ”

“အေး ... ထားပါတော့။ ဒါဆို ဘာလို့ တံခါးကို စုန်းခနဲဖွင့်ပြီး သူက ထွက်ပြေးရတာလဲ၊ ပြော”

“ဒါကတော့ ခင်ဗျားက အပြင်ဘက်ကနေ သရဲမရဲစီးနေတာကိုး”

“ဩော် ... ငါက သရဲမရဲစီးတယ် ဟုတ်လား၊ ဟဲ့ ... ဒါကိုက နင်က နင့်ဟာမဘက်က ကာကွယ်ပြောပေးနေတာပဲ မဟုတ်လား ...

နင်တို့ မဟုတ်တာ လုပ်နေကြလို့ ငါ့ကို ရင်မဆိုင်နိုင်ဘဲ ထွက်ပြေးတာပေါ့။ နင် လုံးဝသစ္စာမရှိတဲ့ ယောက်ျား၊ နွားအိုမြက်နုကြိုက်တယ်ဆိုတာ နင့်လိုကောင်မျိုးပဲ”

ကေ့ရဲ့စကားကို နယုန်မိုးက ဟက်ခနဲရယ်ကာ ...





“ကျွန်တော် နွားအိုက ခင်ဗျားထက်တော့ ဆယ်နှစ်ငယ်ပါသေးတယ် ဒေါ်ကျော်နှင်းဆီ ...

ခင်ဗျားလို ရစ်တတ်တဲ့ ဂျပန်ဝက်အူကြီး အနားမှာတော့ နွားပျိုတွေတင် မဟုတ်ဘူး၊ နွားအိုလည်း နေမှာ မဟုတ်ဘူး ...

တစ်သက်လုံး အပျိုကြီးပဲ လုပ်ဖို့ စဉ်းစားထားတော့”

အပျိုကြီးဆိုသော စကားဟာ ကေ့ကို အနာပေါ်
ုတ်ကျစေသော စကားဖြစ်သည်။ ဒီလိုစကားမျိုးကို ကိုယ့်ရည်း
ားတစ်ယောက်လုံးက ရက်ရက်စက်စက် ပြောထွက်ရက်လျှင်
ာသည့် ဟိုးအသည်းထဲထိအောင် တစိမ့်စိမ့် နာကြည်းရလေ
ည်။

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကာ နယုန်
းကို ဆောင့်တွန်းပစ်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါ ့ကြီးဖြစ် မဖြစ် နင့်ကို တစ်လအတွင်း သက်သေပြမယ်။ နင့်ထက်သာတဲ့ ယောကျ်ားကို ခေါင်း ခေါက်ယူပြမယ် စောင့်ကြည့်နေ"

ကေသည် အဲဒီစကားကို နာနာကြည်းကြည်း ပြော ခဲ့ပြီးနောက် နယုန်မိုးကို ကျောခိုင်းကာ ချာခနဲ ထွက်လာခဲ့တော လေသည်။

ကားပေါ်တက်ရင်းမှ စီးကျလာသေးသော မျက်ရည် ဥများကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်ပြီးနောက် ကားကို တစ်ရှိန်ထိုး မောင်းထွက်လာခဲ့သည်။

နှလုံးသားရဲ့ဆန္ဒကို မလွန်ဆန်နိုင်စွာဖြင့် ကေက ကိုယ့်ထက် ဆယ်နှစ်ငယ်သော ယောကျ်ားလေးတစ်ဦးကို ချစ် မြတ်နိုးခဲ့သည်။

အစ်မဖြစ်သူနှင့် အကြီးအကျယ် အတိုက်အခံ လုပ် ကာ ဒီကောင်လေးကိုပဲ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ခဲ့





သည်မှာ သူဟာ ကိုယ့်ကို တကယ်ချစ်မြတ်နိုးသည် ဟူသော အချက်တစ်ချက်တည်းနဲ့ပဲ အချစ်ကို ဦးစားပေးခဲ့ခြင်း ဖြစ်လေ သည်။

ကေ့အတွက် အစစအရာရာ ပြည့်စုံနေခဲ့သောဘဝ မှာ အချစ်တစ်ခုတည်းပဲ လိုအပ်ခဲ့သည်။ အဆင်းရဲကြီး မဟုတ် သော်လည်း ကေတို့လောက်တော့ မပြည့်စုံရှာသည့် သူ့ဘဝလေး ကို မြှင့်တင်ပေးချင်စိတ်၊ သနားကရုဏာသက်စိတ်တို့ဖြင့် ကျန် တာတွေကို လျစ်လျူရှုကာ ရဲရဲကြီး လက်တွဲခဲ့သော ကေသည် အချစ်တစ်ခုတည်းပဲ တောင့်တခဲ့မင်သည့်ဘဝမှာ ဒီအချစ်ကိုမှသစ္စာ မရှိလျှင်တော့ နှလုံးသားကို ဆက်ပြီး အလိုမလိုက်နိုင်တော့ချေ။

ကေ့ရဲ့ကားလေးသည် ကေ့အစ်မရှိသော ရုံးခန်းရှေ့ သို့ ထိုးဆိုက်လို့ သွားပြီးနောက် အော့ကစ်ရှိရာ ရုံးခန်းထဲသို့ မြန်ဆန်သော ခြေလှမ်းများဖြင့် လှမ်းဝင်လို့လာခဲ့သည်။ တစ်အိမ် ထဲနေတာ ဖြစ်သော်လည်း မေးထူးခေါ်ပြော အကြောင်းကြီးငယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိသော ကိစ္စမှလွဲလို့ အလာပသလ္လာပစကားတောင် မပြောတာကြာပြီဖြစ်သော အော့ကစ်သည် သွေးရူးတန်းရူးပုံစံဖြင့် ရောက်လာသော ကေ့ကိုမြင်လျှင် အံ့ဩသောမျက်လုံးများဖြင့် မော့ကြည့်သည်။

သို့သော် ဘာကိစ္စလဲ ဆိုတာတော့ မမေး။ တစ်နေ့မှာ သူ့ညီမတစ်ယောက် ဒီလို အရူးမီးဝိုင်းပုံစံမျိုးဖြင့် ရောက်လာလိမ့်မည်ဆိုတာ ကြိုသိနေခဲ့လားတော့ မပြောတတ်ပါ။

"အော့ကစ် ... အရင်က ကေနဲ့ လက်ထပ်ပေးချင်တဲ့ သတို့သားလောင်းတွေရဲ့စာရင်း ကေ့ကို ပေးပါ"

အော့ကစ်က ကေ့ကို မျက်မှောင်ကြုတ် ကြည့်ကာ...

"ဘာဖြစ်လာတာလဲ"

"ကေ ဒီတစ်လအတွင်း ယောက်ျားယူမယ် အော့ကစ်"

"ဘယ်လိုယောက်ျားမျိုးကို ယူချင်သလဲ"





ဒီမေးခွန်းကို အမေးခံလိုက်ရလျှင် ကေ့ရင်ထဲ၌ ဖျင်းခနဲ ဖြစ်လို့သွားလေသည်။ နယုန်မိုးနှင့် ချစ်ကြိုက်နေတာကို အော့ကစ် စ,သိသွားသော အချိန်တုန်းက ဒေါသတကြီး ပေါက်ကွဲခဲ့ကာ နယုန်မိုးကလွဲလို့ ဘယ်လိုယောက်ျားမျိုးကို ယူချင်သလဲဟု အော့ကစ်က မေးခဲ့တာကို ကေ မှတ်မိနေသေးသည်။

အဲဒီအချိန်တုန်းက ကေသည် နယုန်မိုးကလွဲလို့ ဘယ်ယောက်ျားကိုမှ မယူပါဟု အပြတ်ပြောထားခဲ့တာကို ပြန်သတိရမိလျှင် ရင်ထဲ၌ နာကျင်သွားရလေသည်။ သို့သော် ကိုယ်ချစ်မြတ်နိုးသော ယောက်ျားတစ်ယောက်ရဲ့ ရက်စက်သော အပြောတွေကို ခံစားရပြီးတော့မှ ကိုယ့်အစ်မက ဘယ်လိုပဲပြောပြော မနာချင်တော့။ ဒီနှလုံးသားဟာ ထူးပြီး နာရက်တော့မှာ မဟုတ်ပေ။

"နယုန်မိုးထက်သာတဲ့ ယောက်ျားမျိုး ...၊ အို ... သူ့ထက်တော့ သာမယ့်ယောက်ျားတွေချည်းပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com



နယုန်မိုးကလွဲလို့ ဘယ်သူ့ကိုမဆို ကေ ယူမယ် ကေ တကယ်ယူပါ့မယ်၊ ကေ့ဘဝအတွက် အကောင်းဆုံး ယောက်ျားကို အော့ကစ် ရှာပေးပါ ...

ကေ ... ကေလေ ... မှားပါပြီ အော့ကစ်ရယ်"

ကေနဲ့ ပတ်သက်လာလျှင် ရယ်ပြုံးခဲ့သော အော့ကစ် ရဲ့နှုတ်ခမ်း၌ အပြုံးတစ်ချက် တွဲခိုလို့ သွားခဲ့လေသည်။ အမြင်မှန် ရလာသော ညီမဖြစ်သူကို အော့ကစ်က မတ်တတ်ရပ်ကာ ဆီး ကြိုလိုက်လျှင် ကေက အော့ကစ်ရဲ့ရင်ခွင်ထဲသို့ တိုးဝင်ဖက်သိုင်း လာသည်။

အော့ကစ်သည် ကေ့ကို ထွေးပွေ့ရင်းမှ ကျောပြင် ကို အားပေးသလို တစ်ချက် နှစ်ချက် ပုတ်လိုက်ရင်း နှစ်သိမ့် လိုက်သည်။ အဲဒီနောက်မှာတော့ အော့ကစ်ရဲ့မျက်လုံးတွေသည် နံရံမှာချိတ်ထားသော ကျိုင်းရဲ့ဓာတ်ပုံကို ကျေးဇူးတင်စွာနှင့် လှမ်းပြီး ပြုံးပြလိုက်သည်။ စင်ကာပူ ဆန်တိုဆာအရပ်ကြီး





နောက်ခံထားလျက် မြန်မာဝတ်စုံကို အကျအန ဝတ်ဆင်ကာထား သော ကျိုင်းသည် သူမကို အပြစ်ကင်းစွာ ရယ်ပြနေသည်။

ပြောရင် ပြောတဲ့အတိုင်း လုပ်တတ်သူပါလား ကျိုင်းရယ်။ very very thankyou ပါ ချစ်တူမလေး။



www.burmeseclassic.com

www.burmeseclassic.com



## ၉

သော်မင်းရဲ့ဘဝတွင် အချစ်မရှိ သံယောဇဉ်က
ကင်းနှင့် ပုံမှန်ဖြတ်သန်းခဲ့ရာမှ ကျိုင်းစင်မြဝါဆိုသော ကော
လေးနဲ့ တွေ့အပြီးမှာတော့ သူ့ဘဝရဲ့ လှုပ်ခတ်မှုတွေကို ဆက်တို
ရလာစေခဲ့သလားတော့ မပြောတတ်ပါ။ သူ တစ်ကိုယ်တ
တစ်သက်လုံး အေးအေးဆေးဆေး နေခဲ့တာကို ဒီအတိုင်းကြည့်
ခဲ့သော သူ့အမေက ခုမှ ဘာစိတ်ကူးပေါက်သည်မသိ။ သူ့
မိန်းမယူဖို့ ဇွတ်ကိုပဲ တိုက်တွန်းနားချနေတော့တာဖြစ်သည်

"အခုမှ ဘာစိတ်ကူးပေါက်နေရတာလဲ မမေ
သားဘာသာ အေးအေးဆေးဆေးနေ့,နေခဲ့တဲ့ဟာကို"





"ဟဲ့ … ငါကလည်း မင်း တစ်နေ့တော့ တွေ့နိုး တွေ့နိုး
နဲ့ စောင့်နေခဲ့ရတာလေ၊ မင်းမှ မတွေ့သေးတာ၊ ငါတို့
အသက်လည်း ပြန်ကြည့်ဦး သော်မင်းရဲ့။ သချိုင်းကို
တစ်ဖက်လှမ်းနေပြီလေ"

"ဟာ … မေမေကလည်းဗျာ"

ဟုတ်တော့လည်းဟုတ်သည်။ ဖေဖေနဲ့မေမေဟာ
အသက်ကြီးမှ အိမ်ထောင်ကျကြတာမို့ အခုချိန်မှာ အသက်ခြောက်
ဆယ်ကျော်နေကြတဲ့သူတွေ ဖြစ်နေပြီ။ မွေးထားတာကလည်း
သူတစ်ယောက်တည်းဖြစ်လေရာ မိသားစုသုံးဦးသာရှိသော သူတို့
ဘဝလေးဟာ အနည်းငယ်တော့ ပျင်းခြောက်ခြောက်နိုင်ပါသည်။
ဖေဖေနဲ့ မေမေဟာလည်း သူတို့ဟာသူတို့ တစ်ယောက်နဲ့တစ်
ယောက် အဖော်လုပ်ကာ နေကြရသလို သူကလည်း သူ ဝါသနာ
ပါရာ ကွန်ပျူတာရယ်၊ ဖုန်းပြင်ဆင်နည်းတွေကြားထဲမှာ အချိန်
ကုန်စမြဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ သူ့အသက်ဟာ သုံးဆယ်ပြည့်ခဲ့ပြီဖြစ်သည်။

"မေမေကလည်း လုပ်မနေနဲ့တော့၊ တို့ကလည်း အသ ကြီးပြီလေ၊ ကိုယ့်သား မင်္ဂလာပွဲလေးကို ခမ်းခမ်းနားနား ကျင်းပပေးပြီး သားချွေးမ မြေးလေးတွေနဲ့ အတူတူ သွားချင်သေးတယ် ...

သူများသားသမီးတွေ မင်္ဂလာဆောင်ရင် မေမေဖြ သိပ်အားကျတာပဲ၊ ကိုယ့်သားကိုလည်း အဲဒီလိုမဲ လုပ် ချင်တယ်"

မေမေက အဲဒီလိုပြောလျှင် သူဟာ ကျိုင်းကို အ ကြောင့်များ မျက်လုံးထဲ ပြေးမြင်မိသွားမှန်း မသိချေ။ တစ်ခါတလေ မှာ ကိုးရိုးကားရား လုပ်တတ်သလောက်၊ တစ်ခါတလေကျပြ တော့လည်း သူ့လောက်တော်သည့်လူ မရှိဟန်ဖြင့် ရုပ်တည်ကြီး လုပ်တတ်လေသော ကလေးမ။ သူ့ကို မြင်ရင်တော့ မေမေ ခ မည်ထင်သည်။





ဒါပေမဲ့ နယုန်မိုးဟာ ဟိုအမျိုးသမီးနှင့် ပြတ်သွား ပြီဟု ထင်သည်။ အဘယ်ကြောင့်ဆိုသော် ကော်ဖီဆိုင်လေးသို့ လာတာ မတွေ့ရတော့။ ကျိုင်းလည်း မလာတော့။ ဟိုစုံတွဲလည်း လာတော့။

အခုချိန်မှာ ကျိုင်းနဲ့ နယုန်မိုးလည်း ပြန်အဆင်ပြေချင် ပြေနေလောက်ပြီဖြစ်သည်။

သူသည် ထင်မှတ်မထားသော အချိန်လေးမှာ ကျိုင်း ချစ်မိသွားခဲ့သော်လည်း ပိုင်ဆိုင်လိုစိတ်နှင့်တော့ နယုန်မိုးနှင့် ဆင်မပြေပါစေနဲ့ဟူသော စေတနာဆိုးမျိုး မထားရှိခဲ့ဖူးချေ။ အတွက်လည်း သူ့အချစ်သူ လိပ်ပြာသန့်လေသည်။ ကျိုင်း တ်ချမ်းသာပျော်ရွှင်ရေးကသာ သူ့ရဲ့ စစ်မှန်သောချစ်ခြင်းတစ်ခု တော့သည်။

ဒါပေမဲ့လည်း သူ့ကို အထူးအဆန်းတွေ အမြဲပေး တတ်သော၊ ပြောင်ချော်ချော် ရွှတ်နောက်နောက် ကောင်မလေး သူ တကယ်ပဲ လွမ်းပါသည်။ ဒီနေ့ပါနဲ့ဆိုလျှင် သူနဲ့ကျိုင်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဖြစ်တာ တစ်လရှိခဲ့ပြီဖြစ်သည်။ သူ့ထံကို ကျိုင်းကလည်း အဆက်အသွယ်မလုပ်သဖြင့် ခုချိန်မှာ သူမနဲ့ နယုန်မိုး အဆင် ပြေနေလောက်ပြီဟု တွေးထင်ကာ သူကလည်း သူမကို ဖုန်းမဆက် မိတော့ပါ။

"ဟဲ့ သား။ မေမေ ပြောနေတာ ကြားရဲ့လား"

"ဗျာ ... ဘာလဲ မေမေ။ သား မကြားမိလိုက်ဘူး"

"ဩော် ... ဒီကလေးနှယ်၊ အမေနဲ့ စကားပြောနေတာ စိတ်က ဘယ်ရောက်နေပြန်ပြီလဲ။ မနက်ဖြန်ကျရင် မေမေ့ အတူ အိမ်တစ်အိမ်ကို ထမင်းစားလိုက်ရမယ် ...

အလကား သွားစားမှာမဟုတ်ဘူး သား"

"ပိုက်ဆံပေးပြီးမှ စားရမှာလား မေမေ"

"တယ် ... ဒီကောင်လေးနှယ် ရွတ်တီးရွတ်နောက်လုပ်မနေ နဲ့၊ မေမေ့မိတ်ဆွေရဲ့ သမီးတွေပါကွယ်၊ သူတို့မိဘတွေက မေမေတို့ရဲ့မိတ်ဆွေပေါ့၊ ဒါပေမဲ့ လူကြီးနှစ်ယောက်စလုံး ဆုံးကုန်ပါပြီ ...





ညီအစ်မနှစ်ယောက်ပဲ ကျန်ခဲ့တာ၊ အကြီးမကတော့ ပြတ်ပါတယ်၊ သူက တစ်သက်လုံး အိမ်ထောင်ပြုဖို့ စိတ် ကူးမရှိတော့ဘူး၊ သားထက်လည်း ကြီးပါတယ်၊ အခုဟာ က သူ့ညီမနဲ့ပေါ့"

"ဟာ ... သား စိတ်မဝင်စားဘူး မေမေရာ"

"မရဘူး သား၊ မင်း ဒီလို လက်လွတ်စပယ် မပြောနဲ့၊ လူကိုကြည့်ပြီးမှ ခိုင်ခိုင်လုံလုံငြင်း၊ မင်းကို ဘယ်သူမှ ရိုက်ပြီး မကျွေးစားဘူး ...

အခုဟာက သူတို့က ထမင်းစားဖိတ်ထားတာတော့ သွားရမှာပဲ၊ မင်းလည်း အရှင်လတ်လတ်ကြီး ရှိသေးတယ်၊ ဒီတော့ မင်းက ငါ့ကို ကားမောင်းပို့တဲ့ပုံစံနဲ့ သွားမယ်၊ ဘာမှ ငြင်းဖို့စိတ်မကူးနဲ့ ...

မနက်ဖြန် ညနေခြောက်နာရီ အဆင်သင့်လုပ်ထား ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... မေမေကဗျာ"

"မေမေကဗျာ လုပ်မနေနဲ့၊ ဒီအရွယ်ထိ အဖြစ်မရှိတဲ့လူက များ၊ အေး ... မင်းကြိုက်တဲ့လူ တွေ့ရင်လည်း ငါ့ကိုပြော မင်းမှ ကြိုက်လို့ ဟိုကလည်း ပိုင်ရှင်မရှိလို့ကတော့ မရဘူးဆိုတာ မရှိစေရဘူး၊ ဒါမှမဟုတ်ရင်တော့ မင်း ငါ ပေးစားတာနဲ့ ယူရမယ်မှတ်"

မေမေက တစ်ချက်လှွယ်အမိန့်ချပြီးတာနှင့် စကားပြန်တောင် စောင့်နားမထောင်တော့ဘဲ အနားမှ ထွက်သွားလေသည်။

သူသည် နေရာမှာပဲ ခေါင်းကိုယမ်းကာ စိတ်ပျက်လက်ပျက်ဖြင့် ထိုင်နေခဲ့မိသည်။

သူ့အိတ်ထဲမှ ဖုန်းကိုထုတ်ကာ ဓာတ်ပုံလေးကိုဖွင့်ကြည့်လိုက်လျှင် အပြစ်ကင်းစွာ ရယ်ပြနေသော ငွေငန်းဖြူမလေးကို တွေ့မြင်လိုက်ရသည်။





မေမေရေ ... သားချစ်တဲ့ ကောင်မလေးက သူပါ။ ဒါပေမဲ့ သူ့မှာက ပိုင်ရှင်ရှိနေတဲ့အဖြစ်ဆိုတော့ သားကို စာနာပါ မေမေ။ ပေါက်ကရတွေ လျှောက်လုပ်တတ်တဲ့ ဒီကောင်မလေးကိုမှ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ချင်ပါတယ်ဆိုတဲ့ သားကို မေမေ ဘယ်လိုကူညီပေးနိုင်မှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



ကော့ရဲ့ကိစ္စကို အောင်မြင်စွာဖြေရှင်းပေးနိုင်သူအဖြစ် ကျိုင်းကို အော့ကစ်က တဖွဖွနှင့် ချီးကျူးပြောဆိုခဲ့လျှင် ကျိုင်းသည် အဲဒီအပြောဒ္ဓ မသာယာနိုင်ဘဲ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသူတစ်ယောက်လို အမြဲပဲခံစားနေခဲ့ရပါသည်။ တကယ်တော့ ကျိုင်းဟာ အဲဒီလောက်ထိ ရည်ရွယ်ပြီးတော့ သူ့အခန်းသို့ သွားခဲ့တာမဟုတ်ချေ။

သို့သော် အဖြစ်အပျက်တို့က အကွက်ချစီမံထားသလိုပင် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာခဲ့တာဖြစ်သည်။ အော့ကစ်ထံမှနေ၍ ကော ပြောခဲ့သောစကားတွေကို ကြားခဲ့တုန်းကဆိုလျှင် ကျိုင်း





သည် အံ့သြလွန်းသဖြင့် အသက်တောင်မရှူနိုင်။ ပုဂ္ဂိုလ်ကြီးရဲ့ ဆိုင်မှာ ချော်လဲကျခဲ့သဖြင့် နာနေခဲ့သော တင်ပါးကို ပွတ်ကာ အံ့အားတကြီး နားထောင်ရသည်။

ကေဟာ နယုန်းမိုးကို ဖြတ်ခဲ့ရုံမျှမကဘဲ အော့ကစ်ပေးစားသော ယောကျ်ားကို အမြန်ဆုံးယူပါ့မယ်ဟူသောကိစ္စကို ကျိုင်းပင်လျှင် လိုက်မမီချေ။

သေချာတာတော့ သူတို့နှစ်ယောက် ပြဿနာအကြီးအကျယ် တက်ခဲ့ကြပါမည်။

"ကျိုင်း သိပ်တော်တယ်၊ ကျိုင်းရဲ့ အရည်အချင်းကို အော့ကစ် တကယ်ပဲ လက်ဖျားခါတယ်ဟယ် ...

ကေလည်း မရိပ်မိအောင် သူတို့နှစ်ယောက်ကို ကျိုင်း ဘယ်လိုခွဲခဲ့လဲ"

"ဟင့်အင်း အော့ကစ်၊ ကျိုင်း အဲဒီလောက်ကြီးထိ မရည်ရွယ်ခဲ့ဘူး၊ ကျိုင်း အဲဒီလောက်မလုပ်သေးဘူး၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကေတို့ ဘာဖြစ်လို့ ဒီလောက်ကြီးထိ ဖြစ်သွားရတာလဲ၊ သိပ်အံ့သြစရာကောင်းတယ်”

“အို ... ဘာမှ အံ့သြစရာမရှိဘူး၊ သူတို့မှာ ဖူးစာမပါလို့၊ ရေစက်မရှိလို့ပေါ့၊ နယုန်မိုးက တို့ရဲ့ကေနဲ့ မထိုက်တန်လို့ပေါ့ ...

ကျိုင်းနော် အားလုံးအဆင်ပြေနေတာကို ဘာမှ လျှောက်မတွေးနဲ့တော့”

ကျိုင်းက ခေါင်းကို ဖြည်းဖြည်းချင်းခါယမ်းကာ လေးနက်စွာ စဉ်းစားရင်း တစ်လုံးချင်းပြောမိသည်။

“မဟုတ်ဘူး အော့ကစ်၊ ကျိုင်း စဉ်းစားနေတာက ကေနဲ့ နယုန်မိုး ကွဲသွားရတာဟာ ကျိုင်းတော်လို့ မဟုတ်ဘူး ...

သူတို့အချစ်က မခိုင်မြဲလို့။ မခိုင်မြဲဘူးဆိုတာက လည်း အားနည်းချက်တွေရှိနေတဲ့ ချစ်ခြင်းမို့လို့ ကေက သူ့ကိုယ်သူ အသက်ကြီးတယ်ဆိုတဲ့ အားငယ်စိတ်နဲ့





နယုန်မိုးကို အမြဲသံသယရှိနေတယ်၊ တရားလွန်သဝန်တိုတယ် ...

ဟိုတစ်ယောက်ကလည်း သူဟာ ကေ့လောက် ပိုက်ဆံမရှိဘူးဆိုတဲ့အချက်နဲ့ သူ့ကိုယ်သူ သိမ်ငယ်တယ်၊ ကြာလာတော့ သဝန်တိုခံရ၊ ချုပ်ချယ်ခံရလွန်းတဲ့အခါမှာ စိတ်ပျက်လာတယ်၊ ကျိုင်းက ဒီနေရာမှာ ပါးပါးလေးဝင်ရရုံမဲ့ရှိသေးတယ်၊ သူတို့က ပြဿနာရဲ့ဇာစ်မြစ်ကို အတူ မရှာဖွေဘဲ တစ်ယောက်နဲ့တစ်ယောက် အပြစ်ပုံချနေကြတော့ သူတို့ မခိုင်မြဲကြတာပါ”

အော့ကစ်က ကျိုင်းရဲ့စကားတွေကို ငေးကာ စူးစိုက်အားထောင်၍နေသည်။

“စိတ်ချပါ အော့ကစ်၊ ကျိုင်းက ပြီးခဲ့တဲ့ကိစ္စအတွက် နောင်တမရပါဘူး။ ကေနဲ့ နယုန်မိုးက ဘဝခရီးဖော်အဖြစ် လုံးဝ လက်မတွဲသင့်တဲ့ လူတွေပါ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ သူတို့ ဆယ်နှစ်ကွာနေလို့လည်း မဟုတ်ဘူး၊ နယုန်မိုးက ကော့လောက် မချမ်းသာလို့လည်း မဟုတ်ဘူး ...

သူတို့နှစ်ယောက်မှာ တစ်ယောက်နဲ့တစ်ယောက် နားလည် မှုမရှိကြလို့ပဲ ...

ကော့အတွက် အဆင်ပြေဆုံးဖြစ်မယ့် လူကိုတော့ အော့ကစ်ပဲ တာဝန်ယူရှာပေးလိုက်ပါ"

ကျိုင်းရဲ့စကားဆုံးတော့မှ အော့ကစ်က ပြည့်ပြည့်ဝဝကြီး ပြုံးကာ ကျိုင်းကို လက်နှစ်ဖက်အား ဆွဲယူဖျစ်ညှစ်ရင်း ...

"ဒါတော့ စိတ်ချ ကျိုင်း၊ မနက်ဖြန်မှာပဲ ကော့အတွက် ပြောထားတဲ့လူတစ်ယောက် ရောက်လာလိမ့်မယ်၊ ကျိုင်း ဘွားဘွားကြီးရဲ့မိတ်ဆွေတွေရဲ့ သားပဲ၊ ကော့ထက်တောင် နည်းနည်းငယ်မယ်နဲ့တူတယ် ...





အင်း ... ကျိုင်းလည်း မကြီးတောင် သိပ်မငယ်တော့ဘူးလေ၊ ကျိုင်းကိုလည်း ကော့လို အဖြစ်မျိုး ကြုံမှာစိုးရိမ်တယ် သမီးရယ် ...

ကော့ကိစ္စတွေ ဗျာများနေရတာနဲ့ပဲ ကျိုင်းဘက်ကို အာရုံမလှည့်နိုင်ဘူး၊ ကျိုင်းရော ရည်းစားလေးဘာလေး တောင် မတွေ့သေးဘူးလား"

ကျိုင်းသည် အော့ကစ်ရဲ့အပြောကြောင့် နှလုံးသားထဲတွင် ဒိန်းခနဲဖြစ်ရသူ ပုဂ္ဂိုလ်ကြီးကို ပြေး၍မြင်မိသည်။ နောက်ဆုံးတွေ့ပြီးတည်းက သူနဲ့ ကျိုင်း ထပ်၍မတွေ့ဖြစ်တော့ချေ။

သူကလည်း ကျိုင်းထံကို ဖုန်းလေးတောင်မှုတောင် မဆက်။ ကျိုင်းကသာ ဆက်ဖို့ရာမှာလည်း ကိုယ်က သူ့ကို ပုံစံတစ်မျိုးနဲ့ ဆက်ဆံထားခဲ့သူ ဖြစ်လေရာ ကိုယ်က ဖုန်းဆက်လိုက်လို့ သူက တစ်မျိုးမြင်သွားမှာကိုလည်း ကျိုင်းက မလိုလားပါ။



www.burmeseclassic.com

www.burmeseclassic.com



သူကရော ...။ အင်းလေ သူကလည်း ရည်းစားရှိ
နေတဲ့ မိန်းကလေး၊ ရှိုရုံတင်မက ရည်းစားကို ပြန်လိုက်လုနေရတဲ့
ခပ်ကဲကဲ ကောင်မလေးအဖြစ်ပဲ ကျိုင်းကို သဘောထားမှာဖြစ်
သည်။ ဒီထက်ပို၍ သူ့ဘက်မှာ ကျိုင်းအတွက် ကဏ္ဍမရှိနိုင်ချေ။

ကျိုင်းသည် သက်ပြင်းမောတစ်ခုကို ရင်ထဲမှသာ
ကျိတ်ပြီးချမိပါသည်။ ကျိုင်း ပြောသမျှကို သဘောတကျနှင့်
ရယ်မောခံစားပေးတတ်သော၊ ကျိုင်း ပျော်တတ်သလို လိုက်ပျော်
တတ်သော ပုဂ္ဂိုလ်ကြီးကို ကျိုင်း တကယ်ပဲ တွေ့ချင်သေးသည်။
ကျိုင်း စင်ကာပူ ပြန်ရတော့မယ့်ရက်က သိပ်မလိုတော့ချေ။

"ဘာလဲ ကျိုင်းအတွက်လည်း အော့ကစ် ရှာပေးရမလား"

ဒီတစ်ခါတော့ အော့ကစ်ရဲ့အမေးဖြဲ့ကို ကျိုင်းက
အလန့်တကြားပဲ ငြင်းဆိုမိလေသည်။

"အာ ... တော်ပါပြီ အော့ကစ်ရယ်၊ ကျိုင်း အေးဆေး
နေပါရစေ"





"အခုတော့ အေးဆေးနေပြီး နောက် ဆယ်နှစ်လောက်မှ
ဝက်သက်ပေါက်မှာစိုးလို့ပော့ ...

တစ်ခါတည်းပြောထားမယ် ...

ကိုယ့်ထက်ငယ်တဲ့ ယောကျ်ားကိုတော့ မစဉ်းစားပါ
နဲ့ ကျိုင်းရယ် နော်"

ကျိုင်းရဲ့မျက်လုံးထဲတွင် ပုဂ္ဂိုလ်ကြီးကို ဒုတိယအကြိမ်
ပြေးမြင်ပြန်သည်။

ဟင်း ... ကျိုင်း ဝဋ်လည်တော့မယ်နဲ့ တူပါရဲ့။

"ဟဲ့ ... ကျိုင်း ပြောတာကြားလား"

"အင်း ... ကြားပါတယ် အော့ကစ်ရာ၊ ကျိုင်းက ကိုယ့်
ထက်ကြီးတဲ့လူကိုပဲ ကြိုက်တာပါ"

"အေး ... ဒီလိုမှပေါ့"

အော့ကစ်က သဘောကျသွားဟန်ဖြင့် လက်မတစ်
ဖက်ထောင်ပြလျှင် ကျိုင်းသည် သူနိုးသေလို့ မငိုဝံ့ရှာသော



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အဖြစ်ကို ကိုယ် ပြန်တွေးကာ မအီမလည်နဲ့ ပြုံးနေရလေသည်။

ကျိုင်း ဘယ်လိုလုပ်ရမလဲ။

လက်ထဲကဖုန်းကို ရေထဲတစ်ညစိမ်ပြီး ပုဂ္ဂိုလ်ကြီးကို နဖူးကချွေး ခြေမထိကျအောင် သွားပြင်ခိုင်းရမလား။ ဒါမှမဟုတ် ဖုန်း လုံးဝပျက်သွားလို့ပါဆိုပြီး LIBRA ဆိုင်လေးမှာ အသစ်တစ်လုံး သွားထပ်ဝယ်ရမလား။

ကျိုင်းသည် တွေးရင်းမှနေ၍ ကျိုင်း လေမချွန်တတ်တာကို လှောင်ပြောင်ရယ်မောတတ်သူ၊ အမြင်ကတ်ဖွယ်ကောင်းသော စိန်နားကပ်ကြီးကို ဝတ်တတ်သူ အစ်ကိုကြီးချောချောကို အရမ်းမဲ့ သတိရလာမိသည်။

တကယ်ဆို ကျင်းလို့ ဖုန်းလေးတစ်ချက် လှမ်းဆက်လိုက်တာပါ ဆိုပြီး ဆက်တော့လည်း သူ့ကို ဘာပြောမှာလို့လဲ။





ကျိုင်းသည် မလှုံသောအိုးလေးကို ရင်မှာပိုက်ကာ တစ်ဖက်က ခေါ်ဆိုမည့်ဖုန်းကိုပဲ စင်ကာပူ မပြန်ခင်အချိန်အထိ စောင့်မျှော်နေတော့မည်။ အဲဒီအချိန်ထိ ပုဂ္ဂိုလ်ကြီးက ဖုန်းမဆက်ခဲ့ရင်တော့ ကျိုင်းက နှုတ်ဆက်တဲ့အနေဖြင့် လှမ်းဆက်လိုက်ပါမည်။

❦ ❧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"ရှေ့မှာ ချိုးပြီးရင် ရောက်မယ့်ခြံပဲ သား၊ ဖုန်းတော့ ပြ ဆက်ပြီးသားပါ၊ ဟွန်းတီးလိုက်ရုံပဲ"

မေမေ ညွှန်ပြနေသော လမ်းအတိုင်း သော်မင်း ကားကို ချိုးကွေ့ဝင်လိုက်တာနှင့် တစ်ပြိုင်နက် ရွှေရောင်တံခါး ကြီးက ဟီးထအောင်ပဲ ကြိုဆို၍နေသည်။ မေမေက အိမ် မမြင်ရသေးဘဲ ခြံဝင်းတံခါးကို မြင်တာနဲ့တင် ...

"သူကတော့ အလိမ္မာအိမ်ပါမယ့် ချွေးမမျိုးတော့ မဟုတ် သော်မင်းရေ။ ဒါပေမဲ့ မင်းကို ရှင်ဘုရင်တင်မြှောက်





မိန်းမမျိုးတွေပဲ၊ သူတို့အိမ်မှာက ယောက်ျားသားရယ်လို့ တစ်ယောက်တလေတောင် ရှိတာမဟုတ်ဘူး ...

ဒီတော့ သူနဲ့ရရင်ဖြင့် မင်းကို မေမေက ဒီအိမ်ကို ထည့်ပေးလိုက်ရမှာပဲ၊ မင်း ကြိုက်ရင်တော့ ကိစ္စမရှိပါဘူး လေ"

သူ့အမေက အညာသူကြီးဖြစ်လေရာ စကားပြော လျှင် ပွင့်ပွင့်နှင့် ဖွင့်ဖွင့်ကြီးပြောတတ်သူဖြစ်လေသည်။ ဒီလို ဖွင့်ဖွင့်သမားတွေဟာ ဘယ်သူနဲ့ ကိုက်မလဲ။ သူဟာ ဒီအချိန်ထိ တောင် သူမကို သတိရနေခဲ့တုန်းပင်ဖြစ်သည်။

ဟွန်းတစ်ချက်တီးလိုက်သဖြင့် ခြံဝင်းတံခါးက လျှော ခနဲ ပွင့်သွားလျှင် သူက ကားကို ခြံထဲသို့ အသာမောင်းဝင်လာခဲ့ သည်။ ခြံရဲ့အလယ်မှာ ကားလမ်းဖောက်ထားလျက် ဘေးတစ်ဖက် တစ်ချက်မှာက မြက်ခင်းစိမ်းစိမ်းတွေကို သေချာမွေးမြူထားကာ သစ်ပင်ပန်းမန်တွေကိုလည်း နည်းနည်းနဲ့ကျဲကျဲ ခပ်ရှင်းရှင်းပင် လှပစိုပြည်ရုံ စိုက်ပျိုးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြီးလွန်း မသေးလွန်းသော ခပ်ရှင်းရှင်းပုံစံ နှ
ထပ်တိုက်ရဲ့ ဆင်ဝင်အောက်မှာတော့ ညီအစ်မနှစ်ယောက်ဖြစ်ဟ
ရသည့် အမျိုးသမီးနှစ်ယောက်က ပြုံးရွှင်သော မျက်နှာထားဖြ
ဆီးကြိုလို့နေခဲ့သည်။ မေမေ့ရဲ့ ကြိုတင်ပြောကြားထားချက်အ
ဆံပင်အတိုနှင့် စူးရှထက်မြက်လွန်းသော မျက်လုံးများပိုင်ရှင်
အကြီးမတဲ့။ သူ့အတွက် ရည်ရွယ်ထားသူ မဟုတ်။ သူ့အတွ
ရည်ရွယ်ထားသူက ဆံပင်ရှည်ရှည်နဲ့ မိန်းမဆန်သောသူတစ်ယော
ဖြစ်သည်ဟု သူက သိထားရသည်။

"ရောက်လာကြပြီမနော်၊ မျှော်နေတာ ... ဟင်း ဟင်း ဟ
ကြွပါ အန်တီဒွေး၊ မောင်လေးရော ကြွပါ ... ကြွ

သူနှင့် မေမေက ကားပေါ်က ဆင်းလိုက်တ
တစ်ပြိုင်နက် ဆံပင်တိုနှင့် အမျိုးသမီးက လှိုက်လှဲဖော်ရွေ
နှုတ်ဆက်သည်။ မျက်နှာမှာ လှိုက်လှဲသော အပြုံးတစ်ခုကို
ဆင်ထားသော်လည်း ဒီအမျိုးသမီးဟာ မာန်တစ်မျိုးနှင့် ထည်
ဝါဝါရှိသူ ဆိုတာကို သတိပြုမိရသည်။





နားရွက်အောက်နားမှာ အဖျားလေးတွေ လုန်နေ
သော ခေတ်မီမီဆံပင်ပုံစံနှင့် အမျိုးသမီးသည် အိမ်နေရင်းလည်း
မဟုတ်၊ ရွှန်းရွှန်းဝေအောင် ပြင်ဆင်ထားခြင်းလည်း မဟုတ်သော
တ်စားဆင်ယင်မှုမျိုးနှင့် တင့်တယ်လိုက်ဖက်စွာ ရှိနေသည်။

"ထိုင်ပါ အန်တီဒွေး၊ ထိုင်ပါ"

သူနှင့် မေမေက ဧည့်ခန်းရှိ ဆိုဖာများတွင် ဝင်ထိုင်
ကြလျှင် သူတို့နှင့် မျက်နှာချင်းဆိုင်မှာ အဲဒီညီအစ်မနှစ်ယောက်
က ဝင်ထိုင်သည်။ သူတို့သားအမိဟာ ဘာအတွက်ကြောင့်
ရောက်လာတာကို သူက သိသူပီပီ မျက်နှာပူနေရသော်လည်း
အမျိုးသမီးနှစ်ယောက်ကတော့ အေးအေးဆေးဆေးပဲဖြစ်သည်။

မေမေသည် သူ့ဘက်ကို အသာအယာလှည့်ကြည့်
ကာ ...

"သား ဒါက ညီအစ်မနှစ်ယောက်ပေါ့၊ သူက အစ်မကြီး
ဖြူသစ်ခွာတဲ့၊ Royal Orchid အထည်ချုပ်စက်ရုံလုပ်တဲ့
သူပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ ကျော်နှင်းဆီတဲ့၊ အလှကုန်ကုမ္ပဏီလည်

နေတဲ့သူ၊ ကဲ ... သမီးတို့ရေ ဒါက အန်တီ့သား သော်မင်း

စိမ်းပေါ့ကွယ်"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

သူက နှစ်ယောက်စလုံးကို ဝေ့ဝဲပြုံးပြလိုက်ရင်း

ကျော်နှင်းဆီဆိုသော တစ်ယောက်ကိုတော့ အသေအချာကြည့်

ပြုံးပြမိသည်။ အဲဒီအချိန်မှာပဲ သူ အံ့ဩသွားတာက သူမဟာ သူ

မြင်ခဲ့ဖူးသော အမျိုးသမီးတစ်ယောက်ဖြစ်နေတယ်ဆိုတာပင်။ ပထမ

တော့ သူဟာ ဟုတ်မှဟုတ်ပါ့မလားဆိုပြီး ဇဝေဇဝါပင်။ သို့သော်

သူ ထင်တာ ဘယ်လိုမှ မမှားနိုင်ပါ။ ဒီအမျိုးသမီးနှင့်သူ ကျော်

နတ်ဆိုင်ထဲမှာ စကားပြောခဲ့ဖူးသည်။ (သူမကတော့ လုံးဝမှတ်မိ

မပေါ်ပါ)

နောက် သူဟာ သူမကို JOJOBA ကော်ဖီဆိုင်လေးမှာ

အမြဲတစေ လှမ်းလှမ်းတွေ့ခဲ့ မြင်ခဲ့ဖူးသည်။ ပထမပိုင်းမှာတော့

အမှုမဲ့အမှတ်မဲ့ဖြစ်ပေမယ့် နောက်ပိုင်းမှာတော့ သူ သဘောကျရသော





ကောင်မလေးနှင့် ပတ်သက်သူအဖြစ် မှတ်မှတ်ထင်ထင် သတိထား

မိလာခဲ့ရသည်။ ဟုတ်ကိုဟုတ်ပါတယ်။ ဒါ ကျိုင်းက ခွဲပစ်လိုက်

တဲ့ နယုန်မိုးရဲ့ ချစ်သူအမျိုးသမီးပါ။

သူက တိုက်ဆိုင်လွန်းသော ကံကြမ္မာကို ဖျားချင်

စိတ်ပေါက်သွားရသည်။ ဒါဆိုရင် နယုန်မိုးနဲ့ ဒီအမျိုးသမီးဟာ

လုံးဝကွဲသွားကြတာ သေချာခဲ့ပြီပေါ့။ ဘယ်သူ့ကိုမှ မေးစရာ

တောင်မလိုတော့ချေ။ တစ်လက်စတည်းမှာပဲ ဆက်၍ သဘော

ပေါက်ရသည်မှာ ကျိုင်းနှင့် နယုန်မိုးလည်း ပြန်အဆင်ပြေသွားခဲ့

လောက်ပြီဖြစ်သည်။

သူ ဖုန်းမဆက်တာပဲ မှန်သည်ထင်ပါရဲ့။

"သော်မင်းစိမ်းက အဖေ့ကုမ္ပဏီမှာပဲ လုပ်တာလား"

ဒီမေးခွန်းကို အစ်မဖြစ်သူ ဖြူသစ်ခွက မေးတာဖြစ်

သည်။ သူက ပြုံးရင်း ခေါင်းယမ်းပြလိုက်ကာ ...

"မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်က ဟန်းဒက်ဆက်အရောင်း

ဆိုင်နဲ့ ဆားဗစ်ဆင်တာ ဖွင့်ထားတာပါ၊ LIBRA တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနံပတ်သက်တဲ့ လိုအပ်တဲ့ အကူအညီရှိရင် ကျွန်တော့်ကို ပြောပါ”

သူက အိတ်ထဲမှ ဆိုင်လိပ်စာကတ်လေးတစ်ခုကို ထုတ်ပေးလိုက်သည်။ ဖြူသစ်ခွက လှမ်းအယူ ကျော်နှင်းဆီက ပြုံးပြီး သူ့အစ်မကို လှမ်းအကြည့် အဲဒီအချိန်မှာပဲ အိမ်ရှေ့သို့ နောက်ထပ်ကားတစ်စီး ထိုးဆိုက်လာသံ ကြားရကာ ကားတံခါး ပိတ်သံ၊ ကားပေါ်မှဆင်းလာသံတို့ကို ကြားနေရလျှင် စူးစမ်းနေဟန် တူသော သူ့အမေကို ဖြူသစ်ခွက အပြုံးလေးတစ်ခုဖြင့် ...

“တူမလေး ပြန်လာတာပါ၊ ကျွန်မတို့ အစ်မအကြီးရဲ့ သမီးလေးပေါ့၊ ငယ်ငယ်တုန်းကတော့ ကျွန်မတို့လက်ထဲ မှာပဲ ကြီးလာခဲ့ရတဲ့သူပါ ...

ဆယ်တန်းအောင်ပြီးသွားတော့ သူ့ဘဝ တိုးတက်ရေးအတွက် သူ့အဖေရှိတဲ့ စင်ကာပူကိုပဲ ပို့ထားရတာပေါ့”

မေမေက သိဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...





“သဇင့်သမီးလေးပေါ့၊ အေးပေါ့ သူ ငယ်ငယ်တည်းက သဇင်က ဆုံးသွားတော့ ဖြူသစ်ခွတို့ပဲ စောင့်ရှောက်လာရမှာ ပေါ့ ...

ဘယ်အရွယ်တောင် ရောက်သွားပြီလဲ”

“နှစ်ဆယ့်သုံး ရှိပါပြီ”

ဖြူသစ်ခွက ပြန်အဖြေမှာပဲ အဲဒီတူမဖြစ်သူဟာ ဧည့်ခန်းထဲသို့ လှမ်းဝင်လာတာကို သူက အာရုံဖြင့် ခံစားသိရ သော်လည်း မိန်းကလေးတစ်ယောက်ဖြစ်တာမို့ တကူးတက လှည့်မကြည့်ဖြစ်ပါ။ မေမေကတော့ လှည့်ကြည့်တာမို့ အဲဒီတူမ ဆိုတာဟာ အာသွက်လျှာသွက်နှင့် ချက်ချင်းပဲ နှုတ်ဆက်ရှာသည်။

“ဧည့်သည်တွေ ရောက်နေတာကိုး၊ မင်္ဂလာပါ အန်တီ”

“အေး ... အေး ... မင်္ဂလာပါကွယ်။ သမီးလေးနာမည်က ဘယ်လိုခေါ်တုံး”

“ကျိုင်းစင်မြဝါပါရှင့်”

“ဩော် ... နာမည်လေးကလည်း အဆန်းသားလေးကိုး”



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကို ပြန်ဖြေသံအဆုံး သူ့အမေရဲ့ မှတ်ချက်ချသံအပြီးတွင် သူက ဆတ်ခနဲ ဖြစ်သွားရကာ အဲဒီတစ်ယောက်ကို ချက်ချင်းပဲ မော့ကြည့်ဖြစ်လေသည်။ နာမည်တူတာမဟုတ်ဘဲ သူမက သူ သိထားခဲ့သော ဗလွတ်ရွတ်နောက် ကောင်မလေး ကျိုင်းစင်မြဝါ အဟုတ်ကိုပဲ ဖြစ်နေခဲ့သည်။

သူမကလည်း သူ့ကို အမြင်တွင် ချက်ချင်း မျက်လုံးပြူးသွားသည်။ သူသည် ပထမပိုင်းမှာတော့ ကျော်နှင်းဆီဟာ သူမရဲ့အဒေါ် လာဖြစ်နေခြင်းကို ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်ရသော်လည်း နောက်ပိုင်းကျတော့ အခြေအနေကို ချက်ချင်း သဘောပေါက် နားလည်သွားသည်။ ဒီကောင်မလေး သူ့ကို အရူးလုပ်ထားတာပါလား။

သူက ညစ်ကျယ်ကျယ်ပြုံးလျက် သူနဲ့ သူမတို့ နှစ်ယောက်တည်းသာသိသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်လျှင် သူမပုံစံက လည်ချောင်းမှာ တစ်ခုခုနင်နေသလို ဘာစကားမှ ထွက်မလာနိုင်တော့ပေ။





"ကျိုင်း လာထိုင်လေ"

သူမ အဒေါ်က လှမ်းခေါ်လျှင် သူမက ယောင်နနပုံစံဖြင့် ...

"အဲ ... ဟို ... ရပါတယ်၊ ကျိုင်း အဝတ်အစားသွားလဲလိုက်ဦးမယ်"

"အေး အေး ... ဒါဆိုလည်း မြန်မြန်သွား၊ မြန်မြန်ပြန်ဆင်းခဲ့နော်၊ ညစာအတူစားကြရအောင်"

သူမက ခေါင်းကို သွက်သွက်ညိတ်ကာ မပြေးရုံတမယ် ခြေလှမ်းများနှင့် ထွက်သွားလျှင် သူမအဒေါ်က သူ့အမေကို လှည့်ကာပြုံးပြရင်း ...

"သူကနောက်တစ်ပတ်နေရင် စင်ကာပူပြန်တော့မှာမို့ အလုပ်ရှုပ်နေတာလေ၊ သူကတော့ ဟိုနဲ့ဒီ ကူးချည်သန်းချည်ပေါ့"

"ဒီခေတ်မိန်းကလေးတွေကတော့ တိုးတက်ခေတ်မီကြပါတယ်ကွယ်။ ဖြူသစ်ခွရဲ့တူမလေး ကြည့်ရတာ သွက်သွက်လက်လက်နဲ့ ချစ်စရာလေးပဲ ...



www.burmeseclassic.com

www.burmeseclassic.com



မိတဆိုးလေး ဆိုတော့လည်း ဖြုသစ်ခွတို့မှာ အစေ အရာရာ လိုက်ပူနေရတော့မှာပေါ့"

"ဟုတ်တယ် အန်တီဌေးရယ်၊ ကျွန်မလည်း ဒီညီမနဲ့ ဒီတူမအတွက်ပဲ ပူနေရတာပဲ၊ ဒါကြောင့် မြန်မြန်ရင်အေး နေချင်ပါပြီ ... ဟင်း ဟင်း ဟင်း"

အဲဒီတဟင်းဟင်းရယ်သံကြီးဟာ သူ့ကို တကယ်ပဲ ကျောချမ်းသွားစေလေသည်။ အခုချိန်မှာတော့ သူဟာ ကျော်နှင်းဆီထက် သူမကသာ သူ့ခေါင်းထဲမှာ တရစ်ဝဲဝဲ နေရာယူနေခဲ့တာ ဖြစ်သည်။ ဟင့်အင်း ... လုံးဝမဟုတ်သေးဘူး၊ ကျော်နှင်းဆီက သူ့ခေါင်းထဲမှာကို မရှိတော့တာ။

အခုချိန်တွင် သူ အလုပ်ချင်ဆုံး အလုပ်တစ်ခုမှာ ထမင်းလက်ဆုံစားကြဖို့ထက် ကျိုင်းရဲ့လက်ကို ဆွဲခေါ်ကာ မင်း ဘာတွေလျှောက်လုပ်ထားခဲ့တာလဲဟု မေးပစ်ချင်စိတ်တွေပဲ တဖွား ဖွားရှိနေတာဖြစ်လေသည်။ သူမနဲ့ ကျော်နှင်းဆီက တူဝရီးတွေဆို လျှင် သူမက နယုန်မိုးနဲ့ ကျော်နှင်းဆီကို ဘာကြောင့် ခွဲရတာလဲ။





သချာတာကတော့ နယုန်မိုးနဲ့ သူမဟာ ရည်းစားတွေ လုံးဝ ဟုတ်နိုင်တော့ချေ။

ဒီလိုတွေးမိလိုက်တော့ သူ့နှလုံးသားတစ်ခုလုံး ငြိမ့် နဲ့ဖြစ်သွားရသည်။ ဒါပေမဲ့ သူ့ကို လှည့်စားထားခဲ့သော ကောင်မလေးကိုတော့ သူက သိပ်အစာမကြေပါ။

ဒါကြောင့် ထမင်းစားပွဲဝိုင်းမှာ အတူဆုံကြတော့ သိချင်ဟန်ဆောင်နေသော သူမကို သူကပဲ စတင်စိန်ခေါ်လိုက် သည်။

အားလုံး ထမင်းတွေ ကိုယ်စီစားနေကြရင်း စကားစ ကပြတ်သွားကြသည့်အချိန်တွင် သူက ...

"ကျိုင်းရော ဖုန်းသုံးရတာ အဆင်ပြေရဲ့လား၊ ဘာတွေ မွေထပ်ဖောက်သေးလဲ"

သူက ခပ်တည်တည်နှင့် မှင်သေသေပဲ မေးလိုက် င် အားလုံးက ရုတ်တရက် ကြောင်ကာသွားကြသည်။ ထမင်းစား ိုင်းမှာ ထိုင်ပုံအရ သူနှင့် သူမက မျက်နှာချင်းဆိုင်ကျလေရာ



www.burmeseclassic.com

www.burmeseclassic.com



သူက သူမကိုပဲ တည့်တည့်စိုက်ကြည့်ကာ မေးသည်မို့ တခြားများစရာလည်း အကြောင်းမရှိချေ။

သူ တစ်ခုခုပြောမှာကို အလွန်အမင်း စိုးရိမ်နေပုံရသော သူမဟာ ရုတ်တရက်မေးလိုက်သော သူ့စကားကြောင့် ထမင်းနင်သွားကာ ချက်ချင်း မဖြေနိုင်သေးချေ။ သူ့ကို နားမလည်သလိုကြည့်လာကြသည့် မျက်လုံးသုံးစုံကိုသာ သူက အသာအယာပြုံးပြလိုက်ရင်း ...

"သူနဲ့ ကျွန်တော်နဲ့က အရင်တည်းက သိကြပါတယ်"

"ဟေ ..."

"ဩော် ..."

ဟေဆိုသော အသံက သူ့အမေထံက ထွက်လာတာဖြစ်ပြီး "ဩော်"ဆိုသောအသံကတော့ မဖြူသစ်ခွထံမှ ထွက်ပေါ်လာတာဖြစ်သည်။ ကျော်နှင်းဆီကတော့ ဘာသံမှ ထွက်ပေါ်မလာပေမယ့် အံ့ဩနေဟန်တူသော မျက်လုံးအဝိုင်းသားဖြင့် ငေးကြည့်လို့နေသည်။





ဒါကို ဖြူသစ်ခွက ပွဲထိန်းလိုက်သည့်သဘောဖြင့် ...

"သော်မင်းစိမ်းက ကျိုင်းရဲ့အကြောင်းကို သိပ်မသိသေးဘူးနဲ့တူတယ်၊ ကျိုင်းက အရမ်းနောက်တတ်တာ၊ မှင်သေသေနဲ့ပေါ့၊ တစ်နေရာမှာ တွေ့ခဲ့ဖူးတဲ့ လူတစ်ယောက်ကို နောက်တစ်နေရာမှာတွေ့ရင် လုံးဝ မမြင်ဖူး မသိဖူးတဲ့ စတိုင်လ်မျိုး သူ အရမ်းလုပ်တတ်တယ် ...

တစ်ခါတလေ အပြင်မှာ အဒေါ်တွေနဲ့ ဆုံရင်တောင် ခပ်တည်တည်ကြီးနဲ့ မသိသလိုနေတတ်တာ၊ တစ်ခါတလေ ကျပြန်ရင်လည်း အန်တီ ဘယ်ရောက်နေတာလဲ သမီး ဒီနေ့ အိမ်ပြန်နောက်ကျမယ်နော်ဆိုပြီး သူက ဖုန်းပြောရင်း ကိုယ့်ဘေးကနေ ကျော်တက်သွားပြန်ရော ...

သူက အရမ်းကို နောက်တတ်တဲ့ Jolly type ပေါ့။ အခုလည်း သော်မင်းစိမ်းကို သူ ကျပ်လိုက်တာပါ ... ဟင်း ဟင်း၊"



www.burmeseclassic.com

www.burmeseclassic.com



သူက ဖြူသစ်ခွရဲ့စကားကို ခေါင်းညိတ်ရယ်
ပြလိုက်ရသော်လည်း သူ့စိတ်ထဲကတော့ဖြင့် သူမ နောက်နေ
ဟု မထင်ပါ။ သူမ သူ့ကို တကယ်ကိုပဲ မသိချင်ဟန်ဆေ
တယ်လို့ပဲ တင်ပါသည်။ သူက ဟန်မပျက်ဘဲ ရယ်မောကာ
ဘက်ကိုပဲ ဦးတည်၍ ...

"ဒါဆို ကျိုင်းက ကိုယ့်ကို အန်တီ ပြောသလိုပဲ ကျ
ပေါ့လေ ဟုတ်လား"

ထမင်းနင်နေဟန်တူသော သူမက ရေသော
ရင်ဘတ်ကိုထုကာ ခေါင်းကို ကမန်းကတန်းညိတ်ပြသည်။ ဒီအ
ကို စောင့်နေသော သူက ...

"ဩော် ... ဒါဆို ကိုယ်ကလည်း ပြန်ကျပ်ရဦးမှာပေါ့

သူ့စကားတောင် မဆုံးသေး။ သူမရဲ့မျက်လုံ
က ထမင်းစားပွဲပေါ်က ပုစွန်နှင့်အပြိုင် ပြူးထွက်လာကာ ကြ
ပေါက်ထွက်တော့မှာမို့ သူက နှစ်ယောက်တည်းသာသ





မျက်ဝန်းအထာဖြင့် မျက်လုံးလေးကို အသာမေးကျဉ်းကာ ခေါင်းကို မသိမသာယမ်းပြလိုက်သည်။ ဘာမှ မစိုးရိမ်နဲ့ဦးဆိုသော သဘော။

ဒီတော့မှ သူမရဲ့မျက်လုံးဟာ နော်မယ်လ်ဆိုဇ်ကို ပြန်ရောက်သွားကာ တည်ငြိမ်သွားသည်။ အခါများစွာက သာလိကာမလေးလို နှုတ်သွက်ခဲ့သော နှုတ်ခမ်းများသည် ထမင်းတွေကို ချည်း ပိတ်စားနေကာ အခုတော့လည်း သူမဟုတ်ခဲ့သလို နှုတ်ပိတ်၍နေလေသည်။

အဲဒီနေ့က ထမင်းစားပွဲတွင် သူက တော်တော်ကြီး ထမင်းစားဝင်ခဲ့သည်။ တော်တော်ကြီးလည်း နှုတ်သွက်ခဲ့ပါသည်။ မဖြူသစ်ခွကို မကြီးသစ်ခွဟူ၍လည်းကောင်း၊ ကျော်နှင်းဆီကို သူတို့ခေါ်သလို မကေဟူ၍လည်းကောင်း ရင်းရင်းနှီးနှီးခေါ်ဝေါ် ပစ်လျက် စကားတွေဖောင်ဖွဲ့ပစ်ခဲ့သည်။ သူ့ကို ဒီလောက်ကြီး သွက်မယ်မထင်သော မေမေပင်လျှင် တအံ့တဩနှင့် ကြည့်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားသောက်ပြီး စကားစမြည်ပြောဆိုပြီး၍ ပြန်ခါနီးအချိန်တွင် သူက လိုက်ပို့နှုတ်ဆက်သော အားလုံးကို အပြုံးနှင့်သာ နှုတ်ဆက်သော်လည်း သူမအလှည့်မှာတော့ ...

"သွားမယ်နော် သမီး"ဟု ဆိုလျှင် သူမက အထာ ပေါက်သလို မျက်လုံးကြီးတွေဖြင့် ငေးကြည့်ကာ မချင့်မရဲဖြစ်နေ ပုံရလေသည်။ သူက အဲဒီမျက်နှာကို အိမ်အပြန်လက်ဆောင်အဖြစ် သယ်ပိုးသိမ်းဆည်းကာ ရွှင်လန်းစိတ်ဖြင့် ပြန်လာခဲ့သည်။ သွား စကနဲ့မတူ အပြန်လမ်းမှာ တပြုံးပြုံးဖြစ်လာသော သားဖြစ်သူကို မေမေက ရိပ်မိဟန်ဖြင့် ...

"ဘယ်လိုလဲ သား၊ သွားခါစကနဲ့မတူဘဲ ပုံစံက တစ်မျိုး ပြောင်းလာနေပါလား၊ မေမေ ပျော်ရတော့မှာလား"

"သား ပျော်နေရင် မေမေလည်း ပျော်ရမှာပေါ့"

"သား ကျော်နှင်းဆီကို သဘောကျတာတော့ မဟုတ်ပါ ဘူးနော်"





တစ်သက်လုံး သူ့မျက်နှာကို အရိပ်တကြည့်ကြည့်ဖြင့် ကြည့်လာခဲ့သော မွေးသမိခင်ကို သိလှချည်လားဟု သူက ပြန် မမေးတော့ပါ။

ကျေနပ်ပျော်ရွှင်နေသည့် အပြုံးတစ်ခုဖြင့်သာ လှည့် ပြုံးပြလိုက်သည်။

"ကလေးမလေးဆိုရင်လည်း မဆိုးရှာပါဘူး"

"မေမေ စီစဉ်စရာရှိတာ စီစဉ်ထားလိုက်တော့နော်"

"ဘယ်လို မင်းဟာက ငါ ပြောတုန်းကတော့ မရှိဘူးဆို၊ အခုတော့လည်း စီစဉ်ထားတော့တဲ့။ ဘယ်လိုဇာတ်လမ်းတွေ လဲ၊ ငါ နားလည်အောင်လည်း ရှင်းပြစမ်းပါဦး"

"သားတောင် နားလည်သွားတာ တစ်နာရီလောက်ပဲရှိသေး တာ၊ အေးဆေးပါ မေမေရာ ...

မေမေ ကျိုင်းကို သဘောကျတယ် မဟုတ်လား"

"အေးပေါ့၊ ကလန်ကလား ထွားတားတားနဲ့ ချစ်စရာတော့ ကောင်းသား၊ အနောက်အရွတ်ကလည်းသန့်သတဲ့၊ ခုခေတ်



www.burmeseclassic.com

www.burmeseclassic.com



အိညှက်ညှက်ကောင်မလေးတွေကို မကြိုက်တတ်တဲ့ ငါ့အဖို့တော့ ရခဲ့ရင်ကောင်းသားပေါ့ဟယ်"

မေမေ့ရဲ့ စကားအဆုံးတွင် သူက ချစ်စနိုးဖြင့် မျက်စိတစ်ချက်မှိတ်ပြလိုက်ကာ လက်မတစ်ချက် ထောင်ပြလိုက်သည်။ ကာရယ်ကြောင့်မှန်းမသိဘဲ သူ့ရင်ထဲမှာ တကယ်ကိုပဲ ပျော်နေခဲ့သည်။ ဒီလိုမျိုး ရင်ထဲမှာ အပျော်မြစ်တစ်စင်း စီဆင်လှည့်ပတ်နေတာကို မခံစားရတာ ဆယ်စုနှစ်တစ်ခုကို [illegible] ဖြစ်သော သူ့ဘဝတွင် ဒီအပျော်လေးက မှတ်မှတ်ရရ [illegible] နေ့တစ်နေ့ဖြစ်ဦးတော့မည်။

ဒါပေမဲ့ သူ့ကိုလှည့်စားထားခဲ့သော ကောင်[illegible]လေး[illegible] သူကလည်း နည်းနည်းလောက်တော့ မုလိကျပ်ပေးချင်ပါသေးသည်။





# ၁၁

[illegible]ကျိုင်းသည် သန်ဘက်ခါရောက်လျှင် စင်ကာပူ[illegible]တော့မှာမို့ ဒီနေ့ ဗိုလ်ချုပ်ဈေးထဲသို့လာကာ မြန်မာယဉ်ကျေး[illegible]ည်းလေးတွေ လာဝယ်တာဖြစ်သည်။ ရွှေချည်ထိုးပန်းချီကား၊ [illegible]က်စိမ်းပုတီး စတာလေးတွေကို ဟိုက မိတ်ဆွေများအတွက် [illegible]ဆောင်ပေးဖို့ရည်ရွယ်ကာ စိတ်ကြိုက်ဝတ်ပြီးနောက် ဗိုလ်ချုပ်[illegible]ထဲသို့ရောက်လျှင် စားနေကြဖြစ်သည့်အတိုင်း ကြာဆံချက်[illegible]ချောက်သီးသုပ်စပ်စပ်ကို မျက်လုံးထဲမြင်ယောင်ကာ ပါးစပ်[illegible]င်ပြင် စားချင်လာသဖြင့် စားသောက်တန်းရှိရာနောက်သို့[illegible]က်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အထုပ်အပိုးတွေကို လက်နှစ်ဖက်အပြည့်ဆွဲ
ခြေလှမ်းကျဲကြီးတွေနှင့် လမ်းလျှောက်တတ်သော ကျိုင်းရဲ့အ
သို့ လူရိပ်တစ်ခု တိုးကပ်လာကာ ...

"သမီး ဦးကို တစ်ဝက်ပေးလေ၊ ကူကိုင်ပေးမယ်"

ကျိုင်းသည် ဒီအသံကြောင့် ဆတ်ခနဲ မော့
လိုက်လျှင် အောင်နိုင်သူအပြုံးကြီးနှင့် မိန့်မိန့်ကြီးပြုံးပြနေ
မုန်းချင်စဖွယ်ပုဂ္ဂိုလ်ကြီးကို တွေ့မြင်လိုက်ရလေသည်။

"ဘာသမီးလဲ ... ဘာသမီးလဲ"

ကျိုင်းရဲ့ စွာစွာလန်ရန်တွေ့သံကို သူက ဟ
ရယ်ကာ ...

"သမီးအရွယ်မို့ သမီးခေါ်တာပေါ့၊ ဘာလဲ မကျေနပ်
လား"

"မခေါ်နဲ့ ဘာမှ သမီးအရွယ်မဟုတ်ဘူး၊ ရှင်နဲ့ ကျ
ခုနစ်နှစ်ပဲကွာတာ"





"ဒါပေမဲ့ ငါက ကြီးတယ်လေ၊ ကိုယ်က မင်းရဲ့ဦးလေးဖြစ်မယ့်သူဆိုတော့ သမီးလို့ပဲ ခေါ်ရမှာပေါ့။ ဟုတ်တယ်နော် တူမလေး"

ကျိုင်းသည် ပုဂ္ဂိုလ်ကြီးကို မျက်စောင်းကြီးတစ်ခု ပျစ်ပျစ်နှစ်နှစ် ထိုးလိုက်ပြီးနောက် ရင်ထဲတွင် ဝမ်းနည်း၍လာသည်။ မသိဘူး။ အဲဒါ ဘာဖြစ်လို့မှန်းတော့မသိဘူး။ ဒီဖြောင်ချော်ချော် ဘိုးတော်ကို ကျိုင်းရဲ့ဦးလေးတော်ရမယ်လို့ သိရတဲ့အခါမှာ ကျိုင်း မပျော်နိုင်တာဟာ ဘာကြောင့်ပါလိမ့်။ ဟင့်အင်း ဒီအချိန်ရောက်မှတော့ ကျိုင်း ဒါတွေ မစဉ်းစားချင်တော့ပါ။

"ပေးလေ ကူသယ်ပေးမယ်"

သူက ပြောလည်းပြော၊ ကျိုင်းရဲ့လက်တစ်ဖက်က အထုပ်တွေကို ဆွဲယူလိုက်သည်။ ကျိုင်း ဦးတည်၍နေသော လမ်းကြောင်းကို ကြည့်ကာ ...

"မုန့်သွားစားမလို့လား၊ လိုက်စားမယ်နော်၊ သယ်ပေးခအနေနဲ့ မုန့်တော့ ကျွေးမယ်မဟုတ်လား တူမလေး"



www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းက ငြိမ်နေလျှင် ကိုယ်ပဲ ညံ့ရာကျတော့မှာ ဖြစ်သဖြင့် မာန်တင်းလိုက်ကာ ...

"တူမလေး ဟူမလေးနဲ့ တော်တော်ခံတွင်းတွေ့နေတယ် ပေါ့လေ၊ ဒါများ အစကတော့ စိတ်မဝင်စားဘူးလေး ဘာလေးနဲ့၊ ခုတော့ သူများအပေါ်ကို အရူးတပိုင်း ဖြစ်နေရပြီ မဟုတ်လား"

"ဒါပေါ့၊ တူမလေးက ဦးအတွက် ရအောင်ဖန်တီးပေးထားရတာကို ဒါကို လက်လွှတ်ခံရင် ကိုယ်ညံ့ရာကျသွားမှာပေါ့ ...

ဟာ ကယ်တာမ်းကျတော့ နယုန်မိုးက သနားစရာအကောင်းနဲ့ပုံးလူပါလား"

ကျိုင်းက လိုက်ရစ်နေသော လူကြီးကို မျက်စောင်းထိုးကာ ကြာဆံဟင်းနှင့် အသုပ်ဆိုင်ရှေ့သို့ ရောက်လျှင် ထိုင်ချလိုက်သည်။ သူကလည်း ကျိုင်းရဲ့နံဘေးမှာပဲ ဝင်ထိုင်သည်။





"ကြာဆံချက်တစ်ပွဲနဲ့ ရှောက်သီးသုပ်တစ်ပွဲ အန်တီ၊ ကြာဆံချက်ထဲကို ငုံးဥနဲ့ငါးဖယ် ထည့်ပေးပါ"

"ဟော့ ... ကိုယ့်အတွက်ရော မှာပေးလေ၊ ဒီတူမလေးကလည်း"

"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ကိုယ်စားချင်ရင် ကိုယ့်ဘာသာမှာပေါ့၊ ကျွန်မက ရှင် ကြိုက်တာကို ဘယ်လိုလုပ်သိမှာလဲ"

"ကြည့်စမ်း ဈာနေလိုက်တာ၊ ကော့ကို ဖုန်းဆက်ပြီးတော့ တိုင်ပြောဦးမယ်"

ကျိုင်းသည် သူ့ကို အံကြိတ်ပြီး မျက်စောင်းထိုးကာ ...က်သို့ အသာလှည့်လိုက်ရသည်။ ကာဲဓာတ်ဆရာဟာ ကျိုင်း...ကျီစယ်မယ့်ကျီစယ်တော့လည်း ဒီလိုပုံစံမျိုးနဲ့တော့ ကျီစယ်...ကောင်းပါချေ။ ကျိုင်း ပုဂ္ဂိုလ်ကြီးကို ဒီလိုပတ်သက်မှုမျိုးနဲ့ ... မပတ်သက်ချင်ပါ။ သူဟာ ကျိုင်းအတွက် ကျိုင်းတစ်...က်တည်းနဲ့သာ သက်ဆိုင်သော လူတစ်ယောက်ပဲ ဖြစ်စေချင်...ည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ကျွန်တော့်ကိုလည်း သူ့လိုပဲ ပြင်ပေးပါ"

သူက ကျိုင်းမှာသည့်အတိုင်း လိုက်မှာကာ ကျိုင်း လိုပဲ စားသည်။ စားရင်းမှနေ၍ ပါးစပ်ကလည်း အငြိမ်မနေ ချေ။

"တူမလေးက အဒေါ်ကိုတော့ တော်တော်ချစ်ရှာတယ်နော် အဒေါ်နဲ့ မသင့်တော်ဘူးလို့ထင်ရတဲ့လူကို ဖယ်ရှားပေးပြီး သင့်တော်ရာကိုတော့ ရှာဖွေစီစဉ်ပေးတတ်တယ် ...

ဒီလိုတူမလေးမျိုးနဲ့ အမျိုးတော်ရမှာ တကယ် ဝမ်းသာစရာကောင်းတာပါပဲလား"

"ရှင် ဘယ်လိုဖြစ်နေတာလဲ ပုဂ္ဂိုလ်ကြီး၊ လူကို ရန်လာ မနေနဲ့နော်"

"ဟာ ... ရန်မစပါဘူး၊ တကယ့်စိတ်ရင်းနဲ့ ချီးကျူးနေတာ ဒါပေမဲ့ တစ်ခုတော့မေးချင်တယ်၊ စိတ်မဆိုးဘူး မဟုတ် လားဟင်"





ကျိုင်းက သူ့ကို ရှုတည်တည်ဖြင့် ပြန်ကြည့်လိုက် လျှင် သူက အဟဲဟုသာ ရယ်ပြသည်။ ကျိုင်းသည် အနီးကပ် မြင်နေရသော မျက်နှာတစ်ခုကို ကြည့်ကာ ရင်ထဲ၌ ဆွေးလျှသွား လေသည်။

ကျိုင်း ဘာဖြစ်လို့ ဒီလိုခံစားချက်မျိုးတွေ ဖြစ်နေ သလဲဆိုတာ ကျိုင်းကိုယ်ကျိုင်း မစစ်ဆေးနိုင် ... အတိတ်တွေကို

"မင်း နယုန်မိုး ... ကျိုင်းက နောက်တစ်ခါ

ဝင်လည်းမှာ ... ခင် အတော်ကြီးထိန်းသိမ်းထားရသည်။

... လည်း မဆုံချင်တော့ချေ။

သူ ... က ကားနားအထိ လိုက်ပါလာကာ ...

ချောက်သီးသုပ် ... တို့ ဝယ်လ်ဒင်မှာ ပန်းကြိုပေးမလား"

ကို သူ ဘာသ ... အရူးထနေတာလဲ"

ကြိုသိနေလို့လား။ ... ဘာအရူးထလို့လဲ၊ တကယ်မေးနေတာပါ၊ ... ရင်ထဲကခံစားချက် ... ခင်မင်ပြီးသားဆိုတော့ ကိုယ်က မင်းကို ... ချက်ရည်စတို့ ရစ်ငင် ... ပါ၊ ကေနဲ့မဆိုင်ဘူး၊ ကူညီမှာလား ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာသဘောလဲ၊ ဘာလုပ်မလို့ ဒါတွေလာ[illegible] ရတာလဲ၊ ကျွန်မဘာသာ ဝင့်လည်လည် မလည်[illegible] ရှင်နဲ့ ဘာဆိုင်လဲ"

"အတိအကျကြီးမဆိုင်ပေမယ့် ဆိုင်တော့ဆိုင်တယ်ထင်[illegible] ပဲ၊ ဘာလို့လဲဆိုတော့ ကေနဲ့ကိုယ်ကို လက်ထပ်ဖို့ သဘော[illegible] တူထားကြတယ်မဟုတ်လား"

ကျိုင်းသည် ပြောထွက်ရက်သော ပုဂ္ဂိုလ်ကြီး[illegible] မမှတ်မသုန် စိုက်ကြည့်နေမိသည်။ ပြီးတော့ ရင်ထဲမှာ နာကျင်[illegible] လာပါသည်။

"အဲဒီတော့ ဘာဖြစ်လဲ၊ ရှင်က ကျွန်မ လုပ်ခဲ့တာတွေ[illegible] ကေ့ကို ဖွင့်ချမယ်ဆိုတဲ့သဘောလား"

"အဲဒီလိုမဟုတ်ပါဘူး၊ မင်းက စေတနာနဲ့ လုပ်ခဲ့တဲ့ကိစ္စ[illegible] တစ်ခုအတွက် ကိုယ်က ဒါကို အသိအမှတ်ပြုပါတယ်၊ ဒါပေမဲ့ ဘယ်သူမပြု မိမိမှုဆိုတော့ မင်း သူတို့ကို ခွဲခဲ့[illegible] တာက ..."





"ကျွန်မ မခွဲဘူး"

ကျိုင်းရဲ့ သွားကြားထဲကထွက်လာသော အေးစက်[illegible]ကော် လေသံကို သူက မျက်ခုံးပင့်ကာ အံ့အားတသင့်ကြည့်လာသည်။

"ကျွန်မ ခွဲလောက်တဲ့ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာမဟုတ်ဘူး။ ပုပ်စပ်စွာ့စိတ်မျိုးနဲ့လည်း ခွဲခဲ့တာမဟုတ်ဘူး၊ ကျွန်မ ဘယ်လောက်ပဲခွဲခွဲ သူတို့မှာသာ ခိုင်မာတဲ့ချစ်ခြင်းတစ်ခု ရှိရင် ဘာအကြောင်းနဲ့မှ ကွဲစရာအကြောင်းမရှိဘူး၊ နှစ်ယောက်စလုံး ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်တည်နေတဲ့ လူတွေပဲ၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချလို့ရတယ် ...

ကျွန်မ လုပ်ခဲ့တဲ့လုပ်ရပ်လေးတွေက မွှားမွှားလေး တွေ၊ သူတို့ ချစ်ခြင်းကို စမ်းသပ်တဲ့အဆင့်လောက်ပဲရှိ တယ်၊ ဒီလောက်မှ သူတို့နှစ်ယောက်ဟာ နားမလည်နိုင် ကြတဲ့သူတွေဆိုရင် ဒီလူနှစ်ယောက် ရှေ့ဆက်လက်တွဲဖို့ ဆိုတာ လုံးဝမဖြစ်နိုင်တော့ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



လက်တွဲလည်း အဆင်ပြေမှာမဟုတ်ဘူး၊ အစတည်းက မခိုင်မြဲတဲ့ချစ်ခြင်းက အိမ်ထောင်ပြုပြီးသွားရင် ပိုဆိုးတော့မှာမို့ ဒီလိုဖြစ်ရတဲ့အတွက် ဒါဟာ ကျွန်မ ပထောမကောင်းဘူးဆိုရင်လည်း ကျွန်မ ကျေနပ်တယ် ...

ကျွန်မ လုပ်ရပ် မမှားဘူး”

ကျိုင်းသည် နောက်ဆုံးစကားကို အတုတ်နိုင်ဆုံး ထိန်းပြောပြီးတဲ့နောက် မုန့်တွေလည်း ဆက်စားချင်စိတ် မရှိတော့သဖြင့် ပိုက်ဆံထုတ်ပေးလိုက်ကာ ချထားသော အထုပ်တွေကို ဆွဲကာ ပြန်ဖို့ပြင်သည်။ သူက ကျိုင်းကို ဘာမှ နားမလည်သော မျက်လုံးများဖြင့် မော့ကြည့်ကာ ...

“ပြန်တော့မလို့လား၊ ကုန်အောင်စားသွားဦးလေ”

“ရှင်ပဲစား”

ကျိုင်းက ဘာမှ မခံစားတတ်သော လူပျိုသိုးကြီးကို စိတ်ကုန်စွာဖြင့် လှည့်ကိုမကြည့်တော့ဘဲ အထုပ်တွေကိုဆွဲကာ ဆိုးဆိုးဆတ်ဆတ် ထွက်လာခဲ့လေသည်။ ဖြစ်နိုင်လျှင်





ကျိုင်း စင်ကာပူကို မြန်မြန်ပြန်ချင်လှပြီဖြစ်သည်။ အစကတော့ ဘုတ်မလိုလိုနှင့် လူကို ထိသလို ရိသလိုပြောတတ်သော စကားတွေကိုလည်း နားမထောင်ချင်တော့။

“ဟိတ် ... နေဦးလေ။ ဇွတ်လျှောက်မနေနဲ့၊ ဟိုတစ်ခါကလို ချော်လဲနေဦးမယ်”

ဘာမှလဲ မဟုတ်ပါဘဲနဲ့ အရင်အတိတ်တွေကို ကောထပြန်ထည့်ပြောနေသော လူကို ကျိုင်းက နောက်တစ်ခါ ချက်ချောင်းမထိုးမိအောင် အတော်ကြီးထိန်းသိမ်းထားရသည်။ သူနဲ့ မျက်လုံးချင်းလည်း မဆုံချင်တော့ချေ။

သူက ကားနားအထိ လိုက်ပါလာကာ ...

“သမီး ဦးတို့ ဝယ်လ်ဒင်မှာ ပန်းကြိုပေးမလား”

“ရှင် ဘာအရူးထနေတာလဲ”

“ဟာ ... ကိုယ် ဘာအရူးထလို့လဲ၊ တကယ်မေးနေတာပါ၊ ကိုယ်နဲ့ မင်းက စင်မင်ပြီးသားဆိုတော့ ကိုယ်က မင်းကို သပ်သပ်ဖိတ်တာပါ၊ ကေနဲ့မဆိုင်ဘူး၊ ကူညီမှာလား ပြော”



www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းက သူ့မျက်လုံးတွေထဲသို့ နောက်ဆုံးအကြိမ် အဖြစ် စူးနင့်စွာ စိုက်ကြည့်မိသည်။ သူက ကျိုင်းကို ကလိမ် သော ရိုချင်နေသော မျက်လုံးများဖြင့် ပမာမခန့်ပြန်ကြည့် ပခုံးနှစ်ဖက်ကိုတောင် ဟန်ပါပါတွန့်ပြလိုက်သေးလေသည်။

အင်း ... ဒီလောက်ဆို ကျိုင်း သဘောပေါက်ပါပြီ ကျိုင်းသည် ဒီတစ်ခါတော့ သူ့မျက်ဝန်းတွေထဲသို့ တည်ငြိမ် ငြိမ်ငြိမ်ပဲ စိုက်ကြည့်ကာ ...

"ကျွန်မ သန်ဘက်ခါ စင်ကာပူကို ပြန်တော့မယ်၊ မင်း မဆောင်ခင် တစ်ပတ်ကြိုပြီး ဖုန်းဆက်လိုက်ပါ၊ ရှင့်အတွ ဆက်ဆက်လာပြီး ပန်းကြိုပေးပါ့မယ်"

ပြောပြီးတာနှင့် ကျိုင်းသည် ချက်ချင်းပဲ လှည့်ထွ ကာ ကားပေါ်ကိုတက်လျက် မောင်းထွက်လာခဲ့သည်။ ကျိုင်း ရင်ထဲတွင် မြတ်နိုးဖို့ကောင်းသော တစ်စုံတစ်ရာကို လက်လွှ ဆုံးရှုံးရတော့မည်ဆိုသော အသိက ရင်ထဲမှာ ဆူးတစ်ချောင်းရှ နေသလို တဆစ်ဆစ်ဖြစ်နေစေသည်။





ဘယ်တော့မှ ပြန်မတွေ့နိုင်သော လူတစ်ယောက်ဖြစ် သွားရင်လည်း ကောင်းသည်။ အခုတော့ ပိုင်ဆိုင်မှုမပါတော့သော ဝတ်သက်မှုက ဆူးတစ်ချောင်းလိုပဲ ပိုပြီးခံစားရခက်စေတော့မည်။ ဒီသင်ခန်းစာထဲက ကျိုင်း ရသွားသောအသိတစ်ခုမှာ ဝေးရင်လည်း လုံးဝဝေး။ ဘယ်တော့မှ မမြင်ရတာက ခံနိုင်ရည်ကို ပိုရှိစေသည် ဆိုတာပဲ ဖြစ်တော့သည်။

❦ ❧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ခါတိုင်းက ကျိုင်း စင်ကာပူပြန်လျှင် နှစ်ယောက်

စုံညီ လိုက်မပို့တတ်သော အော့ကစ်နဲ့ကေသည် ဒီတစ်ခါတော့

နှစ်ယောက်စလုံးက လိုက်ပို့တာနှင့် ကြုံရသည်။ အော့ကစ်ကတော့

ကျိုင်း ပြန်သွားတာကို ဝမ်းနည်းနေသော မျက်နှာထားဖြင့်

တမှုမှု ပြောစရာမဆုံးတော့။

"မကြာ မကြာ ပြန်လာ သမီးရယ်၊ သမီး အလုပ်ကိုလည်း

ဒီမှာပဲ အခြေကျဖို့ ဆုံးဖြတ်တော့။ သမီး မေမေကိုလည်း

ပြောလိုက်၊ ဒီကိုပဲ ပြန်လာနေပါလို့၊ မြေးကြည့်မှ ဒါလေး



ရှိတော့တဲ့ဟာ၊ အားလုံး တကွဲတပြားဆီ ဖြစ်နေကြတာ၊

အော့ကစ် စိတ်မချမ်းသာဘူး ...

ကြားလား သမီး"

"ဟုတ် အော့ကစ်"

ကျိုင်းက အော့ကစ်ကို ခေါင်းညိတ်ပြပြီး ကေ့ကို

လှမ်းကြည့်လိုက်လျှင် ကေကတော့ ထုံးစံအတိုင်း လက်ပိုက်ရပ်နေ

ကာ အေးအေးဆေးဆေး အပြုံးတစ်ခုဖြင့် ခေါင်းတစ်ချက်ဆတ်

ပြသည်။ အင်း ... မလှုပ်တလှုပ် ကေနဲ့ ပေါတောတောပုဂ္ဂိုလ်

ကြီးတို့ စုံဖက်ရင်တော့ ကေလည်း ပျော်ရမယ်ထင်ပါရဲ့။

"ကောရော ဘာမှာဦးမလဲ"

"ကေက အထွေအထူးတော့ မှာစရာမရှိပါဘူး၊ ကျန်းမာရေး

ကို ဂရုစိုက်ပေါ့ ကျိုင်း၊ ပြီးတော့ ..."

ပြီးတော့ဆိုပြီး ကေက စကားကို ဆက်မပြောဘဲ

ကျိုင်းကိုသာ အဓိပ္ပာယ်တစ်မျိုးနှင့် ပြုံးကြည့်နေလျှင် ကျိုင်းသည်

ကိုယ်လုပ်ခဲ့သောကိစ္စတွေကို ကေများ သိသွားခဲ့ပြီလားဟု မလုံ

www.burmeseclassic.com

www.burmeseclassic.com



မလဲဖြစ်သွားရသည်။ အောင်ကစ်ကို ကြည့်လိုက်တော့လည်း အောင်ကစ်မျက်နှာက ပြုံးစိစိဖြစ်နေတာကလွဲလို့ ထူးထူးခြားခြားမရှိပါ။

"ပြီးတော့ ဘာဖြစ်လဲ ကေ"

"ခြေဘ် ... ကေ့ မင်္ဂလာပွဲမှာ ပန်းကြဲဖို့ စောစောပြန်လာခဲ့လို့"

ကျိုင်းသည် ကေ မသိအောင် သက်ပြင်းမောကြီးတစ်ခုကို ကျိတ်ချပြီးတဲ့နောက် မအီမလည်ကြီး ပြန်ပြုံးပြလိုက်ရသည်။ ကေရယ် ... ကေရယ် ... ဟုသာ ရင်ထဲမှာ အော်ဟစ်လျက် အပြင်ဘက်ကတော့ ကေ့ပခုံးလေးကို ဖျစ်ညှစ်ကာ ...

"လာမှာပေါ့ ကေ၊ စိတ်ချပါ"

အောင်ကစ်က နာရီကို တစ်ချက်ကြည့်ကာ လေယာဉ်ထွက်တော့မယ်ဟု လှာသော်လည်း ကျိုင်းသည် အဒေါ်နှစ်ဦးကို ရင်ချင်းအပ်ပွေ့ဖက်နှုတ်ဆက်ပြီးတဲ့နောက် ခန်းမထဲသို့ ငေးငဲကြည့်ရှုလိုက်သေးသည်။ ကျိုင်း ပြန်မှာကို သူ သိသားပဲ။ ဒါနဲ့များတောင် တူမလေးအရာမှာထားလျက် လာတောင်နှုတ်ဆက်မဖော်



ရချေ။ အင်းလေ လုံးဝ မတွေ့မမြင်သွားရတာ ပိုမကောင်းဘူးသား။ ကျိုင်းသည် စိတ်ကို ဒုံးဒုံးချပြီးနောက် ကေနဲ့ အောင်ကစ်ကို လက်ပြကာ ...

"ကေ ... အောင်ကစ် သမီး သွားပြီနော် ... ဘိုင့်ဘိုင်"

"တာ့တာ ... သမီး၊ ဟိုရောက်ရင် ဖုန်းဆက်"

"ဘိုင့်ဘိုင် ... ကျိုင်း၊ ဆီးယူ"

ကျိုင်းက အပြုံးတစ်ခုနဲ့ပဲ အသာအယာ လှည့်ထွက်လိုက်လာခဲ့သည်။ လေယာဉ်ပေါ်သို့ရောက်လျှင် တော်တော်များများက နေရာယူပြီးကြလျက် ကျိုင်းတစ်ယောက်သာ ဟိုဟိုဒီဒီ ငေးငဲလျက် ခုံရှာတုန်း။ ကျိုင်းသည် ကိုယ့်ခုံနံပါတ်ကိုတွေ့လျှင် ထိုင်ခုံမှာ အသာဝင်ထိုင်လိုက်သည်။

သိပ်မကြာခင်ပဲ လေယာဉ်ထွက်တော့မှာမို့ လေယာဉ်မယ်လေးက ထိုင်ခုံခါးပတ် ပတ်ထားကြတော့ဖို့ နှိုးဆော်လျှင် ကျိုင်းက ခရီးသွားလာနေကြသူပီပီ ခါးပတ်ကို အလွယ်တကူပဲ ပတ်၍ပြီးသွားသည်။ ကျိုင်း၏နံဘေးကလူကတော့ လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



မတက်ခင်တည်းက မူးနေဟန်ဖြင့် ချောင်ကို အတင်းတိုးကာ မေးနေသဖြင့် ကျိုင်းက ခရီးသည်အချင်းချင်း လက်တို့ကာ ...

"ဒီမှာ လေယာဉ်တက်တော့မယ်၊ ခါးပတ် ပတ်ထားပါ"

ထိုလူက မေးနေရာမှ မလှုပ်သေးဘဲ အာလေးလျှာလေးသံဖြင့် ...

"လေယာဉ်က တစ်ခါမှ မစီးဖူးဘူး၊ အဲဒါ ခါးပတ်လည်း မပတ်တတ်ဘူး၊ ပတ်ပေးပါလားဟင်"

"ဘာရှင့်"

ကျိုင်းက ခပ်ဆတ်ဆတ်အော်လိုက်လျှင် ခေါင်းစွပ်အနွေးထည်ကို ခေါင်းစွပ်ကာ တစောင်းကွေးနေသောလူက သူ့ခေါင်းစွပ်ကို ဆွဲချွတ်ပြီး မိတ်ဆက်ပြုံးပြုံးလာသည်။ ဒီတော့မှ ကျိုင်းသည် အဲဒီမျက်နှာကို မြင်သောအခါ အလွန်အံ့သြလန့်ဖျပ်သွားရသည်။

သူက ကျိုင်း အံ့သြသွားပုံကို သဘောကျဟန်ဖြင့် ဟဲခနဲ ရယ်ပြကာ လက်ချောင်းလေးတွေကို လှုပ်ခတ်ပြလျက် ...



"ဟိုင်း ... ကျိုင်းစင်မြဝါ"ဟု ရွှတ်နှောက်နှောက်နှုတ်ဆက်လေသည်။ ကျိုင်းသည် မျက်လုံးအပြူးကို ခုထိ မကြွတ်နိုင်သေးဘဲ ...

"ရှင် ဘယ်လို ... ဘယ်လို ဖြစ်ရတာလဲ"

"ဘယ်လိုဖြစ်ရမှာလဲ၊ မင်းကို လိုက်ပို့တာပေါ့ ကောင်မလေးရဲ့"

"ဘယ်လို !... လိုက်ပို့တယ်၊ ဘာလိုက်ပို့တာလဲ၊ လိုက်ပို့တဲ့လူက ဘယ်လိုလုပ် လေယာဉ်ပေါ် ရောက်နေရတာလဲ"

"လေယာဉ်ပေါ်ထိ လိုက်ပို့ချင်လို့ လေယာဉ်ပေါ် ရောက်နေရတာပေါ့၊ ပြီးရင် စင်ကာပူထိ လိုက်ပို့ချင်လို့ စင်ကာပူကို ရောက်ရဦးမယ်"

"ဟာ ... ဘာတွေလဲ၊ ကေတို့ကလည်း ဘာမှမပြောပါဘူး၊ နေပါဦး၊ ရှင်နဲ့ ကျိုင်းက ဘာဆိုင်လို့ စင်ကာပူထိ လိုက်ပို့ရမှာလဲ"

www.burmeseclassic.com



"ဆိုင်တယ် မဆိုင်ဘူးဆိုတာ စိတ်က သတ်မှတ်တာပါ၊ ကိုယ့်ဘက်ကတော့ မင်းနဲ့ ဆိုင်တယ်လို့ သတ်မှတ်ထား တာပဲလေ၊ ဒီလမ်းခရီးကို မင်းတစ်ယောက်တည်း ပြန်သွား ရမှာကို ကိုယ်က ဘယ်လိုမှ စိတ်မချတော့ဘူးလေ"

အင်မတန်ကို ရှန်းစက်နေသည့် အရည်ပျော်မျက် ဝန်းတွေနှင့် ကြည့်ကာ ပြောလာသော စကားသံတွေရဲ့အဆုံးတွင် ကျိုင်းရဲ့ နှလုံးသားတစ်ခုလုံး အေးစက်လန့်ဖျပ်သွားရသည်။ ဒီလူကြီး ကြောင်များသွားပြီလား။

"ရှင် ဘာတွေပြောနေတာလဲ"

"ကိုယ် ပြောနေတဲ့အဓိပ္ပာယ်ကို မင်း နားလည်မှာပါ"

သူက ကျိုင်းရဲ့ မျက်နှာကို ငုံ့ထားတော့မတတ် ငုံ့မိုးကြည့်ကာ ပြောလာလျှင် ကျိုင်းသည် ခြေဖျားလက်ဖျားတွေ အေးစက်လာကာ တစ်သက်လုံးက မမူးခဲ့သော လေယာဉ်စီးရတာ ကို မူးရိပ် မူးရိပ်ဖြစ်လို့လာသည်။ သူက ဒါကို ရိပ်မိသည့်အလား ခပ်တိုးတိုးရယ်နေကာ ...





"မမူးသေးနဲ့ဦး အိပ်မသွားနဲ့ဦးနော်၊ ကိုယ့်ပခုံးပေါ်ကို မှီအိပ်ခွင့်ရဖို့အတွက် ကိုယ့်စကားတချို့ကို နားထော မင်းက တစ်ခွန်းတော့ ပြန်ဖြေသွားရဦးမယ် ... ဒါမှ ..."

သူက ဆက်မပြောတော့ဘဲ ကျိုင်းကို အသည်းယား ချင်စဖွယ် မျက်စိတစ်ဖက်မှိတ်ပြသည်။

BURMESE CLASSIC .com

"ဘာတွေဖြစ်နေတာလဲ၊ သူငယ်နာမစင်သေးတာကို စင် ကာပူမှာ လိုက်ပြမလို့လား"

"မင်းကို စောင့်ရှောက်ဖို့လို့ ပြောပြီးပြီပဲ"

ကျိုင်းက သူ့ကို မျက်စောင်းတစ်ချက်ပိတ်ထိုးကာ ...

"တူမလေးကို စောင့်ရှောက်မယ်ပေါ့"

"နိုး ... နိုး ... တူမလေး မဟုတ်ပါဘူး၊ ဇနီးလောင်းပါ"

သူ့စကားကြောင့် ကျိုင်းသည် တအားကြီးရှက်သွား ရရှင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော် ဘာဆိုင်လို့လဲ၊ ရှင်နဲ့ ကေနဲ့ လက်ထပ်ကြမှာ မဟုတ်ဘူးလား"

"မဟုတ်ရပါဘူးကွာ၊ မင်းရဲ့ကေကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဘူး၊ မင်းကို သက်သက်ကျုပ်ချင်လို့ လျှောက်ပြောတာ၊ အဲဒီနေ့ မင်းတို့အိမ်က ပြန်သွားတည်းက မင်းကို ချစ်တဲ့အကြောင်း လက်ထပ်ချင်တဲ့အကြောင်း ကိုယ့်အမေကို ပြောခဲ့ပြီးသား၊ အမေကလည်း မသစ်ခွကို လက်တို့ကြည့်တော့ အိုကေဆိုတာနဲ့ ဒီလိုကိစ္စတွေ ဖြစ်လာတာ"

"ဒါဖြင့်ရင် ကေ လက်ထပ်မယ်ဆိုတာကရော"

"အဲဒါက တစ်ယောက်ပေါ့၊ သူကလည်း မင်းနဲ့ ကိုယ်နဲ့ ငြိနေမှန်းသိလို့ မင်းကို ကျုပ်လွှတ်တာနေမှာပါ"

ဒီတော့မှ ကျိုင်းသည် အော့ကစ်နဲ့ ကေရဲ့ မချိမဆံ့ နှုတ်ဆက်သော မျက်နှာတွေကို သဘောပေါက်တော့လေသည်။



သူကလည်း ကျိုင်းရဲ့ မျက်နှာရိပ် မျက်နှာကဲကို သဘောပေါက်သွားဟန်ဖြင့် အနားနားသို့ တိုးကပ်ကာ ...

"ကျိုင်း ကိုယ့်ကို ချစ်တယ်လို့ပြောမလား"

"အောင်မယ် ... ကြိုက်တောင်ကြိုက်နေပြီ၊ ရှင်ကြီးက ကျုပ်ကြီးကို ဘယ်တုန်းကများ ရည်းစားစကားပြော အဖြေတောင်းထားဖူးလို့လဲ"

"အဖြေက အခုမှတောင်းပေမယ့် ရည်းစားစကားကတော့ ဟိုးအစောကြီးတည်းက ပြောခဲ့ဖူးပါတယ်"

သူ့စကားကြောင့် ကျိုင်းက မျက်လုံးလည်သွားရကာ ...

"ဘယ်တုန်းကလဲ"

"သေချာပြန်စဉ်းစားပါဦး၊ အသက်လေးငယ်ငယ်နဲ့ မေ့တတ်လိုက်တာ"

ကျိုင်းက သူ့စကားကြောင့် ခေါင်းမွှေ့သွားရတော့ ...

www.burmeseclassic.com



"အမလေး ... ဒီလိုစကားမျိုးက မေ့စရာလား၊ ဘယ်တုန်းကမှ ဘယ်နေရာမှ မပြောခဲ့ဖူးဘူး၊ လုံးဝ မမေ့ခဲ့ဖူးဘူး။ ဟင်း ... သူသာ တစ်ခန်းပျက်"

သူက ချစ်ဖို့ကောင်းသော ကောင်မလေးကို ကြည့်ကာ ရင်ခွင်ထဲ ပွေ့ထားချင်စိတ်တွေကိုပဲ အတော်ပဲ ထိန်းချုပ်ထားရလေသည်။ ကမ္ဘာကြီးမှာ ဒီလိုပွင့်လင်းရိုးသားတဲ့ မိန်းကလေးတွေက ပိုချစ်ဖို့ကောင်းတယ် ပရိသတ်တို့ရေ။ ကျွန်တော်တို့ ယောက်ျားသားတွေဟာ ပဲများတဲ့ မိန်းကလေးတွေထက် ဖော်ရွေပွင့်လင်းတဲ့ မိန်းကလေးတွေကို ရင်ထဲက နှစ်နှစ်ကာကာလေး ပိုသဘောကျရပါတယ်။

"ကိုယ် ပြောပြမယ်၊ မင်း ဆံပင်တုကြီးတပ်ပြီး ဂါဝန်ရှည်ကြီး ဝတ်လာတဲ့ ကိုးရိုးကားယားနေ့မှာ ကိုယ်ဆိုင်ထဲကို မင်းကို ခေါ်လာပြီး စကားတစ်ခွန်းပြောခဲ့တယ် ...

အဲဒါက မင်းအနားမှာ ကိုယ် အမြဲရှိနေပါမယ်လို့"

"အင်းလေ အဲဒါပဲ မဟုတ်လား"



"အဲဒါပဲလေ၊ အဲဒါ ကိုယ့်ရဲ့ ရည်းစားစကားပေါ့"

"ဟင်း ..."

သူမက သူ့ကို နှုတ်ခမ်းမဲ့ကာ နှာခေါင်းရှုံ့ပြလေသည်။

"မဟုတ်ဘူးလား ကျိုင်းရဲ့၊ ချစ်တယ်ဆိုတဲ့ စကားတွေထက် အဲဒီစကားလေးက တကယ်လေးနက်ပြီး တန်ဖိုးရှိတဲ့ စကားလေးပါ ...

ဘာလို့လဲဆိုတော့ အဲဒီအချိန်တုန်းက ကိုယ်က မင်းကို နယုန်မိုးရဲ့ ချစ်သူလို့ပဲ ထင်ထားခဲ့တာ၊ ဒါပေမဲ့ မင်းကို ကိုယ် ချစ်မိသွားတယ်၊ ချစ်မိသွားပေမယ့်လည်း ချစ်သူရှိနေတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်ပါတယ်လို့ ကိုယ် ဘယ်လိုလုပ် ဖွင့်ပြောရမလဲ ...

ဒါကြောင့် အဲဒီထက်လေးနက်တဲ့စကား ချစ်တယ်ဆိုတာထက် အဆင့်မြင့်တဲ့ အဆင့်မြင့်ရည်းစားစကားနဲ့ မင်းကို ချစ်ခွင့်ပန်ခဲ့တာပါ ကောင်မလေးရယ် ...

www.burmeseclassic.com



သူက ရင်ထဲမှဆန္ဒကို မချုပ်တီးနိုင်စွာဖြင့် သူမရဲ့ လက်လေးတစ်ဖက်ကို ဆွဲယူကာ သူ့ရင်ခွင်ထဲ အပ်ထားမိလေသည်။ ဒီအခါမှာ သူမက မရုန်းပါ။ မရုန်းတဲ့အပြင် ချစ်စဖွယ်ကောင်းသော အဖြေပေးခြင်းဖြင့် ပြန်လည်တုံ့ပြန်ခဲ့သည်မှာ —

"ကျွန်မရဲ့လက်ကို တရားဝင်ကိုင်ခွင့်ရဖို့အတွက် ကျွန်မကလည်း ချစ်တယ်လို့ အဖြေပေးလိုက်တယ်"

သူက မြတ်နိုးရသော ချစ်သူကောင်မလေးရဲ့ နဖူးကို နာကျင်အောင်ပဲ တမင်သွားတိုက်ပစ်လိုက်သည်။ သူတို့နှစ်ယောက်ရဲ့အချစ်တွေ အရိုးထဲထိ စွဲမြဲစေချင်လို့ပဲ ဖြစ်ပါသည်။

သုမြတ်နွမ်းမြွန်

December 29th 2007

8:10 (P:M)

www.burmeseclassic.com